ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့ (21-12-2014) (၈၀၆၀)

ဒေသတစ်ခုလုံးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးဖြစ်ထွန်းစေမည့် ပိုးလမ်းကြောင်းစီးပွားရေးရပ်ဝန်းနှင့် ၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမကြီးတစ်နည်းအားဖြင့် တစ်ခုတည်းသောရပ်ဝန်း၊ တစ်ခုတည်းသောလမ်းကြောင်း၏ အဓိကအရေးပါသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်လာမည်ဟု မြန်မာနိုင်ငံက ခိုင်မာစွာယုံကြည်။

# နိုင်ငံများ ပိုမိုနီးကပ်စွာပေါင်းစည်းလာခြင်းသည် ဒေသတွင်းအခွင့်အလမ်းများ ဖြစ်ပေါ်စေမည်မျှော်လင့်

ဗန်ကောက် ဒီဇင်ဘာ ၂၀

**ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မျက်နှာစုံညီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ရှန်ဂရီလာဟိုတယ်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်သည်။**

အစည်းအဝေးသို့ မဟာမဲခေါင်ဒေသခွဲနိုင်ငံမှ ခေါင်းဆောင်များဖြစ်ကြသည့် နိုင်ငံတော်သမ္မတနှင့်အတူ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်၊ အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ Mr.Takehiko Nakao နှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နံနက် ၉ နာရီတွင် မျက်နှာစုံညီအစည်းအဝေးဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ အောင်မြင်မှုများနှင့် အနာဂတ်မျှော်မှန်းချက် ဗီဒီယိုကိုပြသသည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မျက်နှာစုံညီအစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

# မန္တလေးမြို့ခံပြည်သူများ အပန်းဖြေရာနေရာဖြစ်သည့်ကန်တော်ကြီး

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးမြို့တော် စည်ပင်သာယာရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် မြို့နေပြည်သူလူထု စိတ်ချမ်းသာရေးအတွက် အဘက်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ကျယ်ဝန်းသောလမ်းများအဖြစ် တိုးချဲ့ဖောက်လုပ်ပေးခြင်းများအပြင် မြို့နေပြည်သူလူထု အပန်းဖြေအနားယူနိုင်ရန်အတွက် ပန်းခြံများကိုလည်း တည်ဆောက်ပေးခဲ့သည်။ ထိုပန်းခြံများထဲတွင် မြို့ခံပြည်သူလူထု အားထားရသော အပန်းဖြေစရာနေရာတစ်ခုမှာ မန္တလေးကန်တော်ကြီးပင်ဖြစ်သည်။

မန္တလေးကန်တော်ကြီးကို ၁၉၉၇ ခုနှစ်မှစကာ တက်သေးအင်းအမည်မှ စာမျက်နှာ ၇ ကော်လံ ၁ သို့ ✿



ကြေးမုံစာတည်းရှုထောင့် ၂၁-၁၂-၂၀၁၄၊ တနင်္ဂနွေနေ့

# လွတ်လပ်ရေးနှင့် ဗိုလ်ရှုသဘင်

၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ယခင်နှစ်များကကျင်းပခဲ့သည့် လွတ်လပ်ရေးနေ့အခမ်းအနားများနှင့်မတူ ထူးကဲသည့် အခမ်းအနားကြီးအဖြစ် ကျင်းပတော့မည်ဖြစ်သည်။

မျက်မှောက်ကာလ ပြည်သူများအနေဖြင့် လွတ်လပ်ရေးနေ့သို့ ရောက်တိုင်း နိုင်ငံတော်အလံတင်အခမ်းအနားကျင်းပခြင်း၊ သဝဏ်လွှာဖတ်ကြားခြင်း၊ ပျော်ပွဲရွှင်ပွဲများကျင်းပခြင်း စသည်တို့ ကျင်းပလေ့ရှိကြောင်း သိရှိထားကြသည်။ အမှန်တွင် လွတ်လပ်ရေးစတင်ရရှိပြီးနောက် ၁၉၅၀ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ လွတ်လပ်ရေးအောင်ပွဲသဘင် အခမ်းအနားများနှင့်အတူ ဗိုလ်ရှုသဘင်အခမ်းအနားကိုပါ ကျင်းပခဲ့ပါသည်။

ထို့နောက် ၁၉၆၃ ခုနှစ် လွတ်လပ်ရေးနေ့အခမ်းအနားမှစ၍ အကြောင်းအမျိုးမျိုးကြောင့် ဗိုလ်ရှုသဘင်အခမ်းအနားကို ထည့်သွင်းမကျင်းပဖြစ်ခဲ့သည်မှာ နှစ်ပေါင်း ၅၀ ကျော်ခဲ့ပြီဖြစ်သည်။ ယခု ၂၀၁၅ ခုနှစ် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဗိုလ်ရှုသဘင်အခမ်းအနားကို ပြန်လည်ထည့်သွင်းကျင်းပတော့မည်ဖြစ်ရာ မြန်မာနိုင်ငံသားအားလုံး ဝမ်းမြောက်ဝမ်းသာဖြစ်ကြမည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံ၏လွတ်လပ်ရေးနေ့သည် မြန်မာနိုင်ငံသားများအတွက် တန်ဖိုးမဖြတ်နိုင်သောနေ့ဖြစ်သည်။ မင်္ဂလာအပေါင်းခညောင်းသည့် ထိုနေ့ထူးနေ့မြတ်ကို တန်ဖိုးထား ဂုဏ်ပြုလေးစားသောအားဖြင့် နိုင်ငံတော်အလံတင်အခမ်းအနား၊ လွတ်လပ်ရေးအောင်ပွဲအခမ်းအနား၊ လွတ်သဘင်အခမ်းအနားများတွင် နိုင်ငံ့ခေါင်းဆောင်များ ကိုယ်တိုင်တက်ရောက်ချီးမြှင့် အလေးအမြတ်ပြုခဲ့ကြပါသည်။

မြန်မာနိုင်ငံသူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် အမျိုးသားခေါင်းဆောင်များနှင့် ပြည်သူများ၏ အသက်သွေးချွေးရင်းနှီးပြီး ရယူပေးခဲ့မှုများကြောင့် ရရှိလာသော လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲစေရန်နှင့် ပြည်ထောင်စုကြီး တိုးတက်ဖွံ့ဖြိုးစေရန်တို့သည် ပြည်ထောင်စုသားအားလုံး၏ တာဝန်ဖြစ်သည်ကို မမေ့လျော့ကြစေရန်အတွက် သတိပေးနှိုးဆော်သည့်အနေဖြင့် နှစ်စဉ် ထိုနေ့၊ ထိုရက်ရောက်တိုင်း လွတ်လပ်ရေးအောင်ပွဲသဘင်အခမ်းအနားများကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြခြင်းဖြစ်သည်။

ရရှိထားသောလွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည့် ပြည်သူပြည်သား အပေါင်းတို့က လွတ်လပ်ရေးအောင်ပွဲနေ့မြတ်တွင် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာအားကိုယ်စားပြုသည့် နိုင်ငံတော်အလံနှင့် နိုင်ငံတော်အကြီးအကဲအား ချီတက်အလေးပြုကြခြင်းသည် လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြပါမည်ဟု သန္နိဋ္ဌာန်ပြုခြင်းလည်း မည်ပေသည်။

မျက်မှောက်ကာလများတွင်လည်း ထိုနေ့၊ ထိုရက်၊ ထိုအချိန်တွင် ဒေသ၏အထင်ကရနေရာ၊ လွတ်လပ်ရေးကျောက်တိုင်တို့၌ ပြည်သူများစုဝေးကြကာ နိုင်ငံ့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ လွတ်လပ်သောပြည်ထောင်စုကြီးအဓွန့်ရှည်ရေးတို့ကို မမေ့မလျော့ဆောင်ရွက်ကြရန်အတွက် အဓိဋ္ဌာန်ပြုလုပ်လေ့ရှိကြသည်။ မကြာမီကျရောက်တော့မည့် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထိုသို့သော ရည်ရွယ်ချက်များဖြင့် ဆက်လက် ဂုဏ်ပြုအဓိဋ္ဌာန်ပြုကြရာတွင် မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်တွင် လွတ်လပ်ရေးနေ့ အခမ်းအနားနှင့်အတူ ဗိုလ်ရှုသဘင်အခမ်းအနားပါ ထည့်သွင်းကျင်းပတော့မည်ဖြစ်၍ ပြည်သူပြည်သားအားလုံး ဂုဏ်ယူတက်ကြွအားရကြမည်ဟု ထင်မြင်မိပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၅၀ ကျော် တိမ်မြုပ်ပျောက်ကွယ်နေခဲ့သော လွတ်လပ်ရေးအောင်ပွဲနေ့၏ အဓိဋ္ဌာန်ပြုခြင်းအထိမ်းအမှတ် ပြန်လည်ပေါ်ထွက်လာတော့မည်ဖြစ်ပါသည်။ ထိုဗိုလ်ရှုသဘင် အခမ်းအနားကြီးတွင် နိုင်ငံတော်အလံနှင့် နိုင်ငံတော်အကြီးအကဲအား ချီတက်အလေးပြုပြီး ရရှိထားသောလွတ်လပ်ရေးကို နိုင်ငံသားအားလုံးက ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြဖို့ အဓိဋ္ဌာန်ပြုကြပါစို့။ ။

# မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းစည်းဝေး



**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့အကြား မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သည့် ဆွေးနွေးပွဲတစ်ရပ်ကို ယနေ့ နံနက် ၁၁ နာရီက မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန အသံခန်းမ၌ကျင်းပခဲ့သည်။**(ယာပုံ)**

ရှေးဦးစွာ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ရှင်းလင်းဆွေးနွေးရာတွင် မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် ရိုက်ကူးထုတ်လုပ်သည့် ဇာတ်ကားများ အဆင့်အတန်းမြင့်မားပြီး အရည်အသွေး ကောင်းမွန်သည့် ဇာတ်ကားများပေါ်ထွန်းလာရေး၊ ဇာတ်ကားကြည့်ရှုသူ ပရိသတ်များအတွက် အဆိပ်အတောက်မဖြစ်စေရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့်အညီဖြစ်စေရေးအတွက် ဇာတ်ကားအဆင့်အတန်းသတ်မှတ်ရေး စိစစ်အကဲဖြတ်အဖွဲ့အနေဖြင့် တင်ပြလာသည့် ဇာတ်ကားများကို ကြည့်ရှု၍ ထောက်ညွှန်မှုများပြုလုပ်ခဲ့ပါကြောင်း၊ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနက ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် အရည်အသွေးပြည့်မီသော ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ ရိုက်ကူးထုတ်လုပ်နိုင်ရေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကြိုတင်အသိပေးခဲ့ပါကြောင်း၊ ရုပ်ရှင်ဇာတ်ကားရိုက်ကူးရာတွင် အနုပညာ၊ ငွေကြေးနှင့်အချိန်များစွာ ရင်းနှီးမြှုပ်နှံရသဖြင့် နစ်နာမှုမရှိစေရန် ယခုကဲ့သို့ ကြိုတင်အသိပေးရခြင်းဖြစ်ကြောင်းနှင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှစ၍ ဖြေလျှော့ပေးခဲ့သည့် အချက်လေးချက်အား အနုပညာအသိုင်းဝိုင်းမှ စိုးရိမ်နေသကဲ့သို့ ပြန်လည်တင်းကျပ်သွားမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက ဦးစိုးမိုး၊ ဥက္ကဋ္ဌဦးလူမင်း၊ ရုပ်ရှင် သရုပ်ဆောင် ဦးဇင်ဝိုင်းနှင့် ဒါရိုက်တာဝိုင်းတို့က ဆွေးနွေးရာတွင် ဆင်ဆာမူဝါဒများ ဖြေလျှော့ပေးပြီးနောက်ပိုင်းတွင် မြန်မာ့ရုပ်ရှင်လောကသည် တစ်နှစ်ထက်တစ်နှစ် ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ရကြောင်း၊ ယင်းကဲ့သို့ ဖြေလျှော့ပေးခဲ့မှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာ့ရုပ်ရှင်လောက ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိ ဖြေလျှော့ပေးထားသည့် ဆင်ဆာမူနှင့် စည်းကမ်းချက်များအတိုင်း သွားစေလိုကြောင်း၊ ရုပ်ရှင်လောကသားများအနေဖြင့် အနုပညာဖန်တီးမှုကို လွတ်လပ်စွာ ဖန်တီးလိုပါကြောင်း၊ ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက် ပံ့ပိုးကူညီပေးစေလိုကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ရှင်းလင်းဆွေးနွေးရာတွင် ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက တူညီသောရည်မှန်းချက်ဖြင့် ပူးပေါင်းဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ရိုးသားမှု၊ ဖြောင့်မတ်မှန်ကန်မှုကို အခြေခံလိုကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုရှိကြရန်လိုကြောင်း၊ သံသယစိတ်များ မထားကြစေလိုကြောင်း၊ ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်မှုရှိကြရန်လိုကြောင်း၊ တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ နားလည်မှု၊ စိတ်ရှည်သည်းခံမှု၊ ကိုယ်ချင်းစာစိတ်ရှိမှု၊ ပူးပေါင်းဆောင်ရွက်မှုများထားရှိရန်လိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် လောကသားများ၏ အကျိုးစီးပွားအတွက် ဆက်လက်ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်းနှင့် ရုပ်ရှင်ရုံများ တိုးပွားပေါ်ထွန်းလာရေးအတွက်လည်း တစ်ဖက်တစ်လမ်းက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**



ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့



ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအထိမ်းအမှတ် ဓာတ်ပုံပြပွဲနှင့် ညစာစားပွဲတက်ရောက်

**ဗန်ကောက် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒီဇင်ဘာ ၁၉ ရက် ဒေသစံတော်ချိန် ည ၇ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ရှန်ဂရီလာဟိုတယ်သို့ရောက်ရှိရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာက ကြိုဆိုနှုတ်ဆက်ပြီး အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ အကြီးအကဲများနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့နှင့်အတူ အဆိုပါဟိုတယ်၌ ကျင်းပသည့် ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ်ဓာတ်ပုံပြပွဲကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါပြပွဲတွင် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ စီးပွားရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ အကြီးအကဲများ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုထိပ်သီး အစည်းအဝေး ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြရာ ညစာမသုံးဆောင်မီ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ထိုင်းနိုင်ငံဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး နိုင်ငံတော်သမ္မတသည် မဲခေါင်ဒေသခွဲနိုင်ငံများမှ အကြီးအကဲများနှင့်အတူ ညစာသုံးဆောင်ကြသည်။ ညစာသုံးဆောင်နေစဉ်အတွင်း ထိုင်းနိုင်ငံမှ အနုပညာရှင်များက ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**(သတင်းစဉ်)**




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ် ချန်အိုချာက ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)




## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၂၁-၁၂-၂၀၁၄ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၅:၀၀ | ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ် |
| ၅:၄၀ | "သာကီသွေးရှိမှ ဇာနည်သွေးရှိမယ်"တရားတော် (ဆရာတော် ဒေါက်တာအရှင်လက္ခဏထေရ်) |
| ၈:၂၅ | ကလေးတို့ကမ္ဘာ |
| ၉:၁၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၅၆) |
| ၁၁:၀၀ | Star တို့ရဲ့ လက်ရာ |
| ၁၁:၅၅ | Weekly Sports Diary |
| ၁၂:၂၀ | HIV, AIDS ကင်းစင်သောနေ့ရက်သစ်များဆီသို့ . . . . |
| ၂:၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ" (အပိုင်း-၈၈) |
| ၃:၄၀ | Fashion Week [ဒီဇိုင်နာ မြပွင့်ဖြူ (အပိုင်း-၂)] |
| ၄:၀၅ | SAMSUNG ပညာသင်ဆုဉာဏ်စမ်းပြိုင်ပွဲကြီး |
| ၆:၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ" (အပိုင်း-၈၉) |
| ၇:၃၀ | Myanmar's Got Talent (Final) (LIVE) |
| ၁၂:၃၀ | Spain Laliga Elche Vs Malaga (LIVE) |
| ၂:၃၀ | စိတ်၏ကကြိုး |
| ၃:၅၅ | World of Knowledge (Seconds from Disaster: Norway Massacre) |
| ၄:၄၀ | မုံရွာမြို့ရဲ့အထင်ကရနေရာကိုးခု |

# မြန်မာနိုင်ငံရှိ SME များ၏ ဘဏ္ဍာရေးဆိုင်ရာမူဝါဒများအကြောင်း ဆွေးနွေးဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၂၀**



အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(SME) ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ဂျာမနီအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (GIZ) တို့သည် မြန်မာနိုင်ငံရှိ SME များကို အားပေးမြှင့်တင်ရန် ရည်ရွယ်ကာ "Saturday SME Talks" များကို ပူးပေါင်းစီစဉ်ကျင်းပပေးလျက်ရှိသည်။

ဒုတိယအကြိမ် ကျင်းပသည့် မြန်မာနိုင်ငံရှိ SME များ၏ ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများအကြောင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ အသေးစားနှင့်အလတ်စား စက်မှုဖွံ့ဖြိုးတိုးတက်ရေးဌာန၌ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆက်အောင်က SME ဘဏ္ဍာရေးကဏ္ဍ၏ လက်ရှိလုပ်ထုံးလုပ်နည်းများ၊ တွေ့ကြုံနေရသော အခက်အခဲများနှင့် အနာဂတ်အလားအလာများကို ဆွေးနွေးဟောပြောသည်။

ဒုတိယအကြိမ်မြောက် "Saturday SME Talks" ၏ ရည်ရွယ်ချက်မှာ လက်ရှိ SME များနှင့် သက်ဆိုင်သော ဘဏ်လုပ်ငန်း လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်စေရန်၊ SME ဘဏ္ဍာရေးတွင် ကြုံတွေ့နေရသော ပြဿနာရပ်များကို ဆန်းစစ်ရန်နှင့်မြန်မာနိုင်ငံရှိ SME များ၏ ဘဏ္ဍာရေးနှင့်ဘဏ္ဍာရေးမူဝါဒများကို အားပေးမြှင့်တင်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးရန်တို့ဖြစ်သည်။

"Saturday SME Talks" အစီအစဉ်များကို ၂၀၁၄ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ကျင်းပခဲ့သည်။ ပထမဆုံးအကြိမ် ဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် "Promoting Entrepreneurship and Innovative SMEs" ခေါင်းစဉ်ဖြင့် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က ဆွေးနွေးခဲ့သည်။

၂၀၁၂ ခုနှစ်မှ စတင်ကာ GIZ သည် ဂျာမန်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးဝန်ကြီးဌာန(BMZ) ကိုယ်စားမြန်မာနိုင်ငံတွင် စီမံကိန်းများကို စတင်အကောင်အထည်ဖော်ခဲ့သည်။ GIZ ၏လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသော စီမံကိန်းများမှာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး(PSD)၊ ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး (FSD) နှင့် နည်းပညာဆိုင်ရာနှင့် အသက်မွေးဝမ်းကျောင်းပညာရေးသင်တန်းများ (TVET)တို့ဖြစ်ကြသည်။

မြန်မာနိုင်ငံရှိ SME များ ဖွံ့ဖြိုးတိုးတက်ရေးသည် ဂျာမန်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးဝန်ကြီးဌာန(BMZ)၏ အဓိက ဦးတည်ချက်ဖြစ်သည်။ ၂၀၁၂ ခုနှစ်မှ စတင်ကာ GIZ သည် SME ဖွံ့ဖြိုးတိုးတက်ရေးဌာနကို အဓိကထား၍ ပံ့ပိုးကူညီပေးခဲ့သည်။ ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လုပ်သာကိုင်သာရှိသော လုပ်ငန်းပတ်ဝန်းကျင် တိုးတက်ရေးကိုလည်း SME များအတွက် ဖန်တီးပေးလျက်ရှိသည်။ ဂျာမန်ဖွံ့ဖြိုးတိုးတက်ရေးဘဏ်(KFW) သည် SME များ၏ ဘဏ္ဍာရေးကိုပံ့ပိုးပေးရန် ပြင်ဆင်နေကြောင်း သိရသည်။

ယနေ့ ဒုတိယအကြိမ်ဆွေးနွေးဟောပြောပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ရောက်ကြပြီး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အားပေးမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တတိယအကြိမ် "Saturday SME Talks" ဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် မတ်လတွင် ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

**(ဥမ္မာသန့်)**

# ရခိုင်ပြည်နယ်၌ လူ့အခွင့်အရေးဆိုင်ရာ သင်တန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းသည် ဒီဇင်ဘာ ၁၇ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမ ခန်းမ၌ ပြုလုပ်သည့် လူ့အခွင့်အရေးဆိုင်ရာသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြက လူ့အခွင့်အရေးဆိုင်ရာ သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံရုံးမှ ဒုတိယအကြီးအကဲ Mr.Matthew Hedges အားတွေ့ဆုံပြီး ဒုက္ခသည်များဆိုင်ရာ ကိစ္စ၊ ပြည်နယ် Action Plan ကိစ္စ၊ နယ်စပ်ဒေသ လုံခြုံရေးဆိုင်ရာကိစ္စ၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

**(ကြေးမုံ)**

# "သည်အင်တာဗျူး" ရုပ်ရှင်ပြသမှု ဆိုက်ဘာခြိမ်းခြောက်မှုကြောင့် ဆိုနီပယ်ဖျက်

ဝါရှင်တန် ဒီဇင်ဘာ ၂၀

**ဆိုနီရုပ်ရှင်လုပ်ငန်းက မြောက်ကိုရီးယား၏ ဆိုက်ဘာတိုက်ခိုက်မှုခံရပြီးနောက် 'သည်အင်တာဗျူး'ရုပ်ရှင်ကို လာမည့်ခရစ္စမတ်နေ့တွင် ထုတ်လွှင့်ပြသရန်စီစဉ်ထားမှုကို ပယ်ဖျက်ခဲ့ကြောင်း ဆိုနီရုပ်ရှင်လုပ်ငန်းမှ ဒါရိုက်တာကပြောသည်။**

ဆိုနီရုပ်ရှင်လုပ်ငန်းက အဆိုပါရုပ်ရှင်ကို ထုတ်လွှင့်ပြသရန် နည်းလမ်းအမျိုးမျိုး စဉ်းစားနေကြောင်း ၎င်းက ဆက်လက်ပြောသည်။ 'သည်အင်တာဗျူး'ရုပ်ရှင်ကို ထုတ်လွှင့်ပြသရန် ပယ်ဖျက်ခဲ့မှုအပေါ် သမ္မတအိုဘားမားက ဆိုနီရုပ်ရှင်လုပ်ငန်းကို အပြစ်တင်ခဲ့သည်။ ထုတ်လွှင့်ပြသမှုကို မပယ်ဖျက်မီ ဆိုနီရုပ်ရှင်လုပ်ငန်းမှ တာဝန်ရှိသူများအနေဖြင့် ၎င်းနှင့်တွေ့ဆုံဆွေးနွေးသင့်ကြောင်း ပြောကြားခဲ့သည်။

'သည်အင်တာဗျူး'ရုပ်ရှင်သည် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းအား လုပ်ကြံသတ်ဖြတ်သည့် ဇာတ်လမ်းကို စိတ်ကူးယဉ်ဆန်စွာရိုက်ကူးထားခြင်းဖြစ်သည်။

ရုပ်ရှင်ထုတ်လွှင့်မှုကို ပယ်ဖျက်လိုက်ခြင်းသည် ရုပ်ရှင်ရုံပိုင်ရှင်အများစု၏ သဘောထားအပေါ် မူတည်ပြီး ဆုံးဖြတ်ခဲ့ရခြင်းဖြစ်သည်ဟု ဆိုနီရုပ်ရှင်လုပ်ငန်း၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

'ရုပ်ရှင်ရုံတွေက လက်မခံရင် ပြစရာရုံမရှိဘူး။ ခရစ္စမတ်နေ့မှာ ပြဖို့ ရည်ရွယ်ပေမယ့် မဖြစ်နိုင်ခဲ့ဘူး' ဟု ထည့်သွင်းဖော်ပြထားသည်။

ဆိုနီရုပ်ရှင်လုပ်ငန်း၏ ဇာတ်ညွှန်းဆိုင်ရာ အချက်အလက်များ၊ လစာနှုန်းထားများနှင့်ပုဂ္ဂလိက အီးမေးလ်စာပေးစာယူဆိုင်ရာ အချက်အလက်များကို နိုဝင်ဘာလ ဆိုက်ဘာတိုက်ခိုက်မှုတွင် ဖျက်ဆီးခြင်းခံခဲ့ရသည်။

ဟက်ကာများက'သည်အင်တာဗျူး'ရုပ်ရှင်ကိုထုတ်လွှင့်ပြသမည်ဆိုလျှင် ၂၀၀၁ခုနှစ် စက်တင်ဘာလ ၁၁ရက်တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုမျိုးဖြင့် ရင်ဆိုင်ရလိမ့်မည်ဟု ခြိမ်းခြောက်သတိပေးထားကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် အဆိုပါရုပ်ရှင်သည် နိုင်ငံ့ခေါင်းဆောင်၏ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်ကြောင်းပြောသည်။

ရုပ်ရှင်ထုတ်လွှင့်မှုကို ပယ်ဖျက်လိုက်ခြင်းသည် လွတ်လပ်စွာ ဖော်ထုတ်ခွင့်ကို ပိတ်ပင်ရာရောက်ကြောင်း ခြိမ်းခြောက်မှုအပေါ် ဟောလိဝုဒ်တွင် ဝေဖန်မှုများစွာရှိခဲ့သည်။




ရုပ်ရှင်သရုပ်ဆောင် ဂျော့ကလိုနေး က ရုပ်ရှင်ကို အွန်လိုင်းတွင် ထုတ်လွှင့်ပြသသင့်ကြောင်းနှင့် မြောက်ကိုရီးယားအနေဖြင့်လည်း ဟောလိဝုဒ်ကိုခြိမ်းခြောက်မှုများမပြုလုပ်သင့်ကြောင်း ပြောကြားသည်။

**ဘီဘီစီ။**




# အီဘိုလာရောဂါကြားက လိုင်ဘေးရီးယားရွေးကောက်ပွဲကျင်းပ

**မွန်ရိုးဗီးယား ဒီဇင်ဘာ ၂၀**

လိုင်ဘေးရီးယားနိုင်ငံတွင် အီဘိုလာရောဂါကူးစက်မှုနှုန်း ဆက်လက်မြင့်မားလျက်ရှိသော်လည်း အောက်တိုဘာလက ရွှေ့ဆိုင်းခဲ့သည့် ရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၀ ရက်တွင် ပြန်လည်ကျင်းပရာ ပြည်သူများကမဲရုံအသီးသီးသို့ သွားရောက်ကာ ဆန္ဒမဲများပေးခဲ့ကြကြောင်း ဘီဘီစီက ယနေ့ဖော်ပြထားသည်။

ဆီးနိတ်အမတ်နေရာ ၁၅နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်သူဦးရေ ၁၃၉ ဦးရှိကြောင်း လိုင်ဘေးရီးယား အမျိုးသားရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သောကြေညာချက်အရသိရှိရသည်။

ရွေးကောက်ခံရသူများအနက် ဘောလုံးသမားဟောင်း ဂျော့ဝက်ချ်နှင့် လိုင်ဘေးရီးယား သမ္မတ၏သား ရောဘတ်ဆာလိဗ် တို့ပါဝင်ကြောင်းသိရသည်။

အောက်တိုဘာလတွင် အီဘိုလာကူးစက်မြန်ရောဂါဖြစ်ပွားမှုမြင့်တက်ခဲ့သောကြောင့် ရွေးကောက်ပွဲကို ဆက်လက်ကျင်းပရန် ရွှေ့ဆိုင်းခဲ့သည်။

အနောက်အာဖရိကတွင် အီဘိုလာရောဂါကူးစက်ခံရသူ ၁၉၀၀၀ ဦး ရှိကာ ၇၃၀၀ကျော်သေဆုံးခဲ့ပြီး လိုက်ဘေးရီးယားနိုင်ငံတွင် ၃၃၄၀ဦး သေဆုံးခဲ့ကြောင်း သိရသည်။ **ဘီဘီစီ။**

# ဂါဇာဒေသရှိ ဟားမားစ်အဖွဲ့ ပစ်မှတ်အား အစ္စရေးက လေကြောင်းမှ တိုက်ခိုက်

**ဂါဇာ ဒီဇင်ဘာ ၂၀**

ယခုနှစ်ဩဂုတ်လအတွင်းက အစ္စရေးနှင့် ဟားမားစ်အဖွဲ့ကြား အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့ပြီးနောက်ပိုင်းတွင် အစ္စရေးစစ်လေယာဉ်တစ်စင်းက ပထမဆုံးအကြိမ်အဖြစ် ဂါဇာဒေသတွင်းမှ ဟားမားစ်အဖွဲ့၏ ပစ်မှတ်ကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဟားမားစ်အဖွဲ့က အစ္စရေးနိုင်ငံတွင်းသို့ မကြာသေးမီက ဒုံးကျည်ဖြင့်ပစ်ခတ်ခဲ့ခြင်းကို တုံ့ပြန်သည့်အနေဖြင့် ခန်ယူနစ်ဒေသမှ ဟားမားစ်အဖွဲ့၏ အဆောက်အအုံများကို လေကြောင်းမှ တိုက်ခိုက်ခြင်းဖြစ်ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

ဂါဇာဒေသတွင် နေထိုင်သူတစ်ဦးက ပေါက်ကွဲသံနှစ်ကြိမ်ကြားခဲ့ရကြောင်း အေပီသတင်းဌာနသို့ ပြောကြားသည်။

ယခုနှစ်အတွင်း၌ အစ္စရေးနှင့် ဟားမားစ်အဖွဲ့တို့ဖြစ်ပွားခဲ့သော ရက်သတ္တခုနစ်ပတ်အကြာ တိုက်ခိုက်မှုများကိုဩဂုတ်လ အတွင်းက အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုဖြင့် ရပ်ဆိုင်းခဲ့သည်။ ယင်းတိုက်ခိုက်မှုများကြောင့် လူ ၂၂၀၀ ကျော် သေဆုံးခဲ့ရပြီး သေဆုံးသူအများစုမှာ ပါလက်စတိုင်းအရပ်သားများဖြစ်ကြသည်။

ဟားမားစ်အကြမ်းဖက်သမားတို့၏ အခြေခံအဆောက်အအုံများအား အစ္စရေးစစ်လေယာဉ်က ဒီဇင်ဘာ ၂၀ ရက်တွင် ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း အစ္စရေး ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဒီဇင်ဘာ ၁၆ ရက်တွင် အစ္စရေးနိုင်ငံတောင်ပိုင်း အက်ရှ်ကိုလ်မြို့သို့ ဟားမားစ်တို့က ပစ်ခတ်လိုက်သော ဒုံးကျည်ကျရောက်ခဲ့ခြင်းကြောင့် တုံ့ပြန်တိုက်ခိုက်ခြင်းဖြစ်ကြောင်း အစ္စရေးစစ်ဘက်မှ ဒုတိယဗိုလ်မှူးကြီးပီတာလာနာက ပြောကြားသည်။

ဟားမားစ်တို့ ပစ်လွှတ်ခဲ့သော ဒုံးကျည်မှာ ကွင်းပြင်တစ်ခုအတွင်း ကျရောက်ပြီး အပျက်အစီးနှင့် လူသေဆုံးမှုမရှိခဲ့ပေ။ ထို့အတူ ဂါဇာဒေသသို့ အစ္စရေးလေကြောင်းမှ တိုက်ခိုက်ခဲ့ရာတွင်လည်း လူသေဆုံးမှုမရှိကြောင်း ၎င်းဒေသမှ တာဝန်ရှိသူများက ပြောကြားသည်။ **ဘီဘီစီ။**

# ရေနံယိုဖိတ်မှုအတွက် လက်ဘနွန်အား အစ္စရေးက ဒေါ်လာ သန်း ၈၅၀ ပေးရန် ကုလဆုံးဖြတ်

**နယူးယောက် ဒီဇင်ဘာ ၂၀**

၂၀၀၆ ခုနှစ် အစ္စရေးနှင့် ဟစ်ဇ်ဘိုလာစစ်ပွဲကာလအတွင်း ရေနံယိုဖိတ်မှု ကြီးမားစွာဖြစ်ပေါ်ခဲ့ခြင်းအတွက် အစ္စရေးက လက်ဘနွန်နိုင်ငံကို ဒေါ်လာသန်း ၈၅၀ ပေးရန် ဆုံးဖြတ်ချက်အား ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုလိုက်ကြောင်း ဘီဘီစီက ယနေ့ဖော်ပြသည်။

ကုလသမဂ္ဂက အစ္စရေးကို လက်ဘနွန်အား လျော်ကြေးပေးရန် ခိုင်းစေခြင်းဖြစ်ပြီး ယင်းကိန်းဂဏန်းမှာ ပထမဆုံးအကြိမ် ထုတ်ပြန်ခြင်းဖြစ်သည်။



အထွေထွေညီလာခံက ထောက်ခံမဲ ၁၇၀၊ ကန့်ကွက်မဲ ခြောက်မဲဖြင့် တစ်ခဲနက် အတည်ပြုခဲ့သည်။ သို့သော် ၎င်း၏ဆုံးဖြတ်ချက်များသည် တရားဝင် မလိုက်နာမနေရ ဆုံးဖြတ်ချက်များမဟုတ်ပေ။

၎င်းဆုံးဖြတ်ချက်သည် တစ်ဖက်စောင်းနင်းဖြစ်သည်ဟု ကုလသမဂ္ဂဆိုင်ရာ အစ္စရေးနိုင်ငံသံအဖွဲ့က ပြောသည်။

ယင်းစစ်ပွဲအတွင်း အစ္စရေးဂျက်တိုက်လေယာဉ်များသည် လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံကို ဗုံးကြဲခဲ့ရာ ရေနံတန်ချိန် ၁၅၀၀၀ သည် အရှေ့ပိုင်းမြေထဲပင်လယ်အထိ ရောက်သွားခဲ့ပြီး ပင်လယ်ကမ်းခြေတစ်လျှောက် ၇၅ မိုင်မျှ ပျံ့နှံ့သွားခဲ့သည်။

အဆိုပါဖြစ်ရပ်သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုကြီးမားစွာဖြစ်စေသည့် ဘေးအန္တရာယ်ဖြစ်သည်ဟု ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်တွင် ဖော်ပြသည်။ **ဘီဘီစီ။**

## ပြည်တွင်းရေးရာ

# မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းအဝေး(၆/၂၀၁၄) ကျင်းပ

**နေပြည်တော်  ဒီဇင်ဘာ  ၂၀**

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union) အစည်းအဝေး(၆/၂၀၁၄)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံဇမ္ဗူသီရိအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအကြား အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် အရည်အသွေးမြှင့်တင်ကြရန် ဖြစ်ပါကြောင်း၊ လွှတ်တော်လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြစေလိုကြောင်းဖြင့် အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အတွင်းရေးမှူး၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးနန္ဒကျော်စွာက(၅/၂၀၁၄) အစည်းအဝေးဆုံးဖြတ်ချက်များအပါအဝင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဝင် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အဖွဲ့ဝင်များဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် ကိုယ်စားတက်ရောက်လာကြသည့် ဒုတိယဥက္ကဋ္ဌများက တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်အလိုက် ဆောင်ရွက်ချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၁၊ ၂၊ ၅ ပါကိစ္စရပ်များ၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဖွဲ့စည်းပုံ စည်းမျဉ်း(မူကြမ်း)တို့နှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**





**ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေး(၆/၂၀၁၄)တွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# လောက်ကိုင်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ကိုးသိန်းခွဲ ဓာတုပစ္စည်းများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ



**ရှုံကျင်းဝူ၊ ရှုံတာကျီးနှင့် ရှုံတာစေးတို့ သုံးဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးပါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)

**နေပြည်တော်  ဒီဇင်ဘာ  ၂၀**

မူးယစ်တပ်ဖွဲ့စု(၂၁)ကွမ်းလုံမှ တပ်ဖွဲ့ဝင်များနှင့် လောက်ကိုင်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၉ ရက်က လောက်ကိုင်မြို့ အထွက် နားလီစိုက်ပျိုးရေးခြံရုံးရှေ့တွင် ရှာဖွေစဉ် လောက်ကိုင်မှ တာရွှေထန်ဘက်သို့ ယာဉ်မောင်း ရှုံကျင်းဝူ မောင်းနှင်လာသည့်ယာဉ်အမှတ် YGN 5F/--- ခဲရောင် VIGO ယာဉ်နှင့် ရှုံတာကျီး မောင်းနှင်ပြီး ရှုံတာစေး လိုက်ပါလာသည့် နံပါတ်မပါ အပြာရောင် ခြောက်ဘီး တုံဖုန်းယာဉ်နှစ်စီးတို့ကို ရပ်တန့်ရှာဖွေခဲ့ရာ ရှုံကျင်းဝူ မောင်းနှင်လာသည့် VIGO ယာဉ်ပေါ်မှ M-22 သေနတ်တစ်လက်၊ ၎င်းကျည် ၅၆ တောင့်၊ ကျည်အိမ် နှစ်ခု၊ Australia နိုင်ငံလုပ် 9mm ပစ္စတိုသေနတ်တစ်လက်၊ ၎င်းကျည် ၁၀ တောင့်၊ ကျည်အိမ်တစ်ခု၊ ဘိန်းဖြူ ခြောက်ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြားခြောက်ပြားတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ရှုံတာကျီး မောင်းနှင်ပြီး ရှုံတာစေး ဆိုသူတို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ဆက်လက်ရှာဖွေရာ M-22 သေနတ်တစ်လက်၊ ၎င်းကျည်အတောင့် ၆၀၊ ကျည်အိမ် နှစ်ခု၊ SMITH & WESSON (WALTHER) အမျိုးအစားပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်ခြောက်တောင့်၊ ကျည်အိမ်တစ်ခု၊ တရုတ်နိုင်ငံလုပ် လက်ပစ်ဗုံးတစ်လုံး၊ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၅ သိန်း၊ အက်စစ်တစ်အင်ဟိုက်ဒရိုက် ၉၉၇ ဒသမ ၅ လီတာ၊ ဟိုက်ဒရိုကလိုရစ်အက်စစ် ၉၉၀ လီတာ၊ ဆိုဒီယမ်ဟိုက်ဒရောဆိုက် ၂၅ ကီလို၊ ဆိုဒီယမ်ကာဗွန်နိတ် ၅၀ ကီလို၊ ဆိုဒီယမ်မီတယ် ငါးကီလို၊ ဆာလဖျူရစ်အက်စစ် ၂၄၀ လီတာ၊ ပိုတက်ဆီယမ်ကလိုရိုက် တစ်ကီလို၊ အရှည် ၃၅ ပေခန့်ရှိ ကြေးခွေ ကိုးခွေ၊ အဝါရောင်ပိုက်ပျော့ ရှစ်ခွေ၊ အနီရောင်ဂက်စ်မီးဖို ၁၂ လုံး၊ ဖန်ပြွန်ချောင်း ၃၂၇ ချောင်းနှင့် ဖန်ပေါင်းအိုးအလုံး ၁၇၀ တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အဆိုပါယာဉ်နှစ်စီးမှ စုစုပေါင်းလက်နက် လေးလက်၊ ကျည်မျိုးစုံ ၁၃၂ တောင့်၊ ကျည်အိမ်ခြောက်ခု၊ လက်ပစ်ဗုံးတစ်လုံးတို့နှင့် ကာလတန်ဖိုး ငွေကျပ် ၁၅၇၅ ဒသမ ၉၅၉ သန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ သိမ်းဆည်းရမိခဲ့ပြီး တရားခံများဖြစ်သည့် ရှုံကျင်းဝူ(၄၅)နှစ်၊ ရှုံတာကျီး(၁၉)နှစ်နှင့် ရှုံတာစေး (၁၉)နှစ်တို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်းနှင့် သတင်းဆက်လက်ဖော်ထုတ် ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

ချစ်ပိုင်သစ္စာ 562829,09-73198239 569782,09-450006779
ပုဂံ(ဗွယ်တော်လေးဆူ)၊ပုပ္ပါး၊ပခုက္ကူ၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
ကျိုက်ထီးရိုး ချောင်းသာ (နေ့စဉ်)
www.chitpaithitsar.blogspot.com

ရွှေကြေးစည် မှ ကျိုက်ထီးရိုး / ချောင်းသာ(နေ့စဉ်)
▲အလောင်းတော်ကဿပ၊စစ်ကိုင်း၊မုံရွာအနှံ့။ ဆက်၍ မန္တလေး-ပြင်ဦးလွင်အနှံ့
▲ပုဂံ၊ ပုပ္ပါး၊ ဗွယ်တော်လေးဆူ၊ ပခုက္ကူ။ ဆက်၍ မန္တလေး - ပြင်ဦးလွင်အနှံ့
▲တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ်စမ်းဂူ
▲(ကျိုက္ကမီ၊ မော်လမြိုင်၊ ဇက်ဖဲ)(မဲလဲဆံတော်ရှင်၊ ကျိုက်ပိ၊ ကျိုက်ထီးဆောင်း)
▲(ပြည်ဘုရားစုံ၊ အကောက်တောင်)(ဓလွန်) (နေပြည်တော်)
အပတ်စဉ်သော်ကြာ
ဖုန်းဆိုးတန်း:☎01-240860/01-372290 ဒေါ်ပုံ09-49282825 ကမာကြည်09421029191

အေးရိပ်စံ
(အိမ်ခြံမြေအကျိုးဆောင်)
ဒဂုံမြို့သစ်၊ (မြောက်ပိုင်း)၊ (အရှေ့ပိုင်း)၊ (ဆိပ်ကမ်း)ရှိ မြေကွက်များ ဝယ်လိုသည်။
ဖုန်း-၀၉-၄၂၃၇၂၆၉၄၅၊ ၀၉-၄၃၀၈၉၂၀၃

NEW WAY
ကျိုက်ထီးရိုး (နေ့စဉ်) 9000
ချောင်းသာ (နေ့စဉ်) 13000
Discount
09-73238655, 09-252312962

The United Nations Entity for Gender Equality and the Empowerment of Women (UNWOMEN) is seeking applications from qualified candidates for the position of **Programme Assistant SC-5**. The Programme Assistant will support the implementation of UN Women Country Strategy, implementation of country programmes, projects and initiatives, resource mobilization and knowledge building and knowledge sharing. For more information please visit: **http://jobs.undp.org/cj_view_job.cfm?cur_job_id=52357** Closing date: **26 December 2014**
UN WOMEN
United Nations Entity for Gender Equality and the Empowerment of Women

## အသိပေးအကြောင်းကြားခြင်း

မိုးယံရွှေလမင်းနှင့်မြတ်ဆုကုဋေ ထီလုပ်ငန်းတွင် ရောင်းချရန် အပ်နှံထားသည့် နယ်မှ ဝယ်ယူခွင့်ရရှိသော ထီစာအုပ်ပိုင်ရှင်များသည် မိမိတို့နှင့်သက်ဆိုင်သော ထီစာအုပ်များနှင့် ပတ်သက်သည့် ကိစ္စအဝဝအား (၂၄.၁၂.၂၀၁၄)နောက်ဆုံးထား၍ မိုးယံရွှေလမင်းနှင့်မြတ်ဆုကုဋေထီဆိုင် အမှတ်(၄၀၁/၄၁၁)၊ဗိုလ်ချုပ်လမ်း၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့သို့ ဆိုင်ဖွင့်ချိန်အတွင်း လာရောက်ဆက်သွယ်စာရင်းရှင်းပေးကြပါရန်နှင့် (၂၄.၁၂.၂၀၁၄)နေ့ထိစာရင်းရှင်းလင်းခြင်းမရှိသော ထီစာအုပ်များအား ကြော်ငြာထားသော သက်ဆိုင်ရာမြို့နယ်အခွန်ရုံးများသို့ထီစာအုပ်များအပ်နှံသွားမည်ဖြစ်ကြောင်း ရိုသေလေးစားစွာအသိပေးအကြောင်းကြားအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၉ - ၇၃၀၈၇၉၅၀၊၀၉ - ၅၁၂၈၁၆၁၊၀၉ - ၄၀၁၆၀၀၃၉၇



# လပြာသိုကား သဘင်မြင်းခင်း

ဝိဿဇ္ဇက

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်းဟု ဥတုသုံးပါး ပိုင်းခြားထားရှိ၏။ သက်ဆိုင်ရာဥတု၌ အကျုံးဝင်သော ရာသီများဝယ် ကောက်ပဲသီးနှံ၊ ပန်းမာန်သစ်ဝါးတို့သည် သူ့လနှင့်သူ စိုက်ပျိုးဖြစ်ထွန်း၏။ ထို့ကြောင့်ပင် မြန်မာနိုင်ငံသည် သီးပွင့်နေသော ဥယျာဉ်ကြီးနှင့် များစွာတူလှပေ၏။ ထွန်ယက်စိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကထားသော မြန်မာတို့သည် မြန်မာ့ဝေလေ့ပတ်ဝန်းကျင်ရှိ တောတောင်ရေမြေသဘာဝအလှကို အမြဲတစေထိတွေ့နေကြခြင်းကြောင့် ဆယ့်နှစ်လရာသီအကြောင်းကို စကားပြေဖြင့်ဖြစ်စေ၊ ကဗျာလင်္ကာဖြင့်ဖြစ်စေ စာဆိုတို့က ဖွဲ့နွဲ့ကြရာတွင် မည်သည့်ရာသီ၌ မည်သည့်ပန်းပွင့်သည်ဟူသောအချက်ကို အဓိကထား၍ ဖွဲ့နွဲ့လေ့ရှိကြ၏။

ရာသီပန်းနှင့်ယှဉ်၍ စပ်ဆိုကြသော ကဗျာလင်္ကာတို့တွင် ကင်းဝန်မင်းကြီး၏ အောက်ပါဆယ့်နှစ်ရာသီပွင့်ကြသောပန်းတို့၏ လေးဆစ်သဖြန်သည် မှတ်သားဖွယ်ရာကောင်းပါသည်။ ရာသီ၏အမည်ကို ပွင့်သောပန်းနှင့်ယှဉ်၍ စပ်ဆိုထား၏။

"ပန်းကံ့ကော်ရွှေစကား၊ ငွေသားနုစံပယ်မှန်၊ မုလေး၊ ခတ္တာနှင့် ရွှေရင်းမာ၊ ကြာခဝဲဖွဲ့စနှင်းလျှံ၊ သဇင်ကျန်ခွာတန်နှင့်ပေါက်လဲ၊ ပွင့်ဝတ်ကယ်ရွှေဖီမင်း၊ သင်းထုံနံ့ကဲ" ဟူ၍ ဖြစ်သည်။ ဖိုးသူတော်ဦးမင်းက မုလေးပန်း၊ မြတ်လေးပန်းကို ရွှေစာတော်ပြန်မေးလို့ မြတ်လေးတဲ့စမွယ်၊ မေထုန်ရာသီကူးလို့ ပွင့်ဖူးဝတ်မှုန်နဲ့၊ သင်းပျံ့တော့တယ်"ဟူ၍ နယုန်လသဖြန်တွင် နယုန်မှာပွင့်သောပန်းဟု ပြသည်။ ကင်းဝန်မင်းကြီးကဗျာကမူ ဝါဆိုလဟုပြသည်။ ထိုကဲ့သို့ စာဆိုတစ်ဦးနှင့်တစ်ဦး အာဘော်ချင်း မတူသည်တို့လည်းရှိ၏။ အချို့က ဝါဆိုလ၌ သရဖီပန်းဟု ပြဆိုရာ၊ အချို့ကလည်း သရဖီပန်းကို တပေါင်းလ၌ ပွင့်သည်ဟု ဆိုသည်။ အလားတူပင် တော်သလင်းလနှင့် တပေါင်းလနှစ်လအတွက် အင်ကြင်းပန်းဟူ၍ ဖော်ပြသည်လည်းရှိ၏။ ယေဘုယျအားဖြင့် မှတ်သားရန်မှာ-

တန်ခူးလ-ကံ့ကော်ပန်း၊ ရင်ခတ်ပန်း၊ ကဆုန်လ-စံကားပန်း၊ နယုန်လ-စံပယ်ပန်း၊ မုလေးပန်း၊ ဝါဆိုလ-ပုန်းညက်ပန်း၊ ဝါခေါင်လ-ခတ္တာပန်း၊ တော်သလင်းလ-ရင်းမာပန်း၊ သီတင်းကျွတ်လ-ကြာမျိုးပန်း၊ တန်ဆောင်မုန်းလ-ခဝဲပန်း၊ နတ်တော်လ-သဇင်ပန်း၊ ပြာသိုလ-ခွာညိုပန်း၊ တပို့တွဲလ-ပေါက်လဲပန်း၊ တပေါင်းလ-ပိတောက်ပန်း၊ သရဖီပန်း၊ အင်ကြင်းပန်း။ ကဗျာတွင် ဖော်ပြထားသော ပြာသိုလတွင်ပွင့်သည့် ခွာညိုပန်းသည် နှစ်ကြာကြာခံသော နွယ်ပင်မျိုးဖြစ်၍ ယင်းပန်းကို အုတ်နံရံခြံစည်းရိုးစသည်တို့၌ အလှစိုက်ကြသောကြောင့် လူသိများသည်။ ခွာညိုဟုဆိုခြင်းကြောင့် အပြာရောင်ရှိလိမ့်မည်ဖြစ်၏။

ဆယ့်နှစ်ရာသီဆယ့်နှစ်လအကြောင်းကို ဖွဲ့ဆိုသော ထင်ရှားသောစာဆိုတော်များသည် မြန်မာ့စာပေသမိုင်းတွင် အလွန်များပြားလှပါ၏။ ယင်းတို့ကို ဖော်ပြလိုခြင်းမဟုတ်ပါ။

လူသိများ၍ မှတ်သားဖွယ်ကောင်းသော စာဆိုကြီးများ၏အကြောင်းကို ဝေဖန်နိုင်းဆဖော်ပြခြင်းအားဖြင့် ထိုစာဆိုအသီးသီးတို့သည် ဆယ့်နှစ်ရာသီပြည့်အောင် ဖွဲ့ဆိုကြသဖြင့် ထင်ရှားပါ၏။

အချို့စာဆိုတို့ကား မိမိတို့နှစ်သက်ရာ ရာသီတစ်ခုတည်းကို အထူးပြု၍ စပ်ဆိုကြသည်။ ထိုသို့စပ်ဆိုသော ကဗျာအဖွဲ့အနွဲ့များသည်လည်း အလွန်ကျော်ကြားပါ၏။ တပေါင်းလရာသီကို အလေးဂရုပြု၍ စပ်ဆိုသော ရှင်အုန်းညို(သက္ကရာဇ် ၈၁၅-၈၅၅)မှာ ဂါထာခြောက်ဆယ်ပျို့တစ်ခုတည်းဖြင့် အထူးကျော်ကြားသည့် စာဆိုဖြစ်ပါသည်။ ယင်းဂါထာခြောက်ဆယ်ကား ဗုဒ္ဓဝင်နှင့် အပဒါန်ကျမ်းတို့ကို မှီငြမ်းပြု၍ စပ်ဆိုသောပျို့ဖြစ်သည်။ ဗုဒ္ဓဝင်အဋ္ဌကထာ၌ ဂါထာပေါင်း ၆၄ ဂါထာရှိ၍ အပဒါန်အဋ္ဌကထာ၌ ဂါထာပေါင်း ၆၃ ဂါထာရှိသည်။ ယင်းတို့ကိုမှီငြမ်းပြု၍ ဂါထာအရေအတွက် အစုံအလင်ကို ရေးသားစီရင်ထားသော်လည်း အစွန်းထွက်ဂါထာပုဒ်ရေတို့ကို ဖျောက်၍ ဂါထာ ၆၀ ဟူ၍ပင်ခေါ်ကြ၏။

ရှင်အုန်းညိုသည် တောင်တွင်းကြီးမြို့တွင် ပေလေးပင်၊ ရှင်လေးပါးတွင်ပါဝင်သည့် စာဆိုတော်အကျော်အမော်ဖြစ်၏။ ယင်းရှင်လေးပါး၌ပါဝင်သော ရှင်အုန်းညိုသည် ရှင်ဥတ္တမကျော်နှင့် သက်တူရွယ်တူဖြစ်၏။ ရှင်အုန်းညိုသည် ပျို့ကဗျာအမျိုးမျိုးတို့ကို စပ်ဆိုလိမ့်မည်ဟု ခန့်မှန်းရသော်လည်း ဂါထာခြောက်ဆယ်ပျို့ဖြင့် ထင်ရှား၏။ ယင်းပျို့တစ်ခုတည်းနှင့်ပင် မြန်မာ့စာပေသမိုင်းတွင် မှတ်တမ်းတင်ခြင်းခံရခြင်းဖြစ်သည်ဟု ဆရာကြီးမောင်ထင်(ဦးထင်ဖတ်) အဆိုကိုမှတ်သားဖူးသည်။ အလားတူပင် ရှင်ဥတ္တမကျော် (သက္ကရာဇ် ၈၁၅-၉၁၄ ခန့်)သည် "စက်ဆယ့်၊ နှစ်လီဒွါဒသီဝယ်"ချီ တောလားကဗျာရှစ်ပုဒ်နှင့် ဘုရားဆုပန်ကြောင်း ပြဆိုသောရတု တစ်ပုဒ်၊ ပေါင်းကိုးပုဒ်ဖြင့် မြန်မာစာပေသမိုင်းတွင် မှတ်တမ်းဝင်သော စာဆိုဖြစ်သည်။ ရှင်ဥတ္တမကျော်သည် ပိဋကတ်စာပေကျမ်းဂန်တို့ကို ပြုစုခဲ့သည်ဟု ပညာရှင်တို့က ဆိုကြ၏။ ယင်းကဗျာကိုးပုဒ်သည် အထင်ရှားဆုံးပင်ဖြစ်သည်။ တချို့က ရှင်အုန်းညိုကို ပျို့ဟူ၍လည်းကောင်း၊ ရှင်ဥတ္တမကျော်ကို တောလားဟူ၍လည်းကောင်း မှတ်ယူကြ၏။ ယင်းစာဆိုကြီးများ၏ ပျို့ကဗျာနှင့် တောလားတို့သည် တပေါင်းလရာသီ၏ သာယာပုံကို ဖွဲ့ဆိုသောဂါထာများဖြစ်၏။

မြတ်စွာဘုရားသည် ဒေသစာရီကြွချီ၍ တရားဓမ္မတို့ကို ဟောကြားရာတွင် ရာဇဂြိုဟ်ပြည်ကိုသာလျှင် မဏ္ဍိုင်ပြု၍ စံတော်မူကာ ဟောကြားလေ၏။ ဖခမည်းတော် သုဒ္ဓေါဒနမင်းရှိရာ ကပိလဝတ်ပြည်သို့ ကြွချီတော်မူခြင်းမပြုနိုင်သေးချေ။ ဖခမည်းတော်က သားတော်ဘုရားအား မိမိထံသို့ ကြွရောက်ပါရန် တမန်တော်များကို စေလွှတ်၍ အဖန်ဖန် ပင့်လျှောက်ခဲ့လေ၏။ ထိုသို့စေလွှတ်လိုက်သော တမန်တော်တို့ကား မြတ်စွာဘုရား၏ အဆုံးအမ၌တည်၍ ရဟန်းဘောင်သို့ဝင်ကြလေ၏။ ထို့ကြောင့် သုဒ္ဓေါဒနမင်းကြီးက ကာဠုဒါယီအမတ်အား သားတော်မြတ်ဘုရားကို ကပိလဝတ်ပြည်သို့ ကြွတော်မူပါရန် ပင့်လျှောက်ချေဟု အမိန့်တော်ရှိသည်။ ကာဠုဒါယီအမတ်ကြီးသည် သာယာလှသော တပေါင်းလအချိန်အခါတွင် ဖခမည်းတော်ရှိရာသို့ ကြွချီသင့်ပါကြောင်း ဂါထာပေါင်းခြောက်ဆယ်ကျော်ဖြင့် မြတ်ဘုရားရှင်အား ဖွဲ့နွဲ့တင်လျှောက်လေရာ မြတ်စွာဘုရားလည်း ကပိလဝတ်ပြည်သို့ ကြွရောက်တော်မူလေ၏။ ဆယ့်နှစ်လရာသီကိုဖွဲ့ဆိုရာ၌ တောတောင်ရေမြေသဘာဝပြောင်းလဲပုံကိုအခြေခံ၍ ဖွဲ့ဆိုသည်ဖြစ်ရာ များစွာနှစ်သက်ဖွယ်ဖြစ်ခြင်းတို့၏ အကြောင်းတရားဖြစ်ချေ၏။

မင်းကြီးမဟာအတုလဓမ္မိကရာဇာက ပြာသိုလဘွဲ့လွမ်းချင်းတွင် မကာရရာသီ၌ ရွှေရောင်ရှိသော ဖုသျှနက္ခတ်နှင့် စန်းယှဉ်ပုံ၊ လှံပွဲ၊ မြင်းခင်းကျင်းပပုံတို့ကို ပြဆိုထား၏။ သာယာသည့် ပြာသိုလ၏သဘာဝကို "တိမ်ခြေငယ်ရှင်းပါလို့ မြူနှင်းငယ်စိုစို၊ လပြာသိုမှာနွယ်ခွာညိုပြိုင်ပြိုင်နှင့်၊ လှိုင်လှိုင်သင်းတဲ့လကိုလေး"ဟူ၍ စာပန်းချီခြယ်သခဲ့၏။

ပြာသိုလသည် ထက်ကောင်းကင်တွင် မိုးတိမ်ကင်းစင်၏။ စိမ်းမြမြမြက်ခင်းတွင် မြူနှင်းများစိုကာ၊ ခွာညိုတို့သင်းသည့် သာယာသောလရာသီဖြစ်၏။

ထိုလရာသီသည် ပျားဖယောင်းများ စုဆောင်း၍ အရဆုံးသောလဖြစ်၏။

ရှေးခေတ်ပုဂံသားတို့သည် မီးထွန်းရန် ပျားဖယောင်းများကိုသာ အားထားရကြောင်းကို သမိုင်းသုတေသီများက ဆို၏။ ပျားအုံမှထုတ်ယူရသော ပျားဖယောင်းများသည် ပြာသိုလတွင် မြောက်မြားစွာထွက်လေ့ရှိ၏။ ပျားဖယောင်းရှာဖွေရန် အကောင်းဆုံးလ၏ အမည်ကိုအစွဲပြု၍ ပြာသိုလဟု မှတ်ယူရာ၏။

အမရကောသအဘိဓာန်ကျမ်းတွင် မကာရရာသီ၌ ဖုသျှနက္ခတ်နှင့်ယှဉ်သောလပြည့်နေ့ကို "ပေါသျှီ"ဟုလည်းကောင်း၊ ရာဇမတ္တံကျမ်းတွင် ပေါသီပြာသိုလဟုလည်းကောင်း ဖွင့်ဆိုထား၏။ ထိုသို့ဖွင့်ဆိုချက်များအရ ရှေးခေတ် ရာသီဖွဲ့စာဆိုတစ်ဦးက "မာဂဓေလို၊ ပေါသီဆို၊ နဂိုရင်းစကား သတ္တိတလှစ်ပြောသီဖြစ်၊ မြန်ခေတ်ပြာသိုထား" ဟူ၍ သံပေါက်စပ်ဆိုထားခဲ့၏။ တချို့ပညာရှိများက ပရသီတလဟူသော ပါဠိမှ မြန်မာဘာသာပြာသိုလသို့ ပြောင်းလဲလာသည်ဟု မှတ်ယူထားကြ၏။ ပရသီတဆိုသည်မှာ အခြားသောလများထက် ပိုလွန်ချမ်းအေးသောလဆို၏။ ဤသည်မှာ ကျမ်းဂန်တို့၌ တိုက်ရိုက်မရှိသော်လည်း ယုတ္တိရှိ၏။

"ပြာသိုမကာရကြယ်ဖုသျှ၊ ယှဉ်ထတူနှစ်ဖော်" ဆိုသော ကင်းဝန်မင်းကြီး၏သံပေါက်အရ ပြာသိုသည် မကာရရာသီဖြစ်၏။ မကာရဆိုသော ပါဠိစကားသည် ရေသတ္တဝါမကရ်ငါးကို ဆိုလိုခြင်းဖြစ်၏။ ရှေ့သမင်နှင့် နောက်တွင် မကရ်ငါးရုပ်သဏ္ဌာန်ရှိသော ရာသီရုပ်ဖြစ်သည်။ ကောင်းကင်တွင် လမင်းသည် ဖုသျှနက္ခတ်နှင့် ယှဉ်ပြည့်ကာ ဥတ္တရသဠ်နက္ခတ်နှင့် နေမင်းတို့ယှဉ်ကြ၏။ ပုစ္ဆန်တာရာထွန်းပသော လပြာသိုဖြစ်၏။

မြန်မာပြည်ရာသီဥတု၊ မြန်မာတို့၏ တစ်ဆယ့်နှစ်လသည် တစ်လနှင့် တစ်လ မိုးရွာသွန်းပုံမတူညီ ကွဲပြားခြားနား၏။ ကွဲပြားခြားနားသည့်အလျောက် "ပြာသိုအတွင်း၊ မိုးညင်းညင်း၊ ဆီးနှင်းရောယှက်၊ နှမ်းထောင်ဖျက်"ဟူ၍ ရှေးပညာရှိများက သီးနှံစိုက်သူတို့အား သတိပေးခဲ့သည်။

အချမ်းပိုသော လပြာသိုအခါ "ပြာသိုမှာ ဖြာစိုနှင်းရယ်နှင့် ခါအလိုခွာညိုသင်းပါတီ၊ မြင်းခင်းမြတ်တော်သဘင်မှာ ပျော်ရွှင်ကြပြည်လုံး"ဟု ဆရာကြီး ဦးပြုံးချို၏ လေးဆစ်သဖြန်အရ ခွာညိုပန်းနှင့် မြင်းခင်းသဘင်ပွဲတော်တို့ဖြစ်ကြောင်း ပြဆိုထား၏။

မြင်းခင်းသဘင်ပွဲတော်သည် ဘုရင်မင်းမြတ်များ ကိုယ်တိုင် တက်ရောက်ကျင်းပလေ့ရှိသော ပွဲတော်ဖြစ်၏။ နိုင်ငံတော်၏ စွမ်းရည်မြင့်မားမှု၊ စည်းလုံးညီညွတ်မှုစသည်တို့ကိုပြသသော သဘင်မျိုးဖြစ်၏။ နိုင်ငံကာကွယ်ရာတွင် ထိရောက်စွာ ဖော်ထုတ်နိုင်ခဲ့ကြောင်း သမိုင်းသုတေသီတို့က ဆို၏။ အမြော်အမြင်ကြီးလှသော ရှေးမြန်မာတို့၏ စစ်ရေးအဖုံဖုံအတွက် သူရဲကောင်းမျိုးစုံကို မွေးထုတ်သည့် စစ်ရေးပြပွဲဖြစ်၏။ မြင်းခင်းသဘင်တစ်မျိုးတည်းသာ ကျင်းပသည်မဟုတ်။ ဆင်ခန်း၊ လေးခန်း၊ ဓားခုတ်၊ လှံထိုးစသည့်သိုင်းအမျိုးမျိုးတို့ကိုပါ တစ်လလုံး ဆက်တိုက်ကျင်းပသောပွဲဖြစ်၏။ မြင်းကို ပဓာနပြုသောကြောင့် မြင်းခင်းသဘင်ဟုခေါ်ဆိုခြင်းဖြစ်၏။ ဤပွဲတော်သည် ပင်းယတစ်စီးရှင် သီဟသူလက်ထက် သက္ကရာဇ် ၆၇၄ ခုနှစ်ခန့်က စတင်ပေါ်ပေါက်လာသည်ဟု သိရ၏။

"လပြာသိုကား၊ မိန်ညိုချပ်ဝတ်၊ လျှောက်ပတ်ဆောင်ယောင်၊ မျှုးခေါင်မတ်များ၊ မင်းသားမင်းမြေး၊ ဆုံးရေးမတ်လျက်၊ စွယ်ယှက်ချီပင်၊ ချွန်းဖွင့်တိုက်လျှင်၊ ဆင်တပ်ပြင်၍၊ ခြေလျင်ခြေချင်း၊ မြင်းလည်းမြင်းလျောက်၊ ထိုးမြောက်လှံလေး၊ ခုန်ပြေးသံလျင်၊ စိုင်းနှင်ကြွားလွှား၊ ဓားသွားနှုတ်ငင်၊ မွှမ်းမွှမ်းမြင်မျှ၊ သဘင်မြင်းခင်း၊ စစ်အင်ကျင်းသည်" ဟူ၍ လူးတားစာဆိုဦးအောင်ကြီးက အင်းဝမြို့ဘွဲ့တွင် ပြာသိုလမြင်းခင်းသဘင်ကို မှတ်တမ်းပြုခဲ့၏။

မြန်မာနိုင်ငံတွင် ရှေးအစဉ်အလာမပျက်ရှိခဲ့သော ရာသီပွဲများတွင် ပြာသိုလ၌ကျင်းပသော မြင်းခင်းသဘင်ပွဲတော်သည် သူရဲကောင်းမျိုးစုံရွေးပွဲဟု ဆိုနိုင်၏။ ထိုသူရဲကောင်းတို့သည် အမိတိုင်းပြည်ကိုသက်စွန့်ဆံဖျား မိမိတို့၏စွမ်းအားဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် သူရသတ္တိ၊ လက်ရုံးစွမ်းရည်ပြကြသည့် ပွဲတော်ဓလေ့ပင် ဖြစ်ပေသည်။ ။




ဆုပြည့် ကားမျိုးစုံစီးလုံးငှားသည်
ကျိုက်ထီးရိုး(ငြိမ်း)- ၃၅၀၀၀
ချောင်းသာ(ငြိမ်း)- ၄၀၀၀၀
ငွေဆောင်(ငြိမ်း)- ၅၀၀၀၀
အထောင်းအတော်ထသာဝ(သိုးသန့်)- ၄၅၀၀၀ (Dec-26,Jan-2/9)
ခရစ္စမတ် New Year 6+1 Free
0931815390,0931815395

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက်(၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်၊ လချုပ်ကားမျိုးစုံငှားရန်ရှိသည်၊ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ရွှေထူးလွင်
ကျိုက်ထီးရိုး ၁၀၀၀၀ဝိ/- နေ့စဉ်
ချောင်းသာ ၁၅၀၀၀ဝိ/- (နံနက်/
(ဓားတည်းငြိမ်း) ၂၅၀၀၀ဝိ/- ညကား)
တောင်ကြီး/မန္တလေး၊ ပြင်ဦးလွင်၊ ပုဂံ၊ ပုပ္ပါး
Ph : 09450044494, 09450044496, 389920

ကားမျိုးစုံငှားနိုင်ပါသည်။
ခရီးစဉ်မျိုးစုံအတွက် ကားမျိုးစုံနှင့်
လချုပ်များလည်းငှားနိုင်ပါသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
MT & K Tours Ph-663161
09-31065335, 09-975599880

## ပြည်တွင်းရေးရာ




# အသိပေးကြေညာချက်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုသဘင်စစ်ရေးပြအခမ်းအနားအတွက် တပ်ပါ အစအဆုံးလေ့ကျင့်မှု၊ ဝတ်စုံပြည့်လေ့ကျင့်မှုများကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ (၂၄၊ ၂၆၊ ၂၇၊ ၂၉၊ ၃၀) ရက်များနှင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တို့တွင် ပြုလုပ်မည်ဖြစ်ပါ၍ အောက်ပါနေရာ ငါးခု၌ နံနက် ၄ နာရီမှ ၁၀ နာရီထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ပါသည်-

-ရာဇဌာနီလမ်း၊ ရုံးအမှတ်(၂၇)၊ ဘဏ္ဍာရေးဝန်ကြီးဌာနရုံးထိပ်
-ရာဇဌာနီလမ်း၊ ရုံးအမှတ်(၁၈)၊ ထွက်ပေါက်လမ်းဆုံ
ဇေယျဌာနီလမ်း၊ ရုံးအမှတ်(၅)၊ပို့ဆောင်ရေးဝန်ကြီးဌာနရုံးရှေ့
-ဇေယျဌာနီလမ်း၊ ရုံးအမှတ်(၃၈)အနီး
-ရာဇဌာနီလမ်း၊ ကုမုဒြာကြာပန်းအဝိုင်းနှင့်ကြာပန်းအဝိုင်းအကြား

အဆိုပါလမ်းများခေတ္တပိတ်ထားစဉ် ဝန်ကြီးဌာနများမှ ဝန်ထမ်းကြို/ပို့မော်တော်ယာဉ်များနှင့် ပုဂ္ဂလိက ကိုယ်ပိုင်ယာဉ်များ၊ မြို့တွင်းခရီးသည်တင်ယာဉ်များ၊ လုပ်ငန်းသုံးယာဉ်များသည် ရာဇသင်္ဂဟလမ်း၊ ပဏ္ဍိတလမ်း၊ ဇဝနလမ်းများအတိုင်း ပြောင်းလဲအသုံးပြုပေးကြပါရန် အသိပေးကြေညာအပ်ပါသည်။

**လုံခြုံရေးကော်မတီ**

# ရှေးဦးပြုစုအသက်ကယ်နည်းများနှင့် ဘေးအန္တရာယ်လျှော့ချရေး သတင်းအချက်အလက်များ မိုဘိုင်းဖုန်းများတွင် အခမဲ့ရယူနိုင်မည့် First Aid Mobile Application မြန်မာနိုင်ငံကြက်ခြေနီအသင်းမှဖြန့်ဝေ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ အများပြည်သူနေ့စဉ် ကြုံတွေ့နိုင်သည့် မတော်တဆထိခိုက်မှုများတွင် ရှေးဦးပြုစုခြင်းများ လက်တွေ့ဆောင်ရွက်နိုင်စေရန်နှင့် ဆေးရုံမရောက်မီ စိတ်ချနိုင်သည့် အသက်ကယ်နည်းလမ်းများကို အသုံးပြုနိုင်ရန်၊ ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ အသိပညာနှင့် သတင်းအချက်အလက်များကို သိရှိနိုင်စေရန်နှင့် လက်တွေ့လုပ်ဆောင်နိုင်သည့် နည်းလမ်းများကို မိုဘိုင်းဖုန်းအသုံးပြုသူများ အခမဲ့ရယူအသုံးပြုနိုင်မည့် Mobile Application ကို အများပြည်သူ တွင်ကျယ်စွာအသုံးပြုနိုင်ရန်အတွက် မိတ်ဆက်ဖြန့်ဝေခဲ့သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အများပြည်သူနေ့စဉ်ကြုံတွေ့ရနိုင်သည့် မတော်တဆထိခိုက်မှုများကို အများပြည်သူများကိုယ်တိုင် သိရှိဆောင်ရွက်နိုင်ရန် ရှေးဦးပြုစုခြင်းဆိုင်ရာ First Aid Mobile Application နှင့် သဘာဝဘေးအန္တရာယ်များ အပါအဝင် ဘေးအန္တရာယ် အမျိုးမျိုးနှင့် ပတ်သက်၍ မလိုလားအပ်သော အသက်အိုးအိမ်စည်းစိမ်များ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆုံးရှုံးမှု လျော့နည်းစေရန်နှင့် ကြိုတင်ကာကွယ်နိုင်စေရန်အတွက် Multi-Hazard Mobile Application အကြောင်းကို ဒီဇင်ဘာ ၂၀ ရက်က ရန်ကုန်မြို့ Summit Park View ဟိုတယ်၌ သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ အသင်း၏ လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေနှင့် မိုဘိုင်းဖုန်းများတွင် အသုံးပြုနိုင်သည့် သတင်းအချက်အလက်များအပေါ် ဆွေးနွေးခြင်းနှင့် မိတ်ဆက်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။





"ဒီ Mobile Application ကို မြန်မာဘာသာနဲ့ ဆောင်ရွက်ထားတာပါ။ အခြားနိုင်ငံတွေမှာလည်း ဘာသာပြန်ထားပြီးဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့လုပ်ထားတာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်း ရှေးဦးပြုစုခြင်း အပြင် မိခင်နှင့်ကလေးကျန်းမာရေး စတာမျိုးတွေထပ်ထည့်ဖို့ အကြံပြုထားတာရှိပါတယ်။ ရှေးဦးပြုစုခြင်းဆိုင်ရာ Application ရဲ့ ရည်ရွယ်ချက်ကတော့ သာမန်ထိခိုက်ဒဏ်ရာရရှိမှုတွေကို ဘယ်လိုပြုစုပေးရမယ်ဆိုတာနဲ့ အရေးပေါ်အခြေအနေတွေကို ဘယ်လို တုံ့ပြန်ဆောင်ရွက်မယ်ဆိုတာကို အများပြည်သူကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာနိုင်စေဖို့ဖြစ်ပါတယ်။ First Aid Mobile Application ကတော့ အလွယ်တကူပဲ အခမဲ့ရယူ အသုံးပြုနိုင်ပါတယ်။ ခေါင်းစဉ် ၂၁ မျိုးနဲ့ ဗီဒီယိုအတိုလေးတွေ ၁၃ ခု ပါပါတယ်။ Multi-Hazard Application ကိုတော့ အင်တာနက်ဖွင့်ကာ ဂျီပီအက်စ်ဖွင့်ပြီး အသုံးပြုရတာ ဖြစ်ပါတယ်။ ဒီဟာကကျတော့ တချို့နိုင်ငံတွေမှာဆိုရင် Application က အင်တာနက်နဲ့ ဂျီပီအက်စ်ဖွင့် အသုံးပြုနေတဲ့သူရောက်နေတဲ့နေရာကို ဖြည့်ခိုင်းပြီးတော့ မုန်တိုင်းရှိရင် သတိပေးတာတို့ ဆောင်ရွက်တာမျိုးရှိတယ်။ ဒီမှာတော့ အဲဒါမျိုးမရသေးပေမယ့် နောက်ပိုင်းဆောင်ရွက်နိုင်ဖို့ ကြိုးစားနေပါတယ်" ဟု မြန်မာနိုင်ငံ ကြက်ခြေနီအသင်း လူမှုကရုဏာ လုပ်ငန်းဆိုင်ရာ ပြန်ကြားဆက်သွယ်ရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ရွှေစင်မြင့်က ရှင်းပြသည်။

မြန်မာနိုင်ငံ၌ မိုဘိုင်းဖုန်းသုံးစွဲသူများတွင် Andriod ဖုန်းများနှင့် Tablet များအတွက် Mobile Application ကို Google Play Store တွင် mrcs first aid ဟု ရိုက်ထည့်ကာ ရှာဖွေ၍ Install ကို နှိပ်၍ အသုံးပြုနေသောဖုန်းတွင် အခမဲ့ရယူကြည့်ရှု အသုံးပြုနိုင်သည်ဟု သိရသည်။ မြန်မာဘာသာဖြင့် အလွယ်တကူ အသုံးပြုနိုင်ရန် ဆောင်ရွက်ထားခြင်း ဖြစ်သည့်အတွက် မြန်မာစာဖောင့် Zawgyi-one ရှိရန် လိုအပ်မည်ဟုသိရသည်။

First Aid Mobile Application ကို အလွယ်တကူပင် ကြည့်ရှုအသုံးပြုနိုင်ပြီး ရုတ်တရက်ဖြစ်ပေါ်လာသော အပူလောင်ခြင်း၊ အရိုးကျိုးခြင်း၊ သတိလစ်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ ဆို့နင့်ခြင်း၊ ရုတ်တရက် နှလုံးထိခိုက်တိုက်ခိုက်ခံရခြင်း၊ သွေးယိုစီးခြင်း၊ ပန်းနာရင်ကျပ်ဖြစ်ခြင်း၊ ကြွက်သားနာကျင်ခြင်းနှင့် အဆစ်လွဲခြင်း၊ ဆီးချိုရောဂါနှင့်ဆိုင်သော အရေးပေါ်အခြေအနေ၊ အပူရှပ်ခြင်း၊ ဝက်ရူးပြန်ခြင်း၊ လေဖြတ်ခြင်း၊ စိတ်သောကရောက်ခြင်း၊ အအေးလွန်ကဲခြင်း၊ သတိလစ်မေ့မြောခြင်း၊ ယားယံကာ အဖုအပိန့်ထွက်ခြင်း (ဓာတ်မတည့်ခြင်း)၊ ဦးခေါင်းဒဏ်ရာရခြင်း၊ ဦးနှောက်အမြေးရောင်ခြင်း၊ ပိုးမွှားကိုက်ခံရခြင်းနှင့် အတုပ်ခံရခြင်းတို့ အပါအဝင် ရှေးဦးပြုစုခြင်းဆိုင်ရာ လေ့လာသင်ယူနိုင်မှုများ၊ ပြင်ဆင်မှုများ၊ လက်တွေ့ပြုစုခြင်းနှင့် အသိပညာပေး ဉာဏ်စမ်းမေးခွန်းများ ပါဝင်သည်။ Multi-Hazard Application သည် အင်တာနက်ဖွင့်၍ ဂျီပီအက်စ်ဖွင့် အသုံးပြုရခြင်းဖြစ်ပြီး အိမ်တွင်း ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ခြင်း၊ ရေလွှမ်းခြင်း၊ လျှင်လှုပ်ခြင်း၊ ကူးစက်ပျံ့နှံ့ရောဂါများ၊ လေပြင်းမုန်တိုင်းကျရောက်ခြင်း၊ တောမီးလောင်ခြင်း၊ မြေပြိုခြင်း၊ ဆူနာမီဖြစ်ပွားခြင်း အစရှိသည်များကို လေ့လာသင်ယူခြင်း၊ ပြင်ဆင်ခြင်း၊ အရေးပေါ်အခြေအနေနှင့် ဉာဏ်စမ်းမေးခွန်းများကို ကြည့်ရှုအသုံးပြုနိုင်မည်ဖြစ်သည်။ အဆိုပါ Mobile Application များကို မိုဘိုင်းဖုန်းသုံးစွဲသူများ တွင်ကျယ်စွာ အသုံးပြုနိုင်ပါက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီး၏ ရည်ရွယ်ချက်ဖြစ်သော တစ်အိမ်တွင် တစ်ယောက်နှုန်း ရှေးဦးပြုစုနည်း တတ်ထားရမည်ဆိုသော ရည်မှန်းချက်ကို အထောက်အပံ့ပြုရာလည်း ဖြစ်သည်ဟု သိရသည်။ ယင်းသို့ First Aid Mobile Application ဆောင်ရွက်မှုများကို နိုင်ငံပေါင်း ၂၀ တွင် သက်ဆိုင်ရာ ဘာသာအလိုက် ဘာသာပြန်ဆိုဆောင်ရွက်မှုမှာ မြန်မာဘာသာအပါအဝင် ဘာသာစကား ၁၄ ခု ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ သိရသည်။

**(ဝဝ၁)**



**✽ မန္တလေးမှ**

မန္တလေးကန်တော်ကြီးအဖြစ် ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ ကန်တော်ကြီးတွင် ခေတ်မီစားသောက်ဆိုင်များ၊ အနားယူအပန်းဖြေစရာပန်းခြံများ၊ ကလေးကစားကွင်းများနှင့် လှပစွာတည်ရှိနေသည်။ မြေပဒေသာကျွန်းများ သစ်ပင်ပန်းမန်များဖြင့် အစိမ်းရောင်လွှမ်းခြုံနေသော အပန်းဖြေစရာနေရာတစ်ခုဖြစ်လာပြီး ရုံးပိတ်ရက်များ၊ ကျောင်းပိတ်ရက်များနှင့် အခါကြီးရက်ကြီးများတွင် အပန်းဖြေအနားယူသူများဖြင့် စည်ကားသောနေရာတစ်ခုပင်ဖြစ်သည်။

ကောင်းမွန်သောကန်ပတ်လမ်းများမှသည် အနောက်ဘက်ရောဝတီရှုခင်းကိုကြည့်ရှုနိုင်သည့် အခွင့်အရေးများလည်းရှိသည်။ ပြည်ကြီးမွန်ဖောင်တော်၏အလှ၊ ကန်တော်ကြီးရေပြင်၏အလှများကို ရှုစားနိုင်သလိုပင် မြင့်မားလှသည့် ဈေးချိုအနီးမှ အဆောက်အအုံများကို ထင်ရှားစွာမြင်တွေ့နိုင်သော နေရာပင်ဖြစ်သည်။ အထူးသဖြင့် ကလေးငယ်များ ဆော့ကစားနိုင်ရန် စီစဉ်ပေးထားသော ကစားစရာများ၊ အရုပ်များကို လှပစွာသရုပ်ဖော်ပေးထားမှုမှာ စိတ်ဝင်စားဖွယ်ရာပင်ဖြစ်သည်။**(ဝဲပုံ)**

ကန်တော်ကြီးအတွင်း ဝင်လိုက်သည်နှင့် လွတ်လပ်ပေါ့ပါးသော စိတ်ခံစားချက်တို့နှင့်အတူ ကလေးငယ်များ ဆော့ကစားနေသည့် မြင်ကွင်းများကိုတွေ့မြင်နိုင်သည်။ မန္တလေးမြို့ခံများ လွတ်လပ်စွာအပန်းဖြေအနားယူနိုင်ရေးအတွက် ကန်တော်ကြီးသာယာလှပရေးကို ဆက်လက်တိုးချဲ့လုပ်ဆောင်နေကြောင်း သိရသည်။ လက်ရှိကာလတွင် ကလေးငယ်များ ဆော့ကစားနိုင်သောနေရာများတွင် လှပသောအရုပ်များဖြင့် စီခြယ်ထားသလို အစိမ်းရောင်မြို့တော်ဖြစ်ရေး အထောက်အကူပေးသည့် ဆောင်ပုဒ်များကိုပင် ကမ္ဘည်းထိုးကာ စိတ်ဝင်စားဖွယ်ဖြစ်အောင် ဖန်တီးထားသည်။ ကန်တော်ကြီးပန်းခြံအတွင်းတွင် တိရစ္ဆာန်ငယ်တို့၏ ပုံကလေးများကို ဖန်တီးထားပုံမှာ စိတ်ဝင်စားဖွယ်ဖြစ်ပြီး အသက်ဝင်လှသည်။

လှပအသက်ဝင်အောင် ဖန်တီးထားမှုများ၊ စိမ်းစိုလှပခြင်းများ၊ လွတ်လပ်စွာဖြင့် ကန်တော်ကြီးအလှကို ရှုစားနိုင်ခြင်းများသည် မန္တလေးကန်တော်ကြီး၏ ဂုဏ်တစ်ခုအဖြစ် တည်ရှိနေသည်။ ယခုအခါ မန္တလေးကန်တော်ကြီးသည် မြို့ခံမိသားစုများ၊ ခရီးသွားဘုရားဖူး ဧည့်သည်များအတွက် လွတ်လပ်စွာအနားယူအပန်းဖြေစရာနေရာတစ်ခုအဖြစ် လှပစွာတည်ရှိနေကြောင်း သိရသည်။

**(တိမ်တမန်)**

ဥတုရာသီ
တောကိုမှီ၍




ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီးသီးသန့်အစည်းအဝေး တက်ရောက်

**ဗန်ကောက် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီးသီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။ **(ယာပုံ)**



ထိပ်သီး သီးသန့်အစည်းအဝေးသို့ နိုင်ငံတော်သမ္မတနှင့်အတူ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr.Takehiko Nakao နှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိပ်သီးသီးသန့်အစည်းအဝေးတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr.Takehiko Nakao က မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစီမံကိန်းများ၊ ဖွံ့ဖြိုးတိုးတက်မှုများ၊ အောင်မြင်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်က သီးသန့်အစည်းအဝေးတွင် ဆွေးနွေးမည့် ခေါင်းစဉ်နှစ်ခုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ နိုင်ငံအကြီးအကဲများက ဆွေးနွေးကြသည်။

ဆက်လက်၍ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌတို့က ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်ကို အတည်ပြုထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများအား ထိုင်းနိုင်ငံဝန်ကြီးချုပ်က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**




**☆ ရွှေဖုံးမှ**

ထို့နောက် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ နိုင်ငံအကြီးအကဲများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့က မိန့်ခွန်းပြောကြားကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် ပြီးခဲ့သည့် သုံးနှစ်တာကာလ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်း စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပြီး ယင်းဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးတွင် ၂၀၁၂ မှ ၂၀၂၂ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း မဲခေါင်ဒေသခွဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးအတွက် ဂျီအမ်အက်စ် မဟာဗျူဟာမူဘောင် ၂၀၁၂-၂၀၂၂ ကို အဆွေတော်ခေါင်းဆောင်ကြီးများက အတည်ပြုခဲ့ပါကြောင်း။

ဂျီအမ်အက်စ်မဟာဗျူဟာမူဘောင် ၂၀၁၂-၂၀၂၂ ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသဆိုင်ရာရင်းနှီးမြှုပ်နှံမှု မူဘောင်ကို (၁၉) ကြိမ်မြောက် ဂျီအမ်အက်စ်ဝန်ကြီးများအစည်းအဝေးတွင် အတည်ပြုနိုင်ခဲ့သည်ကို သိရှိရပါကြောင်း။

ဂျီအမ်အက်စ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အောက်တွင် အခြေခံအဆောက်အအုံဆိုင်ရာ ဆက်သွယ်ယှက်နွယ်မှု၊ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်၊ သတင်းအချက်အလက်နည်းပညာ၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့ရေး၊ စီးပွားရေးစင်္ကြံဖိုရမ်၊ လယ်ယာစိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစသည့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများတွင်လည်း သိသာထင်ရှားသည့် အောင်မြင်မှုရလဒ်များ ရရှိနေသည်ကို များစွာကျေနပ်အားရမိပါကြောင်း။

ဂျီအမ်အက်စ်အစီအစဉ်ကို ငွေကြေးနှင့် နည်းပညာအကူအညီများ ထောက်ပံ့ပေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းမှုတို့ကို ဆောင်ရွက်ပေးနေသည့် အာရှဖွံ့ဖြိုးရေးဘဏ်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း။

ဂျီအမ်အက်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အောက်တွင် တိုးတက်မှုရလဒ်ကောင်းများ သိသာစွာရရှိနေသော်လည်း ဒေသခွဲအတွင်း ဆက်သွယ်ယှက်နွယ်မှုပိုမိုကောင်းမွန်ရေး၊ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားရေးနှင့် အသိုက်အဝန်းစိတ်ဓာတ်ပိုမိုခိုင်မာရေးတို့ကို တိုးမြှင့်ရရှိရန်မှာ စိန်ခေါ်မှုများရှိနေဆဲဖြစ်ပါကြောင်း။

ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာသော်လည်း ဒေသခွဲအတွင်း လမ်းများအရည်အသွေးမပြည့်မီခြင်း၊ ရထားလမ်းပိုင်းများ ပြတ်တောက်နေခြင်း၊ ပင်လယ်ဆိပ်ကမ်းနှင့် လေဆိပ်အခြေခံအဆောက်အအုံများ လုံလောက်မှုမရှိခြင်း၊ ထောက်ပံ့ရေးစနစ်များ မပြည့်စုံခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှု မလုံလောက်ခြင်း စသည့်အခြေခံအဆောက်အအုံဆိုင်ရာ ကွာဟချက်များရှိနေဆဲဖြစ်ပါကြောင်း။

ဂျီအမ်အက်စ်နိုင်ငံများတွင် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကို အားလုံးအကျိုးဝင်နိုင်အောင် ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးမှု၏ အသီးအပွင့်များကို ပြည်သူများ မျှတစွာရရှိခံစားနိုင်ရန်လည်း အရေးကြီးပါကြောင်း။

စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးနောက်ပိုင်းမှစ၍ မြန်မာနိုင်ငံအနေဖြင့် စနစ်သစ်တစ်ခုကို အရှိန်အဟုန်နှင့် ပြောင်းလဲနေပြီး ဂျီအမ်အက်စ်နိုင်ငံများအကြားနှင့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ ပိုမိုနီးကပ်စွာ ပေါင်းစည်းလာခြင်းတို့သည်လည်း ဒေသတွင်း ကြီးမားသည့် အခွင့်အလမ်းများကို ဖြစ်ပေါ်စေမည်ဟု မျှော်လင့်ပါကြောင်း။

မဟာမဲခေါင်ဒေသခွဲတောင်ပိုင်း စီးပွားရေးစင်္ကြံသည် ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာတို့အကြား အတိုဆုံးကုန်သွယ်မှုစင်္ကြံဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ အလားတူ မဟာမဲခေါင်ဒေသခွဲ အရှေ့အနောက် စီးပွားရေးစင်္ကြံသည်လည်း ယင်းနိုင်ငံများအတွက် အရေးကြီးသည့် စင်္ကြံတစ်ခုဖြစ်လာမည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းကြောင်း နှစ်ခုကို မြန်မာ-ထိုင်းနယ်စပ်(ဘုရားသုံးဆူမှတစ်ဆင့်) မော်လမြိုင်-ထားဝယ်အကြား ၁၇၀ မိုင်ခန့် ရှည်လျားသည့် ကားလမ်းနှင့် ရထားလမ်းတို့ ဆက်စပ်လိုက်မည်ဆိုပါက ယင်းဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို ကြီးမားစွာ အထောက် အကူဖြစ်စေမှာဖြစ်ပါကြောင်း၊ ထို့အပြင် ဒေသတစ်ခုလုံးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးဖြစ်ထွန်းစေမည့် ပိုးလမ်းကြောင်းစီးပွားရေးရပ်ဝန်းနှင့် ၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမကြီး တစ်နည်းအားဖြင့် တစ်ခုတည်းသော ရပ်ဝန်း၊ တစ်ခုတည်းသော လမ်းကြောင်း၏ အဓိကအရေးပါသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်လာမည်ဟု မြန်မာနိုင်ငံက ခိုင်မာစွာယုံကြည်ပါကြောင်း။

ဂျီအမ်အက်စ်အစီအစဉ်သည် အားလုံးပါဝင်ခံစားနိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်ရေးတို့သည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ပဉ္စမအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေး၏ ခေါင်းစဉ်ကို "ဂျီအမ်အက်စ်ဒေသတွင်အားလုံး ပါဝင်ခံစားနိုင်ပြီး ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ဆောင်ရွက်ခြင်း" (Committed to Inclusive and Sustainable Development in the GMS)ဟု ရွေးချယ်သတ်မှတ်ခြင်းသည် အလွန်သင့်မြတ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နံနက် ၁၀ နာရီတွင် မျက်နှာစုံညီအစည်းအဝေးကို ကျင်းပရာ တက်ရောက်လာကြသော ခေါင်းဆောင်များအား Regional Investment Framework (RIF) အကောင်အထည်ဖော်ဆောင်ရွက်သည့်အစီအစဉ်ကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုဖိုရမ်မှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြပြီး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတူ ဆောင်ရွက်သူများက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မဟာမဲခေါင်ဒေသခွဲဆိုင်ရာ စီးပွားရေးဖိုရမ်၏ ထုတ်ပြန်ချက်ကို မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ဥက္ကဋ္ဌ ဦးဝင်းအောင်က ရှင်းလင်းတင်ပြပြီး ဥက္ကဋ္ဌတာဝန်လွှဲပြောင်းခြင်းဆိုင်ရာ အထိမ်းအမှတ်အလံကို ကမ္ဘောဒီးယားနိုင်ငံမှ တာဝန်ရှိသူတစ်ဦးထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် လူငယ်များဆိုင်ရာဖိုရမ်၏ ထုတ်ပြန်ချက်ကို အဆိုပါဖိုရမ်ကိုယ်စားပြု အမျိုးသမီးငယ်တစ်ဦးက ရှင်းလင်းတင်ပြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**(သတင်းစဉ်)**

# မဟာမဲခေါင်ဒေသခွဲနိုင်ငံများ လာမည့်ဆယ်စုနှစ်အတွင်း ဆောင်ရွက်သင့်သည့် အချက်ခုနစ်ချက် အဆိုပြုခဲ့

**ဗန်ကောက် ဒီဇင်ဘာ ၂၀**

ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီးသီးသန့်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ် ချန်အိုချာက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ်က မဟာမဲခေါင်ဒေသခွဲနိုင်ငံများအနေဖြင့် လာမည့်ဆယ်စုနှစ်အတွင်း ဆောင်ရွက်သင့်သည့် အချက်ခုနစ်ချက်ကို အောက်ပါအတိုင်းအဆိုပြုခဲ့သည်-

ယင်းတို့မှာ နယ်စပ်ဒေသ အထူးစီးပွားရေးဇုန် (Special Border Economic Zone -SBEZ) များကို စီးပွားရေးစင်္ကြံလမ်းများတွင် ထူထောင်ရန်၊ ဒေသတွင် ကုန်းလမ်းနှင့်ရေလမ်းဆက်သွယ်မှု အခြေခံအဆောက်အအုံများ တိုးမြှင့်တည်ဆောက်ရန်၊ နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရာတွင် လုပ်ထုံးလုပ်နည်းများ ပိုမိုလွယ်ကူရှင်းလင်းအောင် ဆောင်ရွက်ရန်၊ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကို တိုးမြှင့်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရန်၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သောအရင်းအမြစ်များကို ဖော်ထုတ်စုစည်းအသုံးချရန်နှင့် နိုင်ငံတကာအဖွဲ့အစည်းများကလည်း ပိုမိုကူညီရန်၊ ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်များကို စနစ်တကျ စီမံခန့်ခွဲနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်တို့ဖြစ်သည်။

**(သတင်းစဉ်)**




---

**❂ ကျောဖုံးမှ**

အမျိုးသား လှုပ်ရှားမှုများအဖြစ် ပြည်သူနှင့်အတူ မြန်မာ့ရုပ်ရှင်သည် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ မိမိတို့တတ်ကျွမ်းရာ ရုပ်ရှင်ပညာဖြင့် တစ်ထောင့်တစ်နေရာမှ ပါဝင်ထမ်းဆောင်ခဲ့ကြောင်း မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းက သက်သေညွှန်းဆိုပြနေသည်။

မြန်မာ့ရုပ်ရှင်ဇာတ်ကားများ အဆင့်အတန်းမြင့်မားလာစေရန် မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေးအကဲဖြတ်အဖွဲ့ကို ၁၉၅၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ယင်းနှစ်တွင်ပင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို စတင်ချီးမြှင့်ခဲ့ပြီး ဇာတ်ကားများကို သုံးမျိုးသုံးစား ခွဲကာ အကောင်းဆုံးဇာတ်ကားဆုကို ရွှေကိန္နရီရုပ်၊ ဒုတိယအကောင်းဆုံးဇာတ်ကားဆုကို ငွေဒေါင်းရုပ်နှင့် တတိယအကောင်းဆုံးဇာတ်ကားဆုကို ကြေးခြသေ့ရုပ်များနှင့် သရုပ်ဆောင်များအတွက် ရွှေရင်ထိုးများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအကယ်ဒမီကျင်းပမည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့သည်။

**ဦးအေးကြူလေး**
**(မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ရေးဗဟိုစီမံခန့်ခွဲရေးကော်မတီဝင်)**

၁၉၅၂ ခုနှစ်ကစပြီး အကယ်ဒမီပေးခဲ့ပါတယ်။ မပေးတဲ့နှစ်တွေလည်းရှိတယ်။ ၁၉၅၂ ခုနှစ်က ဇာတ်ကားပထမဆုကို "ချစ်သက်ဝေ"၊ ဒုတိယဆုကို "မယားနှင့်လူပျို"၊ တတိယဆုကို "ချစ်၍ခေါ်ရာ" ဇာတ်ကားများရရှိပြီး အမျိုးသားပညာသည်ဆုကို "မာလာရီ" ဇာတ်ကားမှာ ကျော်ဝင်း၊ အမျိုးသမီးပညာသည်ဆုကို "ချစ်သက်ဝေ" ဇာတ်ကားမှာ ကြည်ကြည်ဌေးက စတင်ရရှိခဲ့ပါတယ်။ ဟိုတုန်းက အကယ်ဒမီဆုက တစ်မျိုးတည်းမဟုတ်ဘူး။ ဇာတ်ကားအတွက်က ရွှေကိန္နရီရုပ်၊ ငွေဒေါင်းရုပ်နဲ့ကြေးခြသေ့ရုပ်သုံးမျိုး၊ သရုပ်ဆောင်အတွက် ရွှေရင်ထိုး၊ အခုခေတ်မှာတော့ အကယ်ဒမီရွှေစင်ရုပ်တစ်မျိုးတည်းပေးတော့တယ်။ ဒီနှစ် ၁၁ ဆုပေးမယ်။ ၁၁ ဆုသတ်မှတ်ပေးမယ့်လည်း အကုန်ရချင်မှရမယ်။ နှစ်တိုင်း ဒီဇင်ဘာလမှာ အကယ်ဒမီပေးပွဲ လုပ်ဖြစ်တာများတယ်။ တစ်ခါတလေ နှစ်နှစ်ပေါင်းပြီး ပေးတာရှိတယ်။ ဒီနှစ်အကယ်ဒမီအတွက် ဆန်ကာတင်ဇာတ်ကား စုစုပေါင်း ၁၅ ကားရှိတယ်။ အဲဒီအထဲက ဇာတ်ကားခြောက်ကား အကယ်ဒမီတန်းဝင်တယ်။ အဲဒီဇာတ်ကားတွေက " စေတန်ရဲ့ကချေသည်"၊ "နင်စေရင်"၊ "အဖြူရောင်ရဲတိုက်"၊ "စုန်းပြူး"၊ "ကိုယ့်အထာနဲ့ကိုယ်"နဲ့ "ကြယ်စင်မော်ကွန်း" ဖြစ်တယ်။ အကယ်ဒမီကိုလည်း ထိုင်းနိုင်ငံက Index Creative Village ကုမ္ပဏီကလုပ်တယ်။ ဒီဇင်ဘာ ၁၇ ရက်က စတင်ဆောက်လုပ်နေပါပြီ။ ခါတိုင်းထက် ထူးခြားတဲ့အမြင်တွေတွေ့ရအောင် ကွန်ပျူတာ Effet တွေ လုပ်ထားတာအများကြီး။ ဒီနှစ်ပရိသတ်မဝင်ရဘူးလို့အစောကြီးထဲက ကြေညာထားတယ်။ ဒီနှစ်အနုပညာသမားတွေ မနှစ်ကထက် ပိုဖိတ်ထားတယ်။ မီဒီယာတွေအတွက်တော့ ပုံစံတွေဖြည့်ပြီး ဝင်ခွင့်ကတ်ထုတ်ပေးမယ်။ ခါတိုင်းနှစ်တွေက ဗန်းကိုင်လို့ခေါ်တယ်။ အခုနှစ်က အကယ်ဒမီ ရွှေကြိုလို့ခေါ်တယ်။ အဲ့ဒီကလေးတွေက ဘာအခွင့်အရေးတွေ ရလဲဆိုရင် ပရိသတ်က သူတို့ကိုစူးစိုက်မှုများလာပြီး ရုပ်ရှင်လောကမှာ နေရာတော်တော်ရလာမယ်။ အောင်မြင်မှုတွေ ရသွားကြတယ်။ ဒီနှစ်ရွှေကြိုကို အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၂၀ ရွေးထားတယ်။ သူတို့ကို အကယ်ဒမီစင်ပေါ်မှာ စုံတွဲငါးတွဲ၊ စင်အောက်မှာ ငါးတွဲထားသွားမယ်။ အဲ့ဒီရွှေကြိုတွေကို အကယ်ဒမီ မို့မို့မြင့်အောင်နဲ့ စင်ကာပူက မော်ဒယ်ပညာရှင်တွေက လေ့ကျင့်သင်ကြားပေးသွားမှာပါ။


ဦးအေးကြူလေး။


ဦးဇော်မင်း။

**ဦးဇော်မင်း(ဟံသာမြေ)**
**မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ရေး အကယ်ဒမီရွှေစင်ဆု ပြင်ဆင်ရေးကော်မတီ**

ကျွန်တော်လုပ်ရမယ့် အလုပ်က အကယ်ဒမီရွှေစင်ရုပ်များ ပြင်ဆင်ထားရှိရေးအလုပ်ပါ။ မနှစ်က အကယ်ဒမီစင်မြင့်ပေါ်မှာ အကယ်ဒမီရွှေစင်ရုပ်တွေကို တင်ထားပါတယ်။ ဒီနှစ် အကယ်ဒမီရွှေစင်ရုပ်တွေကို စင်ပေါ်မှာတင်မထားပါဘူး။ အကယ်ဒမီရွှေစင်ရုပ်တွေမှာ ရွှေကြယ်က ရွှေအလေးချိန် နှစ်ကျပ်သားရှိပါတယ်။ အကယ်ဒမီစင်မြင့်က နေရာပြောင်းလုပ်တဲ့အတွက် မနှစ်ကထက် စင်မြင့်နေရာပိုကျယ်တယ်။ နိုင်ငံခြားပညာရှင်တွေနဲ့ ပူးပေါင်းပြီး ဒီဇင်ဘာ ၁၇ ရက်နေ့ကစပြီး ပြင်ဆင်နေပါတယ်။ ထိုင်ခုံက နှစ်ထောင်ကျော်ခင်းထားပါတယ်။ အပြင်ပရိသတ်တွေ ကြည့်နိုင်အောင် လူများတဲ့နေရာတွေ၊ လမ်းဆုံတွေမှာ LED Board တွေချပြီးပြမယ်လို့ စီစဉ်ထားတာသိရတယ်။

ယခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို အကယ်ဒမီတန်းဝင် ဇာတ်ကားခြောက်ကားထဲမှ ဇာတ်ကားဆု၊ ဒါရိုက်တာဆု၊ အမျိုးသားဇာတ်ဆောင်ဆု၊ အမျိုးသမီးဇာတ်ဆောင်ဆု၊ အမျိုးသားဇာတ်ပို့ဆု၊ အမျိုးသမီးဇာတ်ပို့ဆု၊ ရုပ်ရှင်ဓာတ်ပုံဆု၊ ရုပ်ရှင်တည်းဖြတ်ဆု၊ ရုပ်ရှင်ဇာတ်ညွှန်းဆု၊ ရုပ်ရှင်တေးဂီတဆုနှင့် ရုပ်ရှင်အသံဆုတို့ကို မည်သူတွေက မည်သည့် ရုပ်ရှင်ဇာတ်ကားမှာ အကယ်ဒမီဆုရရှိကြမည်ဆိုသည်ကို ရုပ်ရှင်ချစ်ပရိသတ်များက ရင်ခုန်စွာဖြင့် မျှော်လင့်နေကြပြီဖြစ်သည်။


၁၉၅၂ ခုနှစ်က အကောင်းဆုံးဇာတ်ကား ပထမဆုရ ရွှေကိန္နရီရုပ်အား တွေ့ရစဉ်။


၁၉၅၂ ခုနှစ်က အကောင်းဆုံးဇာတ်ကား ဒုတိယဆုရ ငွေဒေါင်းရုပ်အား တွေ့ရစဉ်။


၁၉၅၂ ခုနှစ်က အကောင်းဆုံးဇာတ်ကား တတိယဆုရ ကြေးခြသေ့ရုပ်အား တွေ့ရစဉ်။


၁၉၅၂ ခုနှစ်က အမျိုးသားနှင့် အမျိုးသမီး သရုပ်ဆောင်များအား ချီးမြှင့်သော ရွှေရင်ထိုးတံဆိပ်အား တွေ့ရစဉ်။

---

**● (၂၈)ကြိမ်မြောက်မှ**

မွေလက်ဝှေ့၊ နပန်း၊ ကရာတေးဒို အားကစားနည်းတို့ ပါဝင်လာခြင်းမရှိဘဲ ပန်ကြပ်ဆီလတ်အားကစားနည်း၌လည်း ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ပေ။

မြန်မာအားကစားအဖွဲ့အနေဖြင့် ဆီးဂိမ်းပြိုင်ပွဲ၌ ယှဉ်ပြိုင်ရန်စီစဉ်ထားသည့် အားကစားနည်းများထဲတွင် ပြိုင်ပွဲမဝင်တာကြာပြီဖြစ်သည့် အားကစားနည်းများ၊ အားကစားနည်းအသစ်များလည်း ပါဝင်နေသည်။ ဘိုးလင်း၊ ဓားရေး၊ ကွမ်းဘား၊ Squashi နှင့် Trithlon အားကစားနည်းများတွင် ယှဉ်ပြိုင်ရန် စီစဉ်ထားရာ ပြိုင်ပွဲမတိုင်မီ လုံလောက်သည့် နိုင်ငံတကာအတွေ့အကြုံများရရှိရန် လိုအပ်နေသည်။ ဆီးဂိမ်းပြိုင်ပွဲတွင် အထောက်အကူပြုရန်အတွက် အမျိုးသားအားကစားပွဲတော်ကို ဇန်နဝါရီ ၈ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အားကစားနည်း ၂၇ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ယင်းအားကစားနည်းများထဲတွင် ဆီးဂိမ်းပြိုင်ပွဲ၌ ယှဉ်ပြိုင်ရန်လျာထားသည့် အားကစားနည်းအချို့ပါဝင်မည်မဟုတ်ပေ။ အားကစားသမားအရေအတွက် ဆယ်ဂဏန်းမျှသာရှိသော မြားပစ်အားကစားနည်းမှာ အမျိုးသားအားကစားပွဲတော်တွင် ပါဝင်မည်မဟုတ်သလို ထည့်သွင်းကျင်းပနိုင်ခြင်းမရှိသော အားကစားနည်းများကို လေ့ကျင့်ပြင်ဆင်ခွင့်ရရှိရန် ပြိုင်ပွဲများကစားခွင့်ရရှိရန် စီစဉ်ပေးသင့်သည်။ သို့မှသာ ဆီးဂိမ်းပြိုင်ပွဲတွင် ကြောက်ရွံ့စိတ်မရှိဘဲ နိုင်ငံ့အတွက် ယုံကြည်စိတ်အပြည့်ဖြင့်ပြိုင်ပွဲဝင်နိုင်မည်ဖြစ်သည်။

အိမ်ရှင်စင်ကာပူနိုင်ငံသည် ၎င်းတို့ဆုတံဆိပ်ရရှိနိုင်သည့် အားသာသည့် အားကစားနည်း၊ ပြိုင်ပွဲအမျိုးအစားများကိုသာ ထည့်သွင်းကျင်းပမည်ဖြစ်ရာ မြန်မာအားကစားအဖွဲ့များအနေဖြင့် အောင်မြင်မှုများရရှိရန် ခက်ခက်ခဲခဲကြိုးပမ်းရဖွယ်ရှိနေသည်။ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်များစွာရယူပေးခဲ့သည့် အားကစားနည်း အများစုပါဝင်လာခြင်းမရှိသောကြောင့် မြန်မာအားကစားအဖွဲ့အနေဖြင့် အားနည်းချက်များရှိနိုင်ပြီး အသစ်ယှဉ်ပြိုင်မည့် အားကစားနည်းများ၊ ပြိုင်ပွဲနှင့်အဆက်ပြတ်နေသည့် အားကစားနည်းများကိုလည်း ပြိုင်ပွဲဝင်နိုင်သည့် အနေအထားရောက်အောင် ပြုလုပ်ပေးသင့်ပေသည်။ လေ့ကျင့်မှုများဆက်တိုက်ပြုလုပ်ပြီး ပြိုင်ပွဲအတွေ့အကြုံမရှိလျှင် ပြိုင်ပွဲကျမှ အခက်တွေ့နိုင်ပေသည်။

(၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲစတင်ရန် ငါးလကျော်သာလိုတော့ပေသည်။ အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက်ပြိုင်ပွဲတွင် အောင်မြင်မှုများစွာ ရရှိခဲ့သည်။ မြန်မာအားကစားအဖွဲ့အနေဖြင့် ထိုက်သင့်သည့် အောင်မြင်မှုများ ရယူနိုင်ရန် ယခုထက်ပိုမိုပြင်ဆင်လေ့ကျင့်ကာ ပြိုင်ပွဲများဆက်တိုက်ယှဉ်ပြိုင်ပြီး အတွေ့အကြုံကောင်းများ ရှာဖွေသင့်ပါကြောင်း။

**(ရှိုင်းထက်ဇော်)**

---

**✳ ရန်ကုန်မြို့မှ**

ဟိုဘက် တံတားဟောင်းကလည်း ယာဉ်သွားဖို့သက်သက်အတွက်ဆိုရင် ဖျက်ဖို့မလိုပါဘူး၊ အကယ်၍ အဲ့ဒီလမ်းကြောင်းပေါ်မှာ လျှပ်စစ်ရထားပြေးဆွဲမယ်ဆိုရင်တော့ ပြန်ဖျက်ရလိမ့်မယ်လေ၊ ဖျက်ပြီးတံတားအသစ်လိုကင်းလွတ်တဲ့ အမြင့်ပေရအောင် ပြန်လုပ်ရပါလိမ့်မယ်၊ လျှပ်စစ်ရထားက အခုစပြီးတော့ ပဏာမတိုင်းတာမှု၊ တွက်ချက်မှုတွေလုပ်နေပါပြီ၊ အဲ့တော့ ဒီလမ်းကြောင်းပေါ်မှာလုပ်တာထက် ကမ်းနားလမ်းပိုင်းမှ စတင်လုပ်ဖြစ်မှာပါ၊ ဒီဇင်ဘာပထမအပတ်ကပြေးဆွဲပေးလိုက်တဲ့ RBE ရထားနှစ်စင်းနေရာမှာ လျှပ်စစ်ရထားတွေစပြီးဝင်လာပါလိမ့်မယ်" ဟု ပြောကြားခဲ့သည်။

ရန်ကုန်မြို့ ကမ်းနားလမ်းပိုင်းတွင်လည်း အနှောင့်အယှက်ဖြစ်စေနိုင်သည့် တံတားများမရှိကြောင်း၊ အဆိုပါနေရာ၌ လျှပ်စစ်အပိုင်းအား စတင်ဆောင်ရွက်နေပြီး လျှပ်စစ်ရထားပြေးဆွဲခြင်း အစီအစဉ်အား တဖြည်းဖြည်း လုပ်ငန်းချဲ့ထွင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ စုံစမ်းသိရသည်။

# နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ချန်ပီယံများ ယှဉ်ပြိုင်ထိုးသတ်မည်


**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် နိုင်ငံတကာမြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် မျိုးဆက်သစ်ပွဲ သုံးပွဲပါဝင်မည်ဖြစ်ပြီး လေးချိုပွဲ နှစ်ပွဲနှင့် ငါးချိုပွဲ တစ်ပွဲတို့ ပါဝင်ထိုးသတ်မည်ဖြစ်ကာ ငါးချိုအထူးစိန်ခေါ်ပွဲများတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး ရွှေတံဆိပ်ဆုရှင် စောလှကြည်ထူး(တောင်ကလေး)နှင့် နီဝီဆိုရမ်(ထိုင်း)၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ရွှေတံဆိပ်ဆုရှင် ဉာဏ်လင်းအောင်(မိဂသီ)နှင့် ကို့စ်မန်(ထိုင်း)၊ ၂၀၁၃ ဒဂုန်ရွှေအောင်လံ ရွှေဆုရှင် ရဲမြတ်အောင်(အဖြူရောင်သွေးသစ်)နှင့် ၂၀၁၃ ကမ္ဘာ့လက်ဝှေ့ ချန်ပီယံ ဝပ်သီပေါင်(ထိုင်း)၊ ၂၀၁၃ ဒဂုန်ရွှေအောင်လံ ငွေဆုရှင်သပြေညို (မိဂသီ)နှင့် ကမ္ဘာ့မွေထိုင်းချန်ပီယံ ဒူးလက်(ရုရှား) ၂၀၁၂ အာရှရွှေဆုရှင်နှင့် ၂၀၁၃ ဆီးဂိမ်းရွှေတံဆိပ်ဆုရှင် တူးတူး(နဂါးမာန်)၊ အမေရိကန်လက်ဝှေ့ချန်ပီယံအက်ဝပ်(အမေရိကန်)တို့က ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး ရုံဝင်ကြေး အထူးတန်း ကျပ် ၃၀၀၀၀၊ ကျပ် ၂၀၀၀၀၊ ကျပ် ၁၅၀၀၀ နှင့် ကျပ် ၈၀၀၀ အသီးသီး သတ်မှတ်ထား၍ ကြိုတင်လက်မှတ်များကို ဇော်ပစ်တိုင်းတောင်ဗွီဒီယို ထုတ်လုပ်ရေးအမှတ် (၁၈၀)မြေညီထပ် (၃၅)လမ်း (အလယ်) ဖုန်း ၀၁-၂၄၉၁၁၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။



တူးတူး (နဂါးမာန်)



အက်ဝပ်(အမေရိကန်)

သတင်း - အောင်ကျော်ဦး
ဓာတ်ပုံ - ခင်မောင်ဝင်း



# ကန့်ဘလူ၌ ရှေးဟောင်းစေတီတော်အား ပြုပြင်ဆင်းတုတော်နှင့် ဓာတ်တော်များတွေ့ရှိ

**ကန့်ဘလူ ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ညောင်ပင်ရွာမကျေးရွာတွင် ရှေးဟောင်းစေတီတော်သုံးဆူသည် သစ်ပင်ငယ်များပေါက်လျက်ရှိရာ ဒီဇင်ဘာ ၁၆ ရက်က ဆရာတော်အရှင်ပညာဒီပနှင့် ဒေသခံပြည်သူများက ပြုပြင်ထိန်းသိမ်းရန် အလယ်စေတီတော်ကို စတင်ရှင်းလင်းကြရာ အဆိုပါစေတီတော်မှ ဗုဒ္ဓရုပ်ပွားတော် ကျောက်ဆင်းတုအရွယ်စုံ ၁၈ ဆူ၊ ကြေးဆင်းတုရုပ်ပွားတော် အရွယ်စုံ ၁၄ ဆူ၊ ကြေးလောကနတ်ရုပ်အသေး ၁၄ ခု၊ ကြေးဆင်ရုပ်အသေး တစ်ခု၊ ကြေးကျောင်းဆောင်ပြာသာဒ်အသေးတစ်ခု၊ ဓာတ်တော်များ ထည့်ထားသော ပုလင်းအသေးကြုတ်တစ်ခုနှင့် ကြေးဆွမ်းအုပ်တစ်ခုတို့ကို တူးဖော်တွေ့ရှိကြောင်း သိရသည်။

အဆိုပါ စေတီသုံးဆူသည် ညောင်ပင်ရွာမကျေးရွာနှင့် ဥယျာဉ်ကျောင်းတိုက်ကြားတွင်ရှိပြီး ထိန်တော-အင်းလယ်ကြီးကျေးရွာချင်းဆက်လမ်း၏ မြောက်ဘက်တွင် တောင်မြောက်တန်းလျက်တည်ရှိသည်။ ဆင်းတုတော်များကို ၎င်းစေတီတော်ရင်ပြင် ဓမ္မာရုံ၌ လူအများလာရောက်ဖူးမြော်ကြည်ညိုကြရန် ထားရှိကြောင်း သိရသည်။**(အပေါ်ပုံ)** **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မန္တလေး ဂေါဝိန်ဆိပ်အနီး ရေပေါ်ဟိုတယ်ဖွင့်

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးမြို့ ကမ်းနားလမ်း ဂေါဝိန်ဆိပ်မြောက်ဘက် ဧရာဝတီမြစ်ကမ်းရှိ မန္တလေးကရဝိက်ရေပေါ် ရွှေ့လျားဟိုတယ်ကြီး၌ စားသောက်ဆိုင်ကို ယနေ့နံနက် ၁၀နာရီက စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။**(ယာပုံ)**



အဆိုပါ မန္တလေးကရဝိက်ရေပေါ် ရွှေ့လျားဟိုတယ်အား မကြာမီဖွင့်လှစ်မည်ဖြစ်ပြီး ဒီဇင်ဘာ ၃၁ ရက် ည ၁၁ နာရီမှ ည ၁ နာရီအထိ Happy New Year ပွဲတော်ကို ဧရာဝတီမြစ်တွင် ကျင်းပမည်ဖြစ်ရာ အဆိုတော် ဟဲလေး၊ ဉာဏ်လင်းအောင်၊ ကောင်းကောင်း၊ အိုင်းရင်းဇင်မာမြင့်၊ ရတနာမိုင်တို့က ညှို့ခံဖျော်ဖြေမည်ဖြစ်ပြီး အဖျော်ယမကာနှင့်အတူ ညစာစားပွဲကိုလည်း စီစဉ်ထားကာ ဧရာဝတီမြစ်အတွင်း ဆီမီးများမျှောခြင်း၊ မီးရှူးမီးပန်းများဖောက်ခြင်းဖြင့် ပျော်ရွှင်စွာ ဆင်နွှဲကြမည်ဖြစ်ကြောင်း မန်နေးဂျင်းဒါရိုက်တာ ဦးထွန်းထွန်းက ပြောသည်။

အဆိုပါ ကရဝိက်ရေပေါ်ရွှေ့လျားဟိုတယ်မှာ သုံးထပ်ဖြစ်ပြီး အပေါ်ဆုံးထပ်တွင် မင်္ဂလာခန်းမပါဝင်ပြီး ခန်းမငှားခမှာ ငွေကျပ် ခြောက်သိန်းနှင့် ခန်းမတွင် ဧည့်သည် ၂၅၀ တစ်ပြိုင်တည်း ဧည့်ခံပေးနိုင်ကြောင်း၊ ဟိုတယ်ပထမထပ်နှင့် ဒုတိယထပ်တို့တွင် အထူးခန်း လေးခန်း၊ မိသားစုခန်း သုံးခန်းနှင့် နှစ်ယောက်အိပ်ခန်း ၃၂ ခန်းပါဝင်ကာ နိုင်ငံခြားသားများအတွက် ဒေါ်လာ ၁၂၀၊ ပြည်တွင်းနိုင်ငံသားများအတွက် ငွေကျပ် ၇၀၀၀၀ ဖြစ်ကြောင်း ၎င်းက ပြောပြခဲ့သည်။ **တင်မောင်(မန္တလေး)**

# နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**မြန်အောင် ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့တွင် မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရပ်ကွက်/ကျေးရွာများတွင်ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်က အမှတ်(၁) ရပ်ကွက်နှင့် အမှတ်(၆)ရပ်ကွက်တို့တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွန့်ဦး ဦးဆောင်သောဝန်ထမ်းများက ရပ်ကွက်နေပြည်သူ ၁၅၀ ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **ဝင်းဗိုလ်(မြန်အောင်)**





## ပြည်ထောင်စုလွှတ်တော်
## ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ
## ဝန်ထမ်းအလိုရှိသည်
## (ပြည်တွင်း၌သာခန့်ထားရန်)

၁။ စီးပွားရေးပညာ ကျွမ်းကျင်ပြီး အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူဝန်ထမ်း (၄)ဦး အလိုရှိသည်။

(က) B.Com, M.Com ဘွဲ့ရရှိပြီးသူဖြစ်ရမည်။(အလားတူဘွဲ့များကို နိုင်ငံခြားတွင် သင်ကြားအောင်မြင်ပြီးသူများလည်း လျှောက်ထားနိုင်သည်။)

(ခ) အသက်(၃၅)နှစ်အောက် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ဂ) လုပ်ငန်းအတွေ့အကြုံရှိသူများ ဦးစားပေးစဉ်းစားမည်။

(ဃ) အင်္ဂလိပ်ဘာသာ Four Skills ကျွမ်းကျင်သူဖြစ်ရမည်။

(င) ကွန်ပျူတာနှင့်အင်တာနက် ကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။

(စ) နှစ်စဉ်စာချုပ် ချုပ်ဆိုငှားရမ်းခန့်ထားမည်။

၂။ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူမျှော်မှန်းလစာဖော်ပြ၍ Jointpac.mmp@gmail.comသို့ ၂၆-၁၂-၂၀၁၄ရက် နောက်ဆုံးထားပြီး e-mail ဖြင့် ပေးပို့လျှောက်ထားနိုင်သည်။

၃။ ကိုယ်ရေးရာဇဝင်အချက်အလက်များအပေါ် မူတည်၍ သင့်တော်မည့်သူများကို လူတွေ့စစ်ဆေးရန် e-mail ဖြင့် အကြောင်းကြားမည်။

၄။ အသေးစိတ်သိလိုပါက ၀၆၇-၃၉၀၂၈၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်သည်။




# သာစည်မြို့နယ် ကွမ်းခြံတောကျေးရွာတွင် ကလေးသုံးမြွှာပူးမွေးဖွား

**သာစည်　ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ညောင်ရမ်းကျေးရွာအုပ်စု ကွမ်းခြံတောကျေးရွာတွင် စက်တင်ဘာ ၁၂ ရက် နံနက်က ကျပန်း အလုပ်သမား ဦးကျော်ဝင်းထွန်း၏ဇနီး မကြူကြူစိန် (၃၄) နှစ်က သုံးမြွှာပူးမိန်းကလေး သုံးဦးကို မွေးဖွားခဲ့သည်။

ယခုအခါ မိခင်နှင့်ကလေးသုံးဦး စလုံးမှာ ကျန်းမာစွာရှိနေကြသည်။ မကြူကြူစိန်မီးဖွားရာတွင် အရပ်လက်သည်လည်းမပါ။ ကျေးလက်ကျန်းမာရေးဆရာမလည်းမပါဘဲ အိမ်ရှိအဒေါ်များ၏ အကူအညီဖြင့် ပထမဦးဆုံး အကြီးမိန်းကလေးကို နံနက် ၄ နာရီခွဲအချိန်တွင် လည်းကောင်း၊ ဒုတိယမိန်းကလေးကို နံနက် ၄ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ အငယ်ဆုံး မိန်းကလေးကို နံနက် ၄ နာရီ မိနစ် ၅၀ တွင်လည်းကောင်း တစ်ဦးနှင့်တစ်ဦး ၁၀ မိနစ်စီခြား၍လွယ်ကူစွာ အခက်အခဲမရှိမွေးဖွားနိုင်ခဲ့ကြောင်း သိရသည်။



ယခုအခါ ကလေးများမှာ သုံးလကျော်အရွယ်သို့ ရောက်ရှိနေပြီဖြစ်ပြီး ကျန်းကျန်းမာမာရှိနေသော်လည်း မိခင်မှာ ကလေးသုံးဦးကို အလှည့်ကျ နို့တိုက်နေရသဖြင့် မိခင်နို့ရည်ဖြင့် မလုံလောက်၍ နို့ဘူးကူတိုက်နေရသောကြောင့် နို့မှုန့်ဝယ်ယူရန် ငွေကြေးအခက်အခဲနှင့် ကြုံတွေ့နေရကြောင်း သိရသည်။ **(မောင်ကို)**

# အမြန်လမ်းတွင် ဘုရားဖူးကားနှင့် ခရီးသည်တင်ကားတိုက်



**ဘုရားကြီး　ဒီဇင်ဘာ ၂၀**

ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် ၃၈/၅ တွင် ဒီဇင်ဘာ ၂၀ ရက် နံနက် ၃ နာရီ ၄၅ မိနစ်ခန့်၌ မန္တလေးမြို့မှ ဘုရားဖူးထွက်ခွာလာသော ယာဉ်မောင်း ကျော်စိုးမိုး(၄၄)နှစ် ချမ်းမြသာစည် မန္တလေးမြို့နေသူ မောင်းနှင်လာသည့် လိုက်ထရပ်အဖြူရောင် ယာဉ်အမှတ် MDY 8B/-- မော်တော်ယာဉ်သည် ဘုရားကြီးမြို့တွင်းသို့ ဝင်ရန် လမ်းခွဲအားကျော်လွန်သွားသဖြင့် ပဲခူးမြစ်ကူးတံတားကျော်ပြီး လမ်းလယ်ကျွန်းဖြတ်လမ်းမှ တစ်ဖက်ယာဉ်ကြောသို့ ကူးပြောင်းရန်ကွေ့နေစဉ် လားရာတူ မောင်းနှင်လာသည့် ယာဉ်မောင်းစိုင်းထွန်းမြင့် အသက် (၂၉)နှစ် လွိုင်ကော်မြို့နေထိုင်သူ မောင်းနှင်လာသည့် လွိုင်ကော်-ရန်ကုန် ခရီးသည်တင်ယာဉ်အမှတ် YGN 8I/-- မော်တော်ယာဉ်မှ တိုက်မိရာ ခရီးသည်တင်ယာဉ်မှာ လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိသွားသည်။

အခင်းဖြစ်ရာသို့ ဘောနပ်ကြီးအမြန်လမ်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ဘုရားကြီးအရန်မီးသတ်တပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးဆောင်ရွက်ခဲ့ရာ ဘုရားဖူးယာဉ်မှ ဒဏ်ရာရရှိသော ယာဉ်မောင်းကျော်စိုးမိုးအပါအဝင် လူနာ ၁၀ ဦးအား ပဲခူးမြို့ဆေးရုံကြီးသို့ အချိန်မီတင်ပို့ခဲ့ပြီး ယာဉ်တိုက်မှုအား အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သီဟရာဇာ(ဘုရားကြီး)**

# ဂန့်ဂေါတွင် လက်တွန်းထွန်စက်များအရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိ

**ဂန့်ဂေါ　ဒီဇင်ဘာ ၂၀**

ဂန့်ဂေါမြို့နယ် စက်မှုလယ်ယာဦးစီးဌာနတွင် တရုတ်နိုင်ငံထုတ် ဒေါင်ဖန်း လက်တွန်းထွန်စက်များကို တောင်သူလယ်သမားများထံ နှစ်နှစ်သုံးရစ်ဆပ်စနစ်ဖြင့် အရစ်ကျရောင်းချပေးလျက်ရှိကာ ဝယ်ယူသူလယ်သမားများအား စက်မှုလယ်ယာဝန်ထမ်းများက လက်တွေ့တပ်ဆင်မောင်းနှင်ပြသပေးလျက်ရှိသည်။

အဆိုပါ လက်တွန်းထွန်စက်၏ တန်ဖိုးမှာ ငွေကျပ် ၁၆ ဒသမ ၃၂ သိန်းဖြစ်ကာ ထွန်စက်ဝယ်ယူသည့်အချိန်တွင် ငွေကျပ်ငါးသိန်းလေးသောင်းလေးထောင်ကိုပေးချေ၍ တစ်နှစ်ပြည့်သည့်အခါ ငါးသိန်းလေးသောင်းလေးထောင်ကို ပေးချေရမည်ဖြစ်ကာ နှစ်နှစ်ပြည့်သည့်အချိန်တွင် ကျန်ငွေအားလုံးကို ပေးချေသည့်စနစ်ဖြင့် ရောင်းချခြင်းဖြစ်ကြောင်းနှင့် သံဘီး၊ သုံးသွားထယ်၊ ၂၂ သွားထွန်တို့ ပါဝင်ကြောင်း သိရသည်။

နွားတစ်ရှဉ်းဖြင့် ထွန်ယက်လျှင် လေးမနက် ထွန်ယက်ရသည့် လယ်ယာကို အဆိုပါ ထွန်စက်ဖြင့် ထွန်ယက်လျှင် နှစ်နာရီခန့်သာကြာကြောင်း၊ ကုန်ကျစရိတ်အားဖြင့် တစ်ဧကအတွက်နွားတစ်ရှဉ်းငှား၍ ထွန်ယက်လျှင် နှစ်သောင်းကျပ်ကုန်ကျနိုင်ကြောင်း၊ စက်ဖြင့်ထွန်ယက်လျှင် ရှစ်ထောင်ကျပ်သာ ကုန်ကျသဖြင့် စရိတ်စက သက်သာသည့်အပြင် အချိန်ကုန်သက်သာကြောင်း အိမ်သစ်ရွာမှ လယ်သမားတစ်ဦးက ပြောသည်။

**(၄၆၅)**



# ဘုရားမီးပူဇော်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**တာချီလိတ်　ဒီဇင်ဘာ ၂၀**

တာချီလိတ်မြို့ တာလေ့ရပ်ကွက် သဇင်လမ်း ဦးကျော်ထွန်း၏နေအိမ်၌ ဒီဇင်ဘာ ၂၀ ရက် နံနက် ၇ နာရီ ၁၀ မိနစ်ခန့်တွင် ဘုရားမီးပူဇော်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ ဦးကျော်ထွန်းပိုင် နံကပ်အမျိုးအစား ပေ ၄၀× ပေ ၂၀ နေအိမ်တစ်လုံး မီးလောင်ပျက်စီးခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီးဇော်နိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးဇင်ဝင်းဦးဆောင်သည့် သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများက မီးသတ်ယာဉ်သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြရာ နံနက် ၇ နာရီ မိနစ် ၂၀ ကျော်တွင် မီးညွန့်ကျိုးသွားပြီး ၇ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားသည်။

မီးပေါ့ဆစွာသုံးစွဲခဲ့သည့် အိမ်ရှင် ဦးကျော်ထွန်းအား တာချီလိတ်မြို့မ ရဲတပ်ဖွဲ့စခန်းမှ (ပ)၂၆၅/၂၀၁၄ မီးလောင်မှုဖြင့် အမှုဖွင့်အရေးယူထားပြီး ယခုဖြစ်စဉ်သည် တာချီလိတ်မြို့နယ်အတွင်း ဆောင်းဦးပေါက်ရာသီအတွင်း ပထမဆုံးအကြိမ်ဖြစ်ပွားခဲ့သည့် မီးလောင်မှုဖြစ်သည်။

**(မောင်ယဉ်ကျေး)**


## နိုင်ငံတကာ သတင်းဂျာနယ်

ကမ္ဘာ့နိုင်ငံရေး ဇာတ်ခုံအကြောင်း ဇာတ်စုံသိချင်ပါသလား။
တစ်စောင်တည်းနှင့် ပြည့်စုံစေမှာ နိုင်ငံတကာသတင်းဂျာနယ်ပါ။

- စရိတ်ကြီးမြင့်လာသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု
- မြန်မာ့ကျေးလက်ဒေသဖွံ့ဖြိုးရေး တောင်ကိုရီးယားအတွေ့အကြုံမျှဝေမည်
- အိုင်အက်စ်များကို စိုးရိမ်နေသော အမေရိကန်ပြည်သူများ
- အမေရိကန်၏ သင်္ဘောဖျက်ဒုံးကျည်သစ် LRASM-A
- အီရန်ကိုတုံ့ပြန်ရန် ပင်လယ်ကွေ့နိုင်ငံများ ညွန့်ပေါင်းတပ်ဖွဲ့ဖွဲ့စည်း
- ယီမင်နှင့် ပင်လယ်နီကို ထိန်းချုပ်ရန်ကြိုးပမ်းသည့် အီရန်
- ပေါ်တီနိုင်ငံရေးအရှုပ်တော်ပုံ
- စီးရေးလှုပ်ရှားမှုများနှင့် တရုတ်
- အရှေ့အလယ်ပိုင်းစစ်ဆင်ရေးနှင့် အမေရိကန်
- အမေရိကန်-ကျူးဘားဆက်ဆံရေး ဘူးခင်းလမ်းမှ ပန်းခင်းလမ်းဖြစ်လာမလား

စသည့် နိုင်ငံတကာသတင်းသုံးသပ်ချက်ဆောင်းပါးများ ပေဝေဆာဆာဖြင့် တနင်္လာနေ့တိုင်း ထွက်ရှိလာပြီ။

ကြော်ငြာနှင့် ဖြန့်ချိရေး ဖုန်း - ၂၉၂၈၃၀၊ ၂၉၄၄၂၇၊ ၀၁ - ၈၆၁၀၆၈၅






| | | | | | |
|---|---|---|---|---|---|
| MYA YADANAR CINEMA | Mon – Thurs | 12.30 -3.30-6.30-9.30 | Fri , Sat & Sun | 9.30-12.30 -3.30-6.30-9.30 | PH : 01 556 782 |
| SHWE BAHO CINEMA | Mon – Thurs | 9.30-12.30 -3.30-6.30-9.30 | Fri , Sat & Sun | 9.30-12.30 -3.30-6.30-9.30 | PH : 01 554 383 |
| JUNCTION CINEPLEX SQUARE - THEATRE(1) | Sun – Thurs | 9.15 -12.15-3.15-6.15 | Fri & Sat | 9.15 -12.15-3.15-6.15-9.15 | PH : 01 527055, 09 254424544 |
| JUNCTION CINEPLEX SQUARE - DELL THEATRE | Sun – Thurs | 9.45 -12.45-3.45-6.45 | Fri & Sat | 9.45 -12.45-3.45-6.45-9.45 | PH : 01 527055, 09 254424544 |
| JUNCTION CINEPLEX MAW TIN - THEATRE(2) | Sun – Thurs | 9.15 -12.15-3.15-6.15 | Fri & Sat | 9.15 -12.15-3.15-6.15-9.15 | PH : 01 225 244 |





P.E.S.
PRACTICAL
English Speaking
T.Kate
236 (3C),2nd Fl.Yadanar Street, Myaynigone,
Sanchaung Township, Yangon. ☎ 516503/503984





# ရှေးဟောင်း ယဉ်ကျေးမှုလက်ရာအဖြစ် တည်ရှိနေသည့် ဂျူးလူမျိုးတို့၏ Musmeah Yeshua Synagongue ဘုရားကျောင်းတွင် ဘာသာရေးမီးထွန်းပွဲတော် ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်ရှိ ဂျူးလူမျိုး ဂျူးဘာသာဝင်တို့ အလေးအမြတ်ထားရာ Musmeah Yeshua Synagogue ဘုရားကျောင်းသည် လွန်ခဲ့သောနှစ်ပေါင်း ၁၂၀ ကျော်ကတည်းက အီရတ်နိုင်ငံမှ ဗိသုကာပုံစံဖြင့် တည်ဆောက်ခဲ့ပြီး ရှေးဟောင်းယဉ်ကျေးမှုလက်ရာအဖြစ် ကမ္ဘာ့လှည့်ခရီးသွား ဧည့်သည်များအား ဆွဲဆောင်ရာနေရာတစ်ခုအဖြစ် ရှိနေသည်။

Musmeah Yeshua Synagogue ဘုရားကျောင်းဝင်းအတွင်းဒီဇင်ဘာ ၁၈ ရက်ညပိုင်းက မြန်မာနိုင်ငံတွင်နေထိုင်သည့် ဂျူးလူမျိုးတို့၏ ဘာသာရေးဟာနူကာမီးထွန်းပွဲတော်ကို ကျင်းပခဲ့သည်။

မီးထွန်းပွဲတော်သို့ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များ၊ အမေရိကန်သံအမတ်ကြီးနှင့် အစ္စရေးသံရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကြသည်။

"ဒီပွဲမှာဆိုရင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနဲ့ ဘာဟာရီသာသနာက ဘာသာရေးခေါင်းဆောင်တွေလာကြတယ်။ တစ်ခြားနိုင်ငံတွေမှာဆိုရင် ဒီလိုတစုတစည်းလုပ်ဖို့ခဲယဉ်းတယ်။ မြန်မာနိုင်ငံမှာ ဘာသာပေါင်းစုံ စုစုစည်းစည်းရှိနေတယ်ဆိုတာကို ကမ္ဘာကိုသိစေချင်တယ်။ ဒါကြောင့် ဟာနူကာမီးထွန်းပွဲတော်ကျင်းပတာပါ"ဟု ဂျူးဘုရားကျောင်းဂေါပကအဖွဲ့ဝင် Mr.Sammy Samuels က ပြောသည်။

"ရန်ကုန်မြို့မှာဆိုရင် ကမ္ဘာလှည့်ခရီးသွားတွေ ပထမစိတ်ဝင်စားမှုအရှိဆုံးက ရွှေတိဂုံ၊ ဒုတိယကထောက်ကြန့်မှ ခနသဟာယ စစ်သင်္ချိုင်း၊ တတိယက Musmeah Yeshua Synagogue ဘုရားကျောင်းပါ။ လွန်ခဲ့တဲ့နှစ်နှစ်လောက်ကစပြီး Musmeah Yeshua Synagogue ဘုရားကျောင်းကို အမေရိကန်၊ ဥရောပနိုင်ငံနဲ့ အစ္စရေးနိုင်ငံတွေကပဲလာကြတယ်။ အခုနောက်ပိုင်း နိုင်ငံပေါင်းစုံက လူမျိုးပေါင်းစုံလာလေ့လာကြတယ်။ ဂျူးတစ်ယောက်အနေနဲ့ ဂုဏ်ယူမိတယ်။ မြို့အတွက်လည်း စိတ်ဝင်စားစရာနေရာဖြစ်လာတာပေါ့"ဟု Mr.Sammy Samuels က ပြောသည်။

လွန်ခဲ့သောနှစ်ပေါင်း (၉၀) ခန့်က အီရတ်နိုင်ငံမှ ယူဆောင်လာသည့် ဆိတ်သားရေပေါ်တွင် လက်ရေးဖြင့်ရေးသားထားသည့် သမ္မာကျမ်းစာအား ဂျူးလူမျိုး ဂျူးဘာသာဝင်တို့၏ အလေးအမြတ်ထားရာ Musmeah Yeshua Synagogue ဘုရားကျောင်းဝင်းအတွင်း ယနေ့တိုင် တည်ရှိနေသည်ကိုတွေ့ရသည်။

ဂျူးလူမျိုးတို့သည် မြန်မာနိုင်ငံသို့ ၁၈၈၀ ခုနှစ်ကတည်းက အများစုသည် ဗြိတိသျှစစ်သားများအဖြစ် လည်းကောင်း တချို့မှာစီးပွားရေးအရလည်းကောင်း လာရောက်ခဲ့ကြောင်း၊ ၁၉၁၀ ခုနှစ်က ရန်ကုန်မြို့၏ မြို့တော်ဝန်ကိုယ်တိုင် ဂျူးလူမျိုးဖြစ်ခဲ့ဖူးကြောင်း၊ ၁၉၄၂ ခုနှစ်ထိ ဂျူးလူမျိုးသုံးထောင်ကျော်ရှိခဲ့ကာ ယနေ့အချိန် တွင် ဂျူးလူမျိုး ၂၀ ခန့်သာ မြန်မာနိုင်ငံတွင် နေထိုင်လျက်ရှိကြောင်း မြန်မာနိုင်ငံတွင်နေထိုင်သည့် ဂျူးလူမျိုး Mr.Sammy Samuels က ရှင်းပြသည်။

ရှေးဟောင်းယဉ်ကျေးမှု လက်ရာအဖြစ်တည်ရှိနေသည့် Musmeah Yeshua Synagogue ဘုရားကျောင်းအား ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ရှေးဟောင်းဘာသာရေးဆိုင်ရာ အဆောက်အအုံအဖြစ် သတ်မှတ်ထားပြီး Myanmar Jewish Community က ပျက်စီးယိုယွင်းမှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

**နေလင်း (သတင်းစဉ်)**

## လှိုင်သာယာ၌ ခွင့်ပြုချက်မဲ့ဆိုင်ကယ်များ ဖမ်းဆီးအရေးယူ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုနှင့်အညီ မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အမှတ်(၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊ မြို့နယ်ရဲတပ်ဖွဲ့၊ ရပ်ကွက်/ကျေးရွာ အရန်မီးသတ်တပ်ဖွဲ့တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က မြို့နယ်အတွင်းခွင့်ပြုချက်မဲ့ စီးနင်းမောင်းနှင်နေသော ဆိုင်ကယ်များကို ဒီဇင်ဘာ ၁ ရက်မှစတင်၍ အရှိန်အဟုန်မြှင့် ဖမ်းဆီးခဲ့ရာ ဒီဇင်ဘာ ၁၇ ရက်အထိ ဆိုင်ကယ်စီးရေ ၁၀၈ စီးအား ဖမ်းဆီး၍ ဥပဒေနှင့်အညီ ဆောင်ရွက်နေသကဲ့သို့ ယာဉ်မရပ်ရ တားမြစ်ဇရိယာအတွင်း စည်းကမ်းမဲ့ရပ်တန့်ထားသည့် မော်တော်ယာဉ်များကိုလည်း ဖမ်းဆီး၍ တည်ဆဲဥပဒေ၊ ဒေသန္တရဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**





## ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များနှင့် EU မှ ပါဝင်သော စက်ဘီးလှည့်ကင်းအဖွဲ့ နယ်မြေလုံခြုံရေးဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင် ၃၅ ဦးနှင့် EU မှ Mr. David Hamiton တို့သည် ပြည်သူဗဟိုပြုလုပ်ငန်းစဉ်များ ဆောင်ရွက်ရန်အတွက် ဒဂုံ၊ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ သဃ်န်းကျွန်း၊ တောင်ဥက္ကလာပ၊ ရန်ကင်း၊ ဗဟန်း၊ ကမာရွတ်နှင့် စမ်းချောင်းမြို့နယ်များအတွင်း ဒီဇင်ဘာ ၁၈ ရက် ည ၁၀ နာရီ ၅ မိနစ်မှ ဒီဇင်ဘာ ၁၉ ရက် နံနက် ၁ နာရီ ၁၀ မိနစ်ထိ စက်ဘီးလှည့်ကင်းများဖြင့် နယ်မြေလှည့်ကင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ရဲမှူးကြီးဝင်းနိုင် ဦးစီးသောစက်ဘီးလှည့်ကင်းအဖွဲ့သည် ရောက်ရှိသောမြို့နယ်များရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ မိဘပြည်သူများနှင့်တွေ့ဆုံ၍ ရဲတပ်ဖွဲ့မှနယ်မြေအတွင်း လုံခြုံမှုရှိရန် လှည့်ကင်းဆောင်ရွက်လျက်ရှိကြောင်း၊ အခက်အခဲပြဿနာများရှိပါက ရဲတပ်ဖွဲ့သို့ အကူအညီတောင်းခံနိုင်ကြောင်း ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံမှာကြားခဲ့သည်။

စက်ဘီးလှည့်ကင်းအဖွဲ့နှင့်အတူ သတင်းမီဒီယာများမှ လိုက်ပါ၍ ပြည်သူလူထုအတွင်း ရဲတပ်ဖွဲ့မှ ဆောင်ရွက်ပေးမှု အခြေအနေများအား သတင်းရယူဆောင်ရွက်ခဲ့ကြကြောင်းသိရပြီး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် ပြည်သူလူထု၏ လုံခြုံရေးနှင့် လူမှုရေးအသွင်ဆောင်သော ရဲလုပ်ငန်းများဆောင်ရွက်ပေးနိုင်ရေးအတွက် ခရိုင်/မြို့နယ်များအလိုက် နေ့စဉ်စက်ဘီးလှည့်ကင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝ၄ဝ)**

မွေးနေ့အမှတ်တရအထူး (Promotion)
Win & San Diamonds and Fine Jewelry

သုဓမ္မသိင်္ဂီ ဒေါ်စမ်းစမ်း မွေးနေ့ပွဲအတွက် Customer များအား HRD, GIA တစ်ပွင့်စိန်များ၊ ဖြူသန့်စိန်များနှင့် မြန်မာ့တွင်းထွက် ကျောက်မျက်ရတနာများဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာဒီဇိုင်းဆန်းပစ္စည်းများကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် အထူး Promotion ပွဲသို့ တက်ရောက်ချီးမြှင့်ပါရန် ဖိတ်ကြားအပ်ပါသည်။

( Up to 30%)

ဖိတ်စာမရောက်ရှိသော မိတ်ဆွေများလည်း လာရောက်ကြည့်ရှုအားပေးနိုင်ပါသည်။

Promotion Date : 19-12-2014, 20-12-2014, 21-12-2014

Show Room (1) ◈ အမှတ် (၃၆-C)၊ အောင်မင်းခေါင်ဘုရားလမ်း၊ ၁၀-ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 502977, 504679 , 525257, 09-500-6685, 09-506-2773

# မန်စီးတီးဂိုးသမား ဂျိုးဟတ် အသင်းနှင့် စာချုပ်သက်တမ်း တိုးမြှင့်ချုပ်ဆို


ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်း၏ အင်္ဂလန်လက်ရွေးစင်ဂိုးသမား ဂျိုးဟတ်သည် ပြီးခဲ့သည့် သောကြာနေ့က အသင်းနှင့်စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။ ဂျိုးဟတ်မှာ ယခုနှစ်ဘောလုံးရာသီတွင် အသင်းမှ ထွက်ခွာဖွယ်ရှိကြောင်း မကြာခဏသတင်းများ ထွက်ပေါ်နေသူဖြစ်ပြီး ငါးနှစ်သက်တမ်းရှိ စာချုပ်ကိုချုပ်ဆိုကာ အပြောင်းအရွှေ့သတင်းများကို အဆုံးသတ်စေခဲ့သည်။ ဂျိုးဟတ်မှာ မန်စီးတီးအသင်းနှင့် ချုပ်ဆိုခဲ့သော စာချုပ်အရ ၂၀၁၉ ခုနှစ်အထိ အသင်းတွင် ဆက်လက်ရှိနေမည်ဖြစ်ပြီး မြင့်မားသည့် လစာငွေဖြစ်သည့် တစ်ပတ်လုပ်ခပေါင် ၁၂၀၀၀၀ ရရှိမည်ဖြစ်သည်။

ထို့ပြင် မန်စီးတီး အသင်းအနေဖြင့် အဂူရို၊ ဇီကို၊ ကိုလာရော့ဗ်၊ နာဆရီ၊ ဆေးလ်ဗားစသည့် ကစားသမားများကိုလည်း စာချုပ်သက်တမ်းတိုးမြှင့်ရန် ကြိုးပမ်းလျက်ရှိနေပြီး မကြာမီ ရက်ပိုင်းအတွင်း ကမ်းလှမ်းသွားရန် စီစဉ်နေကြောင်း ဗြိတိန်သတင်းစာ Daily Mail က ဖော်ပြခဲ့သည်။

ဂျိုးဟတ်က "ကျွန်တော် မန်စီးတီးအသင်းက ထွက်ခွာဖို့ တစ်ခါမှ မစဉ်းစားခဲ့ဖူးပါဘူး။ အခုလို အသင်းနဲ့စာချုပ်သစ်ချုပ်ဆိုခဲ့တာ တကယ်ပျော်ရွှင်မိပါတယ်။ ဒီမှာ ကစားရတာဟာ တကယ်ပျော်စရာကောင်းတဲ့ အခိုက်အတန့်ပါပဲ" ဟု ပြောကြားခဲ့သည်။ ထို့ပြင် မန်စီးတီးနည်းပြဖြစ်သူ ပယ်လီဂရီနီကလည်း "သူ့လို ဂိုးသမားမျိုးကို ကျွန်တော်တို့ ထွက်ခွာခွင့်မပေးနိုင်ဘူး။ သူဟာ အနာဂတ်မှာ ကမ္ဘာ့အကောင်းဆုံးဂိုးသမား တစ်ဦးဖြစ်လာမှာပါ။ ဒီလိုကစားသမားမျိုးကို စာချုပ်ချုပ်ဆိုခဲ့တာ အသင်းအတွက် အကျိုးရှိတဲ့ လုပ်ရပ်တစ်ခုပါ" ဟု ပြောကြားခဲ့သည်။ ဂျိုးဟတ်မှာ ၂၀၀၆ ခုနှစ်က ရှရူးဘူရီအသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းအတွက် ပွဲပေါင်း ၂၀၀ ကျော် ပါဝင်ကစားပေးခဲ့သူဖြစ်ကြောင်း သိရသည်။ **[ကိုရဲ]**

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် တိုက်စစ်မှူး ဆန်းချက်ဇ်အား အာဆင်နယ်အသင်း၏ ဆွာရတ်ဇ်ဟု ထုတ်ဖော်ချီးကျူးလိုက်သည်။

# ဆန်းချက်ဇ်မှာ အာဆင်နယ်၏ ဆွာရတ်ဇ်ဟု ဝင်းဂါးထုတ်ဖော်ချီးကျူး



[နိုင်လင်းကြည်]

အာဆင်နယ်အသင်းမှ ချီလီတိုက်စစ်မှူး အလက်ဇစ် ဆန်းချက်ဇ်သည် ပြီးခဲ့သည့်နွေရာသီ အပြောင်းအရွှေ့ကာလအတွင်းက စပိန်ကလပ် ဘာစီလိုနာအသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကြေးယူရို ၄၁ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အင်္ဂလန်မြေတွင် စတင်ခြေချခဲ့သည့် ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်အသင်းနှင့်အတူ ပွဲပေါင်း ၂၄ ပွဲကစားခဲ့ရာတွင် သွင်းဂိုး ၁၄ ဂိုးအထိ သွင်းယူထားနိုင်ခဲ့ပြီဖြစ်သည်။

ချီလီတိုက်စစ်မှူး ဆန်းချက်ဇ်သည် ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲအရပ်ရပ်တွင် သွင်းဂိုး ၁၄ ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက လီဗာပူးအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့သွားခဲ့သည့် တိုက်စစ်မှူး ဆွာရတ်ဇ်ကဲ့သို့ စွမ်းဆောင်ရည်ကောင်းမွန်သော ကစားသမားတစ်ဦးဖြစ်ကြောင်း ချီးကျူးစကားပြောကြားလိုက်ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဆွာရတ်ဇ်သည် လီဗာပူးအသင်းနှင့်အတူ အကောင်းဆုံးစွမ်းဆောင်ရည်ပြသနိုင်ခဲ့သည့်အပြင် ဘာစီလိုနာအသင်းသို့ မပြောင်းရွှေ့မီ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း သွင်းဂိုး ၃၁ ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုနှင့်အတူ ဥရောပအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ လက်ရှိတွင် တိုက်စစ်မှူး ဆန်းချက်ဇ်သည် ဆွာရတ်ဇ်ကဲ့သို့ စွမ်းဆောင်နိုင်သည့် ကစားသမားတစ်ဦးဖြစ်သောကြောင့် လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာက ဆန်းချက်ဇ်အား လီဗာပူးအသင်းသို့ ခေါ်ယူရန်ပင် ပစ်မှတ်ထားလာခဲ့သည်။

| ပရီမီယာလိဂ် ပွဲစဉ် - ၁၇ ဒီဇင်ဘာ ၂၁/၂၃ | | |
|---|---|---|
| နယူးကာဆယ် | ဆန်းဒါးလန်း | ည ၈း၀၀ |
| လီဗာပူး | အာဆင်နယ် | ည ၁၀း၃၀ |
| စတုတ်စီးတီး | ချယ်လ်ဆီး | နံနက် ၂း၀၀ |

| စပိန်လာလီဂါ ပွဲစဉ် - ၁၆ ဒီဇင်ဘာ ၂၁/၂၂ | | |
|---|---|---|
| ဂရန်နာဒါ | ဂီတာဖေး | ည ၁၀း၃၀ |
| အယ်လ်ချီ | မာလာဂါ | နံနက် ၀၀း၃၀ |
| ဘီလ်ဘို | အက်သလက်တီကို | နံနက် ၂း၃၀ |

| အီတလီစီးရီးအေ ပွဲစဉ် - ၁၆ ဒီဇင်ဘာ ၂၁/၂၂ | | |
|---|---|---|
| ဗီရိုနာ | ချီယေဗို | ည ၆း၀၀ |
| အတ္တလန္တာ | ပါလာမို | ည ၈း၃၀ |
| ဖီယိုရင်တီးနား | အမ်ပိုလီ | ည ၈း၃၀ |
| ဆမ့်ဒိုးရီးယား | အူဒီးနီးစ် | ည ၈း၃၀ |
| တိုရီနို | ဂျီနိုအာ | ည ၈း၃၀ |
| အင်တာမီလန် | လာဇီယို | နံနက် ၂း၁၅ |

- - - - - - - - - - - - - -> မောင်မောင်ဇော်

# ပရီမီယာလိဂ် ရင်ခုန်သံ – ၁၇

PREMIER LEAGUE

ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ပွဲစဉ် (၁၇) ကို လာမယ့် ဒီဇင်ဘာ ၂၀၊ ၂၁၊ ၂၃ ရက်တွေမှာ ယှဉ်ပြိုင်သွားဖို့ရှိပါတယ်။ ပွဲစဉ် (၁၆) မှာတုန်းကတော့ အာဆင်နယ်၊ ချယ်လ်ဆီး၊ မန်စီးတီးတို့နိုင်ပွဲရခဲ့ကြလို့ ဒီပွဲစဉ်မှာ အဆိုပါ အသင်းတွေအနေနဲ့ နိုင်ပွဲဆက်နိုင်မလားဆိုတာကို စောင့်ကြည့်ရမှာဖြစ်သလို လီဗာပူးနဲ့ အာဆင်နယ်ဆုံတဲ့ပွဲလည်း ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းပါတယ် . . .

**နယူးကာဆယ်-ဆန်းဒါးလန်း ည ၈း၀၀ (၂၁-၁၂-၁၄)**

အာဆင်နယ်ကို ဂိုးပြတ်ရှုံးခဲ့ရတာကြောင့် နယူးကာဆယ်တို့နိုင်ပွဲပြန်ရအောင် အားစိုက်မှာသေချာတယ်။ ပြီးတော့ အိမ်ကွင်းလည်း ဖြစ်တယ်။ ဒါပေမယ့် သတိပြုရမှာက ဒီပွဲက ဒါဘီဖြစ်တယ်။ ဒါကြောင့် ဆန်းဒါးလန်းကလည်း အကောင်းဆုံးခံကစားမှာသေချာသလို လက်ရှိဆန်းဒါးလန်းရဲ့ ခြေကလည်း ကောင်းမွန်နေတာကြောင့် သရေကျသွားဖို့များတယ်။

**လီဗာပူး-အာဆင်နယ် ည ၁၀း၃၀ (၂၁-၁၂-၁၄)**

အသင်းကြီးနှစ်သင်းဆုံတဲ့ပွဲဖြစ်တဲ့အတွက် အကြိတ်အနယ်ရှိမှာသေချာတယ်။ လက်ရှိအခြေအနေအရလည်း နှစ်သင်းစလုံး အမှတ်လိုနေပါတယ်။ လက်ရှိမှာ လီဗာပူးက ခြေမငြိမ်ဘူးဆိုပေမယ့် အာဆင်နယ်ကလည်း ဒဏ်ရာရကစားသမားတွေများနေသလို ကွင်းကလည်း လီဗာပူးကွင်းဖြစ်လို့ လီဗာပူးမရှုံးလောက်ဘူးထင်တယ်။

**စတုတ်-ချယ်လ်ဆီး နံနက် ၂း၃၀(၂၃-၁၂-၁၄)**

လက်ရှိ စတုတ်ရဲ့ ကစားပုံမဆိုးဘူး။ ကာကစ်ခြေစွမ်းပြလာနိုင်မှုနဲ့အတူ တိုက်စစ်ကလည်း ဂိုးသွင်းခြေရနေတယ်။ အိမ်ကွင်းလည်းဖြစ်တဲ့အတွက် အကောင်းဆုံးခံကစားသွားမှာသေချာတယ်။ ဒါကြောင့် လက်ရှိအချိန်မှာ ချယ်လ်ဆီးရဲ့ ကစားပုံတည်ငြိမ်နေတာမှန်ပေမယ့် ဒီပွဲမှာတော့ အခက်တွေ့နိုင်ပြီး နိုင်ရင်တောင် မပြတ်သားဘူး။

ရှိုင်း မင်း မင်း




**သန်းဒွေးနှင့်ရောင်းရင်းများ မှ ကျိုက်ထီးရိုး ချောင်းသာ (နေ့စဉ်)**
✿ အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း (ဆက်၍) မန္တလေး၊ ပြင်ဦးလွင်အနှံ့။
✿ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (စွယ်တော် ၄ ဆူ)၊ ပခုက္ကူ (၄) ရက်။
✿ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ရွှေတော်ကက္ကူ၊ ထမ့်စမ်းဂူ (၄) ရက်။
✿ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန် (ကျိုက္ခမီ၊ စက်စဲ)။
✿ လားရှိုး၊ မူဆယ်၊ ရွှေလီ၊ မန္တလေး၊ ပြင်ဦးလွင် (၇) ရက်။ DEC - 24/26, JAN - 2/9/16/23/30
✿ ဗလွန်၊ နေပြည်တော်၊ ပြည်အကောက်တောင်၊ နဂါးရုပ် (စနေ/တနင်္ဂနွေ)။
✿ ဘီးလင်း၊ မဲလမုဆံတော်ရှင်၊ ကျိုက်ထီးဆောင်း၊ ကေလာသဆံတော်ရှင်၊ မြို့ဦးပရဟိတဂေဟာ (နေ့ချင်းပြန်)။ ကြိုတင်လက်မှတ်ရောင်းပြီ။
(၄၂၄)၊ ရွှေဘုံသာလမ်း၊ အထက်။ Ph : 380141, 241863, 09 43043109, 09 73251422




**ပျောက်ဆုံးကြောင်း**
ကျွန်တော်၏အမည်ဖြင့်တင်သွင်းလာသော IDNo.796643 (2.11.2012)၏ကာစတန်ဝတီဝင်မန့်နှင့်ယာဉ်ခါတ်ပုံ မူရင်းပျောက်ဆုံးပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဦးကျော်စွာဝင်း
ဖုန်း-၀၉-၅၀၄၄၂၅၀

## မော်တော်ယာဉ်ပါမစ်လျှောက်ထားသူများသိရှိရန်

ရန်ကုန်တိုင်းဒေသကြီးအတွင်း အိမ်ထောင်စုလူဦးရေစာရင်းဖြင့် နေထိုင်သူများသည် ကားတင်သွင်းခွင့်ပါမစ်လျှောက်ထားလိုပါက ကားရပ်နားရန်နေရာ ထောက်ခံချက်ပါရှိမှသာ ယာဉ်တင်သွင်းခွင့်ပြုရန်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညှိနှိုင်းချက်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်း အသုံးပြုမည့် မော်တော်ယာဉ်များအတွက် အောက်ဖော်ပြပါ လျှောက်ထားမှုများအားလုံးကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကားရပ်နားရန်နေရာ ထောက်ခံချက်ပါရှိမှသာ ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ပို့ကုန်သွင်းကုန်ကုမ္ပဏီများမှ ပုံမှန်လိုင်စင်ဖြင့် လျှောက်ထားမှုများ။
(ခ) လူပုဂ္ဂိုလ်တစ်ဦးချင်းပါမစ် ထုတ်ပေးသည့်အစီအစဉ်နှင့် ယာဉ်အို/ယာဉ်ဟောင်းအစားထိုး အပ်နှံပါမစ်ထုတ်ပေးသည့် အစီအစဉ်ဖြင့် လျှောက်ထားမှုများ။
(ဂ) အရောင်းစင်တာ/အရောင်းပြခန်းများမှ တစ်ဦးချင်းဝယ်ယူခွင့် အစီအစဉ်ဖြင့် လျှောက်ထားမှုများ။
(ဃ) လူမှုရေးအသင်းအဖွဲ့နှင့် ဘာသာရေးအဖွဲ့အစည်းများမှ လျှောက်ထားမှုများ။
(င) နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများတွင် အသုံးပြုရန် မော်တော်ယာဉ်လျှောက်ထားမှုများ။

**မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာကြီးကြပ်ရေးကော်မတီ**
(၁၈-၁၂-၂၀၁၄)

## မော်တော်ယာဉ်ပါမစ်လျှောက်ထားသူများသိရှိရန်

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ယာဉ်အို/ယာဉ်ဟောင်း အစားထိုးအပ်နှံပါမစ် ထုတ်ပေးသည့်အစီအစဉ်၊ လူပုဂ္ဂိုလ်တစ်ဦးချင်း ပါမစ်ထုတ်ပေးသည့် အစီအစဉ်များနှင့် အရောင်းစင်တာ/အရောင်းပြခန်းများမှ တစ်ဦးချင်းဝယ်ယူခွင့် အစီအစဉ်များအတွက် နှစ်ချုပ်စာရင်းရှင်းလင်းခြင်းနှင့် နှစ်မကုန်မီ လိုအပ်သော ပြင်ဆင်မှုများ ဆောင်ရွက်ရမည်ဖြစ်ပါ၍ အဆိုပါ ပါမစ်လျှောက်ထားခြင်းများအား ၂၄-၁၂-၂၀၁၄ ရက် ညနေ ၁၆း၃၀ နာရီအထိသာ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး ပါမစ်လျှောက်ထားခြင်းများအား ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်တွင် ပြန်လည်လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာကြီးကြပ်ရေးကော်မတီ**
(၁၈-၁၂-၂၀၁၄)


TMW's
တကယ့်လျှော့ဈေး
Giant SALE
LAST DAY!
LAST CHANCE!
တစ်နှစ်မှတစ်ခါ
အသက်သာဆုံး
ဈေးနှုန်းဖြင့် ရရှိနိုင်မည့်
အခွင့်အရေး…
● 19,500 ကျပ်တန် 3G ဟန်းဆက်ကို (ငွေဖြည့်ကတ် 20,000ကျပ် နှင့် Sim ကတ် )လက်ဆောင်
● Branded Mobile Handset မျိုးစုံ ● ဖုန်းငွေဖြည့်ကတ်နှင့် SiM Card မျိုးစုံ
● Air-con 1.5hp 199,000 ကျပ်
● အမျိုးအစားထောင်ချီတဲ့ Electronics ပစ္စည်းများ
(3D LED / 4K TV, Air-Con, ရေခဲသေတ္တာ, အဝတ်လျှော်စက်, မီးဖိုချောင်သုံး ပစ္စည်းမျိုးစုံ)
● Digital Camera & Accessories ● လုပ်ငန်းသုံး/ အိမ်သုံး Projector များ
● အိမ်သာအိုးနှင့် ဘေစင်တစ်တွဲ 95,000 ကျပ် ● Fashion အဝတ်အစားများ
● ဂျာမနီမှ ရေခေါင်းများ Discount 30 % အပြင် လက်ဆောင် ဘေစင် တစ်လုံး
ဝယ်ယူသူများ အဆင်ပြေစေရန်
ကားပါကင် သီးသန့် ရှိပါသည်။
ပစ္စည်းတိုင်းအတွက်
Official Warranty
ပါရှိပါသည်။
TMW Enterprise Limited
TMW Complex - ကမ္ဘာအေးဘုရားလမ်း ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ Hot Line : 01-555996, 556997
TMW Tower (MDY) - လမ်း(၃၀) နှင့် (၈၂) လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ Hot Line : 02-72580~4
All Wai Yan Electronics Centers : ဗိုလ်အောင်ကျော် ၀၁– ၃၉၈၅၆၃၊ ပန်းဆိုးတန်း ၀၁– ၂၅၀၅၉၇ ၊ ကမ္ဘာအေး ၀၁–၄၀၁၄၁၆
အင်းစိန် ၀၁–၆၄၂၆၇၈၊ မြယမုံ(တောင်ဒဂုံ) ၀၁–၈၁၀၀ ၃၄၃ ၊ တောင်ကြီး ၀၈၁ – ၂၀၀ ၅၇၁၊ ပြည် ၀၅၃ – ၂၄၀၄၀၊
နေပြည်တော် ၀၆၇ – ၈၁၀၈၀၈၉

## မိုးစပါး ပုလဲသွယ် (GW 1) စံကွက်ရိတ်သိမ်းပွဲ မွန်းညောင်ပင်သာကျေးရွာတွင် ကျင်းပ

**ဆင်ပေါင်းဝဲ၊ ဒီဇင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် မွန်းညောင်ပင်သာကျေးရွာ တောင်သူ ဦးကိုကိုကြီး၏ စိုက်ကွင်းအမှတ်(၄၃၂) ဦးပိုင်အမှတ်(၃၄)၌ မိုးစပါး ပုလဲသွယ် (GW 1) စံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာလအတွင်းက ကျင်းပရာ တစ်ဧကအထွက်နှုန်း ၁၅၆ ဒသမ ၂၀ တင်းနှုန်း ထွက်ရှိကြောင်း မြို့နယ် စိုက်ပျိုးရေးဝန်ထမ်းတစ်ဦးထံမှ သိရသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမင်းဇော်အောင်က စပါးတစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (GAP) စနစ်အတိုင်း တောင်သူများ လိုက်နာဆောင်ရွက်ရေး ဆွေးနွေးခဲ့သည်။

ယင်းနောက် မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးအေးနိုင်က အထွက်နှုန်းကောင်းမွန်ပြီး ဒေသနှင့် ကိုက်ညီသည့် သက်တမ်းတို အထွက်ကောင်းမျိုးသန့်စပါး အသုံးပြု စိုက်ပျိုးရေးတို့ကို ရှင်းလင်းပြီး ခရိုင်မြေအသုံးချရေးတာဝန်ခံ ဦးမြစံက မြေဆီလွှာပြဿနာများနှင့် ပြုပြင်ထိန်းသိမ်းနည်းများကိုလည်းကောင်း၊ သီးနှံတာဝန်ခံဦးသံချောင်းက သီးနှံဖျက်ပိုးကာကွယ်ရေးနည်းများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့်တောင်သူများက မရှင်းလင်းသည်များ မေးမြန်းရာ တာဝန်ရှိသူများက တောင်သူများ သဘောပေါက်နားလည်အောင် ပြန်လည်ဖြေကြားပေးခဲ့သည်။

**ဇော်ထက်(သရက်)**

## ပတ်ဝန်းကျင် ကျေးရွာများသို့ လွယ်ကူစွာသွားလာရန် မြေနီလမ်းဖောက်

**နတ်တလင်း၊ ဒီဇင်ဘာ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ဇီးပင်ကွေ့ကျေးရွာအုပ်စုနှင့် ချင်းကုန်းကံကျေးရွာအုပ်စုများသို့ အချိန်အခါမရွေး သွားလာနိုင်ရန် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေမှ လမ်းအရှည် ၅ မိုင် ၆ ဖာလုံမြေညီမှ အမြင့် ၇ ပေ အကျယ် ၁၀ ပေရှိ မြေနီလမ်းမကြီးကို ဒီဇင်ဘာ ၁၇ ရက်မှစတင်၍ ၁၅ ရက်နှင့်အပြီး ဖောက်လုပ်သွားမည်ဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်က ပြောသည်။

လမ်းဖောက်လုပ်ရေးလုပ်ငန်းတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်တို့က ဦးဆောင်၍ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နှင့် ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ဒေသခံပြည်သူများမှ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

လမ်းအမြန်ပြီးစီးရေးအတွက် မြန်မာရွှေသရဖီကုမ္ပဏီမှ စက်ယန္တယားများဖြင့် ဖောက်လုပ်နေပြီဖြစ်ရာ အဆိုပါလမ်းပြီးစီးသွားပါက နတ်တလင်း-တာပွန်-ဇီးပင်ကွေ့-ချင်းကုန်းကံကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ အချိန်အခါမရွေး သွားလာမှုအဆင်ပြေ ချောမွေ့သွားမည်ဖြစ်ပြီး ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများကို အချိန်တိုအတွင်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**ဝ၇၁**

## မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တရားမဝင်စက်သုံးဆီအရောင်းဆိုင်များအားစစ်ဆေး

**ပဲခူး၊ ဒီဇင်ဘာ ၂၀**

ပဲခူးမြို့နယ် မီးသတ်စခန်းမှူး ဒုမီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဦးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက နန်းတော်ရာရပ်ကွက်အတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တရားမဝင် စက်သုံးဆီရောင်းချနေသောဆိုင်များအား လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းစစ်ဆေးရေးအဖွဲ့တွင် ဦးထွန်းထွန်းဦးနှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ နန်းတော်ရာရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ ဒုတပ်ခွဲမှူးဦးသိန်းဝင်းဦးဆောင်သော အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ နန်းတော်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်ညိုနှင့် ဆယ်အိမ်မှူးများ၊ အထောက်အကူပြုအဖွဲ့များပါဝင်သည်။

ယင်းနေ့က သက်ဆိုင်ရာရပ်ကွက်အသီးသီးမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းကာ မြို့ပေါ်ရပ်ကွက်များသို့ လိုက်လံစစ်ဆေးရာ ရပ်ကွက်အတွင်း တရားမဝင် စက်သုံးဆီများ ရောင်းချခြင်းမပြုလုပ်ကြရန် အသိပေးပြောကြားပြီး အိမ်တိုင်းတွင် မီးကပ်၊ မီးချိတ်၊ ရေအိတ်၊ သဲအိတ်များထားရှိရန် မီးသုံးစွဲမှုအား သတ်မှတ်ချိန်အတိုင်း စနစ်တကျ သုံးစွဲရန် မှာကြားခဲ့ကြသည်။

**တင်စိုး(ပဲခူး)**

## အနောက်ဂန့်ဂေါ်၌မြစ်သာမြစ်ကမ်းပါးပြိုမှုကာကွယ်ရေး ဆောင်ရွက်

**ဂန့်ဂေါ၊ ဒီဇင်ဘာ ၂၀**

အနောက်ဂန့်ဂေါကျေးရွာတွင် မြစ်သာမြစ်ကမ်းပါးပြိုမှုများ ဖြစ်ပေါ်နေသောကြောင့် မြစ်သာမြစ်ကမ်းပါးအား ယခုနှစ်တွင် ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် မြေပြိုကျခြင်းမှ ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေကျပ် ၃၁၅ သန်း ခွင့်ပြုထားကြောင်း သိရသည်။

မြစ်သာမြစ်ဘေးရှိ ကျေးရွာများအနက် ရေတိုက်စား၍ မြေပြိုကျခြင်းများကို အနည်းနှင့်အများကြုံတွေ့ရလေ့ရှိရာ မြစ်သာမြစ်ဘေးရှိ ကျေးရွာတစ်ရွာဖြစ်သော ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါကျေးရွာတွင်လည်း မိုးများ၍ ရေကြီးရေလျှံဖြစ်သည့် နှစ်များတွင် မြေပြိုကျခြင်းများဖြစ်လေ့ရှိရာ အဆိုပါနှစ်များ၌ မြစ်ကမ်းအနီးရှိ လူနေအိမ်များပြောင်းရွှေ့ကြရလေ့ရှိသည်။



"မြစ်သာမြစ်က မိုးများတဲ့နှစ်တွေမှာ ရေကြီးရေလျှံ ဖြစ်လေ့ရှိတယ်လေ၊ ဒီလိုနှစ်တွေမှာ ကမ်းပါးပြိုကျရင် မြစ်ကမ်းအနီးက လူနေအိမ်တွေ ပြောင်းရွှေ့ကြရပါတယ်။ ပြီးခဲ့တဲ့ နှစ်နှစ်လောက်က ရေကြီးရေလျှံဖြစ်ခဲ့တာ လူနေအိမ်ရှစ်လုံးပြောင်းရွှေ့ခဲ့ကြရပါတယ်။

'အခု ကမ်းပါးပြို ကာကွယ်ရေးလုပ်ငန်းကို ဆောင်ရွက်နေပါပြီ။ ကမ်းပါးပြိုကျတဲ့ အန္တရာယ်က ကင်းဝေးသွားတော့မှာဖြစ်လို့ ကျေးရွာနေပြည်သူများအားလုံးစိတ်အေးချမ်းသာ နိုင်ကြပါပြီ" ဟု ကျေးရွာသား တစ်ဦးက ပြောသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးနိုင်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းမြို့နှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၁၂ ရက်က သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**(၄၆၅)**

## မိုးပွင့်အဆင့်(၇)စီမံချက် ကွင်းဆင်းဆောင်ရွက်

**မြန်အောင်၊ ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့တွင် မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် နိုင်ငံသား စိစစ်ရေးကဒ်ပြားများကို ရပ်ကွက်၊ကျေးရွာများတွင် ကွင်းဆင်း ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်က မြန်အောင်မြို့ အမှတ်(၁) ရပ်ကွက်နှင့်အမှတ်(၆) ရပ်ကွက်တို့တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွန့်ဦး ဦးဆောင်သော ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းနေ့က ဆောင်ရွက်ရာတွင် ရပ်ကွက်နေပြည်သူ ၁၅၀ အား နိုင်ငံသား စိစစ်ရေးကတ်ပြား ပြုလုပ်ပေးခဲ့သည်။ ဆက်လက်၍မြန်အောင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်သည်။

**ဝင်းမိုလ်**


### သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန် ရွှေရတုအထိမ်းအမှတ်ပွဲတော်ဖိတ်ကြားလွှာ

သွားနှင့်ခံတွင်းဆရာဝန်များ၊ သွားတုကျွမ်းကျင်သူများ၊ သွားကျန်းမာရေးဆရာမများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအားလုံး-

အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် လှိုက်လှဲစွာဖိတ်ကြားပါသည်။

| နေ့ရက် | အချိန် | နေရာ |
|---|---|---|
| ၂၆ ဒီဇင်ဘာ ၂၀၁၄ | နံနက် ၉း၃၀နာရီ | အမှတ် ၅၈၂၊ သံသုမာလမ်း၊ |
| ၂၇ ဒီဇင်ဘာ ၂၀၁၄ | နံနက် ၇း၃၀နာရီ | သွပ်ဝိုင်းကြီးရပ်ကွက်၊ သယ်န်းကျွန်း မြို့နယ်၊ ရန်ကုန်မြို့။ |

တက္ကသိုလ်ဝင်းအတွင်း ယာဉ်ရပ်နားရန် နေရာအခက်အခဲရှိပါသဖြင့် ကြိုတင်စီစဉ်နိုင်ရန် လေးစားစွာ မေတ္တာရပ်ခံပါသည်။

ကျင်းပရေးဗဟိုကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ တပ်ဦးကျောင်း ကျူးကျော်စုမှ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၀၄)၊မြေကွက်အမှတ် (၁၄၆၄/ခ)တွင် မြေကွက်ရရှိထားသူ မြေအမည်ပေါက် ဦးစံသိန်း(ဘ)ဦးခွေးဖြူ[၁၂/လကန(နိုင်)ဝ၆၃၁၉၄]၏ မြေကွက်အား အဆင့်ဆင့်ဝယ်ယူထားသူ ဦးမောင်မောင်ထွေး [၁၂/ဥကတ(နိုင်)ဝ၂၉ဝ၅၉]မှ မြေချပါမစ် ပြုလုပ်ခွင့် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်နေ့မှ(၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ စာရွက်စာတမ်း အထောက် အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ၎င်းမြေကွက်အား မြေချပါမစ်ပြုလုပ်ခြင်းကိစ္စအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေယာရုံးခွဲ(၈)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ကျောင်း၊ ကုမ္ပဏီ၊ ဘဏ်ကြို/ပို့၊ မြန်မာပြည်အနှံ့ခရီးသွား၊ တိုးလိုက်၊ တစ်မြို့မှတစ်မြို့ လိုင်းဆွဲရန်၊ TOYOTA HIACE, အန်စာတုံးကားများ၊ ခေါင်မြင့်၊ နောက်လေး၊ A/T Gear၊ DX GL၊ဒီဇယ် 2.5 CC, 3.0 CC, ဓာတ်ဆီ 2.0 CC, 2.7 CC (10), (12), (15)ယောက်စီးကားများကို

**123-B**၊ သံလွင်လမ်း၊ ကမာရွတ်ခြံတွင် ကြည့်ရှုဝယ်ယူနိုင်ပါသည်။

ဖုန်း - ၀၉ ၅၁၁၇၅၈၀၊ ၀၉ ၅၄၁၅၁၂၅

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄/ကံဘဲ့၊ မြေကွက်အမှတ်-၁၆/ခ၊ K တံနီကိုဒီရာပုလဲ (မြို့မြေစာရင်းတွင် မှတ်ပုံတင်အမှတ်မပါပါ)၊ အမည်ပေါက် B မြေ လ/န-၃၉၊ ဧရိယာ-၀. ၉၁၄ ဧကခန့်အနက်မှ မခွဲမစိတ်ရသေးသောပေ (၁၂၀×၇၁)ရှိ မြေကွက် အစိတ်အပိုင်း၊ မြေကွက်တည်နေရာအမှတ်(၄/က)၊ ရွှေသစ္စာလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်း မြို့နယ်အား ရန်ကင်းမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်-၈၇/၂၀၀၇(တရားလို) ဒေါ်အုန်းအုန်းသန့်နှင့် တရားပြိုင်ဒေါ်စိုးစိုးကြင်၊ ဦးကြည် အမှုတွင် တရားလို က တရားပြိုင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု စွဲဆိုခဲ့ခြင်းအပေါ် ချမှတ်သည့် ၃၀-၈-၂၀၀၇ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့် ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ်-၇၀/၂၀၀၈အမိန့်တို့ အရ ရန်ကင်းမြို့နယ် တရားရုံးဘီလစ်ဒေါ်အေးအေးသိန်းမှ ချုပ်ဆိုပေးသော အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ် ၄၀၇၂/၀၉ (၁၁-၁၂-၀၉)အရ ဝယ်ယူပိုင်ဆိုင်သူ ဒေါ်အုန်းအုန်းသန့် [၁၂/ရကန(နိုင်)၀၄၆၄၀၄]ကိုယ်စား GP ၂၈၄၄၃/၁၄ (၂၁-၁၀-၂၀၁၄)ရသူ ဦးစိန်လှိုင်က အရောင်းအဝယ်စာချုပ်၊ ကိုယ်စားလှယ်လွှဲစာ၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**မသင်း** အိမ်၊ ခြံ၊ မြေအကျိုးဆောင် အင်းစိန်၊ မုဒိတာ(၂)ရှိတိုက်ခန်းများ ဝယ်လိုရောင်းလိုသည်။

ဖုန်း **09-421102138, 09-420287385**

### ကားရောင်းမည်

TOYOTA WISH, 2004, ခဲမည်း၊ နောက်မီးဖြူ၊ စတီ၊ ပစ္စည်းစုံ၊ (2) Grade. 2.0CC.148L

Ph:09-73233570, 09-73225374.

### အများပြည်သူသိစေရန်ကြေညာချက်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကွာင်န်းကျေးရွာအုပ်စု၊ ဘားကျွန်းကွင်း၊ ကွင်းအမှတ်(၄၁၀)၊ ဧရိယာ(၁၈၄. ၄၅)ဧကသည် ၁၉၉၂ ခုနှစ်ကတည်းက ဒေါ်ခင်သန်းဝင်းမိသားစုမှ နှစ်(၃၀) လုပ်ကိုင်ခွင့်ရရှိလုပ်ကိုင်သောမြေဖြစ်ပါသည်။

အဆိုပါမြေပေါ်တွင် Pacific Link Cement Industries ကုမ္ပဏီမှ ဘိလပ်မြေစက်ရုံဆောက်လုပ်ရန်အတွက် မြေ(၁၈၄. ၄၅)ဧကအနက်မှ (၁၀၂. ၂၀၈)ဧကကို ၄-၄-၂၀၁၄ရက်တွင် မြေအကျိုးခံစားခွင့်နစ်နာကြေးအပေးအယူလုပ်ပြီး ဒေါ်ခင်သန်းဝင်းမှ နစ်နာကြေးငွေပေးအပ်သူ ဒေါ်စုစုခင်(ခ)မီးမီးသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိမြေ(၈၂. ၂၄၂)ဧကကို ဒေါ်ခင်သန်းဝင်းမိသားစုမှ လက်ရှိလက်ရောက်ရယူထားခဲ့ပြီး လုပ်ကိုင်စိုက်ပျိုးထားရှိဆဲဖြစ်ပြီး သက်ဆိုင်ရာသို့လည်း အသိပေးထားပြီး ဖြစ်ပါသည်။

နစ်နာကြေးယူပြီး လွှဲပြောင်းစွန့်လွှတ်ပေးသော မြေ(၁၀၂. ၂၀၈)ဧကမှအပ မိသားစု လုပ်ကိုင်နေသည့် ကျန်ရှိဧက (၈၂. ၂၄၂)ဧကအပေါ် ဒေါ်ခင်သန်းဝင်းမိသားစု၏ အတိအလင်း သဘောတူညီချက်မရဘဲ မည်သူမျှ ဝင်ရောက်ကျူးကျော်ခြင်း၊ နစ်နာဆုံးရှုံးစေခြင်း (သို့တည်းမဟုတ်) ဒေါ်ခင်သန်းဝင်းမိသားစုအား နစ်နာဆုံးရှုံးစေရန် အကြံဖြင့် တစ်နည်းနည်းပြုလုပ်လာမည်ဆိုပါက တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း သိစေလိုက်ပါသည်။

ဒေါ်ခင်သန်းဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ဆွေ (**B.A, H.G.P**)

ဥပဒေအတိုင်ပင်ခံအကျိုးဆောင်ရှေ့နေ (စဉ်-၄၀၃၅/၁၉၇၇)

အမှတ်(၄၃)၊ ၁၂၅လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

ဖုန်း- ၀၉ ၂၅၀၀၁၃၉၇၁

# ပလက်ဝမြို့တွင် ၅၀ ကေဗွီအေ ထရန်စဖော်မာအစား ၁၀၀ ကေဗွီအေ ထရန်စဖော်မာ လဲလှယ်တပ်ဆင်

**ပလက်ဝ၊ ဒီဇင်ဘာ ၂၀**

ပလက်ဝမြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသည် လျှပ်စစ်ဓာတ်အားသုံးစွဲသူများ လျှပ်စစ်ဓာတ်အား အပြည့်အဝ သုံးစွဲနိုင်ရေးအတွက် ၅၀ ကေဗွီအေ ထရန်စဖော်မာအစား ၁၀၀ ကေဗွီအေ ထရန်စဖော်မာဖြင့် လဲလှယ်ပြီး ဒီဇင်ဘာ ၁၈ ရက်မှစ၍ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ယင်းအပြင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ်လျှပ်စစ်မှူးနှင့် ဝန်ထမ်းများက အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည်။

၁၀၀ ကေဗွီအေ ထရန်စဖော်မာကို လဲလှယ်တပ်ဆင်ဓာတ်အားဖြန့်ဝေပေးသည့်အတွက် ဒေသခံတစ်ဦးက မီးအလင်းအားပိုမိုကောင်းမွန်လာသည့်အပြင် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကိုလည်း ဓာတ်အားကောင်းမွန်လာသည့်အတွက် ယခင်ကထက် ကောင်းမွန်စွာကြည့်ရှုနားဆင်ရကြောင်း ပြောသည်။

**ကျော်ဦး(ပြန်/ဆက်)**

# နိုင်ငံတစ်ဝန်းဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းအသိပေးဆွေးနွေး

**ဝက်လက်၊ ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့ ကျန်းမာရေးဦးစီးဌာနရုံးတွင် ဒီဇင်ဘာ ၁၆ ရက်နံနက် ၉ နာရီခွဲက နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ၂၀၁၅ အသိပေးဆွေးနွေးပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မျိုးနိုင်က ၂၀၁၅ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ဝက်သက်နှင့်ဂျိုက်သိုးရောဂါကာကွယ်ဆေးကို အသက် ၉ လမှ ၁၅ နှစ်အတွင်း ဝက်လက်မြို့နယ်အတွင်းရှိ ကလေးများအားလုံးကို ကျောင်းအခြေပြုနှင့် ပြည်သူလူထုအခြေပြု ခွဲခြားကာ ကာကွယ်ဆေးထိုးသွားရန် စီစဉ်ထားကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်နှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

**နန်းမြင့်(ဝက်လက်)**

# မုံရွာ၊ မန္တလေးဒေသမှ ပျားပုံးများ ကလေး–ဂန့်ဂေါ လမ်းပိုင်းရှိ နေကြာခင်းများသို့ ပြောင်းရွှေ့

**ကလေး၊ ဒီဇင်ဘာ ၂၀**

မုံရွာ၊ မန္တလေးဒေသမှ ပျားပုံးများကို ကလေး-ဂန့်ဂေါလမ်းပိုင်းရှိ နေကြာခင်းများသို့ နိုဝင်ဘာလ လယ်ခန့်မှ စတင်ကာ ပြောင်းရွှေ့လျက်ရှိကြောင်း သိရသည်။

"ဂန့်ဂေါလမ်းပိုင်းက နေကြာခင်းတွေကို နိုဝင်ဘာလကတည်းက စပြောင်းတာပါ။ အခုဆိုရင် ပျားမွေးတဲ့ လုပ်ငန်းရှင်တွေ တော်တော်များများ ပြောင်းနေကြပါပြီ" ဟု ပျားမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။



လုပ်သားပျားကောင်များ အနေဖြင့်လည်း ယခင်နှစ်မှာ ပျားရည်အထွက်နည်းသောကြောင့် ပျားရည်မှာ ယခင်နှစ်များထက် ပိုမိုအရောင်းသွက်လာကြောင်း၊ ပျားရည်ဈေးမှာ ယခုပေါက်ဈေး တစ်ပိဿာလျှင် ကျပ် ၁၇၀၀ ဝန်းကျင်ဈေးပါက်နေကြောင်း၊ ဒေသအလိုက်ထွက်သော ပျားရည်များကို မန္တလေး၊ ရန်ကုန်မြို့များမှတစ်ဆင့် ဂျပန်နိုင်ငံထိ တင်ပို့ကြကြောင်း သိရသည်။

"ပျားပုံးတစ်ပုံးမှာ ပျားသလက်ချပ် ရှစ်ချပ်ကနေ ၁၂ ချပ်ထိ ထည့်ထားပါတယ်။ ပျားရည်ပျစ်ပျစ်လိုလျှင် ၁၀ ရက်ခန့်ထားရပြီး၊ ပျားရည်ကျဲကျဲလိုလျှင်တော့ ခုနစ်ရက်ခန့်ထားရပါတယ်။ ပျားရည်တစ်ပုလင်းကို ကျပ် ၂၀၀၀ ထိ ရောင်းရပါတယ်။ ပန်းပွင့်၊ ပန်းခင်းတွေ ပေါတဲ့နေရာဆိုလျှင်တော့ ပိုပြီးတွက်ခြေ ကိုက်ပါတယ်" ဟု သာယာဝတီကျေးရွာမှ ပျားလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံအရပ်ရပ်ရှိ ပျားပုံးများသည် ဖေဖော်ဝါရီလမှ မေလကုန်အထိ ကလေးမြို့နယ်တွင် အမိကထားရှိကြပြီး ဇွန်လတစ်လကို မုံရွာခရိုင် ကနီမြို့နယ်သို့ ပြောင်းရွှေ့ကြကာ ဆက်လက်၍လည်း အစာပေါများသော ဒေသများသို့ လှည့်လည်၍ ပြောင်းရွှေ့ကြပြီး ယခုဆိုလျှင် နိုဝင်ဘာလကပင် ဂန့်ဂေါမြို့နယ်ရှိ နေကြာခင်းများသို့ ပြောင်းရွှေ့ခြင်း ဖြစ်ကြောင်း ပျားမွေး မြူရေးလုပ်ငန်း ရှင်များက ပြောသည်။ **လင်းလက်ကြယ်စင်**

# အထူးအထွက်တိုး ရွှေတောင်(၈)နှင့် ငွေချည်(၉) ချည်မျှင်ရှည်ဝါ စံပြကွက် ကွင်းပြပွဲ မြင်းမူမြို့နယ်၌ ကျင်းပ

**မြင်းမူ၊ ဒီဇင်ဘာ ၂၀**

အထူးအထွက်တိုးသည့် ဝါမျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်စေရန်အတွက် ရွှေတောင်(၈)နှင့် ငွေချည်(၉) ချည်မျှင်ရှည်ဝါ စံပြကွက် ကွင်းပြပွဲကို ဒီဇင်ဘာ ၁၇ ရက်က မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာ ကွင်းအမှတ်(၂၉၃)၊ ဦးပိုင်အမှတ်(၁၀၂)နှင့် (၁၀၃)ရှိ တောင်သူ ဦးခင်မောင်တင့်၏ ဝါစိုက်ခင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကွင်းပြပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်တို့က အမှာစကားပြောကြားကြပြီး တိုင်းဒေသကြီးစက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းရှိန်က အထွက်တိုးဝါမျိုးကောင်းမျိုးသန့်စိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ခရိုင်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်ဦးက စိုက်ပျိုးနည်းစနစ်နှင့် ဓာတ်မြေဩဇာ အသုံးပြုနည်းများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ရွှေတောင်(၈)နှင့် ငွေချည်(၉) ချည်မျှင်ရှည်ဝါတို့သည် အထူးအထွက်တိုးပြီး တစ်ဧကလျှင် ဝါပိဿာ ၁၀၀၀ ကျော် ထွက်ရှိသဖြင့် တစ်ဧက အကျိုးအမြတ်ငွေကျပ် ၈ သိန်းကျော်ရရှိကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသည့် အလ္လကပ္ပနှင့် တောချောင်းဦးကျေးရွာတို့မှ တောင်သူများက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသည့် ရွှေတောင်(၈)နှင့် ငွေချည်(၉) ချည်မျှင်ရှည်ဝါစိုက်ခင်းအား ကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းနှင့် ဝန်ထမ်းများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

မြင်းမူမြို့နယ်သည် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဝါမျိုးစုံ ဧက ၁၉၂၀၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ၁၉၃၇၉ ဧက စိုက်ပျိုးနိုင်ခဲ့သည့်အတွက် လျာထားဧကထက် ကျော်လွန်စွာ စိုက်ပျိုးနိုင်ခဲ့ပြီး ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO)က ချီးမြှင့်သည့် ချည်မျှင်ရှည်ဝါ စိုက်ပျိုးမှု ထူးချွန်မြို့နယ်ဆု ခြောက်ကြိမ်ရရှိထားပြီးဖြစ်ကြောင်း သိရသည်။

**ဖိုးခါး**

**အင်းလေးချစ်သူ (Travels & Tours)**

အဆင့်မြင့်ဘုရားဖူးခရီးသွားလုပ်ငန်း

အင်းလေးချစ်သူ၏ရာသီသစ်ခရီးစဉ်များ

| | | | |
|---|---|---|---|
| ပုဂံ၊ ပုပ္ပါး၊ ရွှေမြို့တော် | (Hotel~2N) | (Dec-24,Jan-9) | 109,000/- |
| တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ထမ်စမ်း | (Hotel~2N) | (Dec-29,Jan-2) | 119,000/- |
| မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ အင်းဝ | (Hotel~2N) | (Dec -26) | 109,000/- |
| မန္တလေး၊ စစ်ကိုင်း၊ အင်းဝ၊ အလောင်းတော်ကဿပ | (Hotel~2N) | (Jan-16) | 119,000/- |
| မန္တလေး၊ စစ်ကိုင်း၊ အင်းဝ၊ ပြင်ဦးလွင်၊ အလောင်းတော်ကဿပ | (Hotel~3N) | (Jan-31) | 149,000/- |
| တောင်ကြီး၊ အင်းလေး၊ လွိုင်ကော်၊ ပင်းတယ၊ ကုံလုံ၊ ထမ်စမ်း | (Hotel~3N) | (Jan-23) | 149,000/- |

New Year အထူးအစီအစဉ်

| | | | |
|---|---|---|---|
| ငွေဆောင်ခရီးစဉ် | (Hotel~2N) | (Dec-31) | 115,000/- |

Ph : 09421030814, 09250092602, 095010851

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

- မြေပေ(၄၀×၆၀)၊ 1-RC ၊ ဂရန်အမည်ပေါက် ရေ မီးအစုံ သစ္စာလမ်းမကြီးအနီး(ဂုတ်ခြီ)၊ မြသစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ကျပ်သိန်း-(၆၀၀၀) (ညှိနှိုင်း)
- မိုးကောင်းရိပ်သာ တိုက်(၁)၊ (၄)လွှာ သစ္စာလမ်းမကြီး (ဘေးကပ်လျက်)၊ မိုးကောင်းဘုရားအနီး၊ ရန်ကင်းမြို့နယ်။ ကျပ်သိန်း-(၅၃၀) (ညှိနှိုင်း)။

ဖုန်း-၀၉-၅၀၂၁၀၃၅၊ ၀၉-၅၁၀၇၉၁၄၊ ၀၉-၂၅၄၀၆၂၇၅၇

**အထက (၄) ပုဇွန်တောင်**

**ပထမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားခြင်း**

၁၉၉၄-၂၀၀၅ ပညာသင်နှစ် အထက(၄)ပုဇွန်တောင် ကျောင်းသားဟောင်းများ ကြီးမှူးကျင်းပ သည့် ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၄-၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် (၉း၀၀)နာရီတွင် ဘုရားဖြူကျောင်းတိုက်၊ သုံးထပ်ကျောင်းဆောင် (ပုဇွန်တောင်မြို့နယ်)တွင် ကျင်းပမည်ဖြစ်ရာ ဖိတ်ကြားခံဆရာကြီး၊ ဆရာမကြီးများ နှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများ ပူဇော်ကန်တော့ပွဲသို့ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်မေးမြန်းလှူဒါန်းလိုသူများ

ဒေါက်တာအောင်ပြည့်ပိုင် - ၀၉ ၇၃၂၃၄၁၈၂ မင်းမင်းထွန်း -၀၉ ၄၃၁၀၅၆၆၈

မေယုဝါမြင့် - ၀၉ ၅၄၁၀၁၉၇ ခင်ပြည့်စုံ - ၀၉ ၄၂၀၁၀၅၉၆၁

**ပျောက်ဆုံးကြောင်း**

ဗိုလ်ကြီးတင်မောင်မြင့် (ငြိမ်း)၊ ကြည်း-၂၅၂၃၆ ၏ လားရှိုးမြို့ ရပ်ကွက် (၁၂)အတွင်းရှိ အကွက်အမှတ် [၂/စစ်မှုထမ်း(နောက်)]၊ ဦးပိုင်အမှတ်(၁၂၅)၊ ဧရိယာ(၀. ၀၉၆)ဧက၊ မြေဂရန် အမှုတွဲအမှတ် (၂၂၁-၅) ၂၀၀၆-၂၀၀၇ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၉၂၇၆၄

လီယိုမက်အရေပြားရောဂါကု တိုင်းရင်းဆေးတိုက်မှ

**ခရုသင်း၊ သမင်ဖြူ**

နယ်မှ ဝေးနေရာ ရှင်များ စာတိုက်မှ တဆင့်မှာ ယူနိုင်ပါသည်။

ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊ သွေးမသန့်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။

အမှတ် (၂၂၁)၊ (၃)ထပ်၊ ၃၂လမ်း၊(အထက်) ရန်ကုန်မြို့။

ဖုန်း ၀၁-၂၅၂၅၉၈၊ ၀၁-၂၄၃၈၅၁

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ထက်ပိုင်ဟိန်း[၁၂/မဂဒ(နိုင်)၁၀၇၂၆၃]၏ နိုင်ငံကူးလက်မှတ်အမှတ်-M 726812၊ သင်္ဘောသားစာအုပ်(CDC-65139), 4Ticket, SSA, CMCတို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ထက်ပိုင်ဟိန်း ဖုန်း-၀၉၇၃၀၄၁၅၅၄

**(၁၉၈၅-၁၉၉၂) ရန်ကုန်တက္ကသိုလ် ဘူမိဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ် အာစရိယပူဇော်ပွဲနှင့်ညစာစားပွဲ**

၁၉၈၅ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဘာသာရပ်သို့ စတင်တက်ရောက်ခဲ့သူများနှင့် ၁၉၉၂ ခုနှစ်တွင် ဘူမိဗေဒဘွဲ့ ရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဆရာ၊ ဆရာမကြီးများအား ကိုယ်တိုင်ကိုယ်ကျ ပူဇော်ကန်တော့နိုင်ပါရန်နှင့် သူငယ်ချင်းများပြန်လည်ဆုံတွေ့နိုင်ရန် မပျက်မကွက် တက်ရောက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါကလည်း အောက်ပါသူငယ်ချင်းများထံတွင် ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

နေ့ရက် -၁၁-၁-၂၀၁၅ (တနင်္ဂနွေနေ့)
အချိန် -ညနေ ၅း၀၀ နာရီ
နေရာ -ဆီဒိုးနားဟိုတယ်(ရန်ကုန်) မင်းတုန်းခန်းမ။

| | |
|---|---|
| အောင်သွင်-၀၉-၇၃၄၅၅၅၅၅ | ဝင်းနိုင်ထွန်း-၀၉-၅၁၉၆၇၅၈ |
| သက်ဦး-၀၉-၅၀၀၅၂၆၀ | ကျော်စွာထွန်း-၀၉-၅၁၇၇၅၃၁ |
| မြင့်ကြည်ထွန်း-၀၉-၅၁၄၉၅၁၈ | ဝင်းမောင်မောင်-၀၉-၇၃၀၇၅၈၈၆ |
| မောင်မောင်စိုး-၀၉-၅၀၄၀၄၈၉ | ဇော်နိုင်ဦး- ၀၉-၅၃၇၆၃၈၂ |
| စိုးသူရထွန်း-၀၉-၅၁၄၄၀၀၅ | စန္ဒာညွန့်+ ၆၅-၉၀၂၉၇၇၂၆(စင်ကာပူ) |

**Geo-friends Co.,Ltd-** ၀၁-၅၆၁၄၃၁၊ ၀၉-၄၂၀၁၀၇၇၅၇

## မြို့နယ်နှင့်အခြေခံသမဝါယမအသင်းများတွေ့ဆုံ

**မြင်းခြံ၊ ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မြို့နယ်သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ မြို့နယ်နှင့်အခြေခံသမဝါယမအသင်းများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဦးဇော်ဝင်းနှင့် မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းအောင်တို့က EXIM BANK ချေးငွေများ ယခုလကုန်လျှင် ပြန်လည်ပေးဆပ်ရတော့မည်ဖြစ်ကြောင်း၊ သတ်မှတ်ကာလအတွင်း မပျက်မကွက် ပေးဆပ်ရမည်ဖြစ်ကြောင်း၊ ထားရှိရမည့် စာရင်းဇယားများကို Up to Date ရေးသွင်းရန် လိုကြောင်းနှင့် လယ်ယာသုံး စက်ကရိယာပစ္စည်းများအား အရစ်ကျရောင်းချပေးမည့် အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး CB Insurance မှ ဒေါ်သီနွယ်ဦးက မြွေအန္တရာယ် အသက်အာမခံနှင့် စုပေါင်းအသက်အာမခံထားရှိရေးကိစ္စကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာသူများမှ ဆွေးနွေးမေးမြန်းမှုအား မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးဇော်ဝင်း နှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းအောင်တို့မှ ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့များ၊ အခြေခံသမဝါယမအသင်း ၁၅၄ သင်းမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ခဲ့သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ချင်းတောင်ပေါ်တွင် ဆီးနှင်းများ ထူထပ်စွာကျဆင်း ခရီးသွားယာဉ်များ သတိထားသွားရန်လို

**ကလေး၊ ဒီဇင်ဘာ ၂၀**

ချင်းတောင်ပေါ်တွင် ဆီးနှင်းများ ထူထပ်စွာ ကျဆင်းနေမှုကြောင့် ကလေး-သိုင်းငင်း-ဖလမ်း-ဟားခါး ပြေးဆွဲနေကြသော ခရီးသွားယာဉ်များအနေဖြင့် သတိထားသွားရန် လိုအပ်နေကြောင်း ဒေသခံများနှင့် ခရီးသွားများက ပြောသည်။

"အခုရက်ပိုင်း ချင်းတောင်ပေါ်မှာ ဆီးနှင်းတွေ တအားကျတယ်။ ကားတွေကလည်း နှင်းခဲ့မီးတော့ပါတယ်။ ဒါပေမယ့် အဝေးကြီး လှမ်းမမြင်ရဘူး။ ယာဉ်တစ်စီးနဲ့ တစ်စီး အနီးကပ်ရောက်မှ မြင်ရတယ်။ အဓိကကတော့ ကားစက်သံကို နားစွင့်ပြီး သွားရတယ်။ ဒီနှစ်တော့ ဆောင်းရာသီမှာ ကားတွေ ချောက်ထဲကျတာ စိပ်နေတယ်။ ဒီရာသီမှာ ချင်းတောင်တက် ကားတွေအနေနဲ့ကတော့ သတိထားသွားလာတာ အကောင်းဆုံးပဲ" ဟု တီးတိန်မြို့ခံ ချင်းတိုင်းရင်းသားတစ်ဦးက ပြောသည်။

"ဒီရက်ပိုင်း ဆီးနှင်းကျတာကတော့ ချင်းတောင်ပေါ်မှ မဟုတ်ဘူး။ ချင်းတောင်ခြေဖြစ်တဲ့ ကလေးမြို့မှာဆိုလည်း နံနက် ၈ နာရီခွဲလောက်အထိ ဆီးနှင်းတွေက ကျနေတုန်းပဲ။ တောင်ပေါ်လမ်းတွေကတော့ ရာသီမရွေး ဂရုစိုက် မောင်းရတာချည်းပါ။ လမ်းချော်မှုတွေလည်း ဖြစ်နိုင်တယ်။ လမ်းကို မမြင်ရလို့ တစ်စီးနဲ့ တစ်စီးတိုက်မိတာတွေလည်းကြားရတယ်။ ဒီနောက်ပိုင်းချောက်ထဲကို ကားလေးတွေ ကျတာဆိုလို့ ပါဂျဲရိုးတို့ ဂျစ်ကားတို့တွေ ဖြစ်တာများတယ်။ သူတို့က ကားကကောင်းတော့ အမြန်မောင်းကြတယ်။ နောက်ပြီး ဆိုင်ကယ်သမားတွေကလည်း လမ်းကွေ့တွေမှာ ဟွန်းမတီး အမြန်မောင်းတော့ ထိခိုက်မိတာတွေ ဖြစ်နေတယ်လို့ ကြားရတယ်" ဟု ကလေး-ရိဒ်ခေါဒါရ် ပြေးဆွဲသည့် ကားမောင်းသူတစ်ဦးက ပြောသည်။

ကလေး-ချင်းတောင် ခရီးစဉ်တွင် ယခင်က ကလေးစက်မှုဇုန်ထုတ် ဟိုင်မွန်ဂျစ်များသာ ပြေးဆွဲခဲ့ရာမှ ယခုနှစ်တွင်မူ ဂျပန်နိုင်ငံထုတ်နှင့် ဥရောပနိုင်ငံထုတ် ကားများဖြစ်သည့် Mini Bus ကားများပါ ပြေးဆွဲလာကြပြီး ထိုသို့ လူစီးသီးသန့် ဇိမ်ခံကားများဖြင့် ပွင့်လင်းရာသီတွင် ပြေးဆွဲမှု များပြားလာမှုကြောင့် လူစီးသီးသန့် ဟိုင်မွန်ဂျစ်ကားများတွင်မူ စီးနင်းသူ နည်းပါးသွားပြီး ဝင်ငွေလည်း လျော့ကျနေကြောင်း သိရသည်။

**လင်းလက်ကြယ်စင်**

# မောက်မယ်မြို့နယ်ရှိ နားလော့ ကျေးရွာချင်းဆက်တံတား ပြန်လည်ပြုပြင်မည်

**မောက်မယ်၊ ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်း ကျေးရွာချင်းဆက်တံတား ပြန်လည်ပြုပြင်ရန် ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၂၀ ဖြင့် ခွဲဝေချထားပေးပြီးဖြစ်ရာ အရှည်ပေ ၄၅ ပေအကျယ် ၁၄ ပေ နားလော့တံတားအား ပြန်လည်ပြုပြင်ရေးအတွက် မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးဌာနက တာဝန်ယူ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် န. တ. လ ရန်ပုံငွေဖြင့် ဆောက်လုပ်ထားသည့် မောက်မယ် မြို့နယ်နှင့် နမ့်လွတ်ကျေးရွာသို့ ဆက်သွယ်ထားသော ဟွေဟောင်ချောင်းချောက်တံတားသည် နိုဝင်ဘာလက ရွာသွန်းခဲ့သောမိုးကြောင့် ကမ်းကပ်ခုံ၏ မြေကာနံရံမှာ ၁၀ ပေခန့် ပြိုကျပျက်စီးခဲ့ရာ ပြည်သူများမှ ကိုယ့်အားကိုယ်ကိုး ပြန်လည်ပြုပြင်ရေးလုပ်ငန်းကို ဆောင်ရွက်နေကြောင်း သိရသည်။



ဟွေဟောင်ချောင်း ချောက်တံတားနှင့် နားလော့ တံတားတည်ဆောက်မည့်နေရာအား မြေညှိခြင်း၊ ပိုင်တိုင်စိုက်ခြင်းများ ပြုလုပ်၍ သစ်စုဆောင်းထားရှိမှု၊ ကျောက်စုဆောင်းထားရှိမှုများ ဆောင်ရွက်နေပြီဖြစ်ရာ ဒီဇင်ဘာ ၁၇ ရက်က မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး ဦးဆောင်၍ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များက သွားရောက်ကြည့်ရှုခဲ့သည်။

ယင်းသို့ သွားရောက်ကြည့်ရှုရာတွင် စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေးအတွက် လိုအပ်သည်များကို ညှိနှိုင်းပေးခဲ့သည်။ **စိုင်းမျိုးသန့်(ပြန်/ဆက်)**

## မြဝတီမြို့နယ်၌ လူကုန်ကူးခံရသူများ ယာယီစောင့်ရှောက်ရေးဂေဟာဖွင့်

**မြဝတီ၊ ဒီဇင်ဘာ ၂၀**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် လူကုန်ကူးခံရသူများ ယာယီစောင့်ရှောက်ရေးဂေဟာဖွင့်လှစ်ခြင်း အခမ်းအနားကို အဆိုပါရုံးရှေ့တွင် ဒီဇင်ဘာ ၁၉ ရက်က ပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုကိုယ်စား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းခေါင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာပထမအတွင်းဝန် Mr. Akinori Takashima က ဂေဟာဆောက်လုပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနေ့က လူကုန်ကူးခံရသူများ ယာယီစောင့်ရှောက်ရေးဂေဟာအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းခေါင်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ကရင်ပြည်နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်ငွေ၊ ကရင်ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ပထမအတွင်းဝန် Mr. Akinori Takashima တို့က ဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။

**ထွန်းထွန်းဦး (မြဝတီ)**

Royal Gandamar Travels & Tours
December X'mas အထူးခရီးစဉ်များ
>အင်းလေး-တောင်ကြီး-ထန့်စမ်းဂူ-ကလော-ပင်းတယ(၅ရက်) Dec 26 ၁၉၀,၀၀၀
>ပုဂံ-ညောင်ဦး-ပခုက္ကူ-ပုပ္ပါး(စွယ်တော်လေးဆူ)(3D/4N) Dec 25 ၁၅၀,၀၀၀
>မော်လမြိုင်-ကျိုက္ခမီ -စက်စဲကမ်းခြေ (အပတ်စဉ် စနေ) ၃၅,၀၀၀
>ပြည်-အကောက်တောင်-ပျူမြို့ဟောင်း (အပတ်စဉ် စနေ) ၃၀,၀၀၀
Call:09 333 53275,09 250 892626,095127969
အမှတ်(၆၉)၊(ဒု)ထပ်၊ ကိုင်းတန်းလမ်း၊လမ်းမတော်(near Junction Mawtin)
3*Hotel, Scania ကား၊ Meals, Guide စရိတ်ငြိမ်း

"တိုက်ခန်းရောင်းမည်"
မ/ဥက္ကလာ၊ (၂)ရပ်ကွက်၊
သုမာလာလမ်းမ (၁၈×၅၅)ပေ၊
၆လွှာ(ကြိုပွိုင့်) ၂ခန်း(ရောင်း) 600 သိန်း
Ph: 09-5134630, 09-31559755

သဘာဝအချိုရည်၊ဂျယ်လီ၊သစ်သီးယို၊ရေခဲမုန့်၊နိုင်ငံခြားမုန့်ဖုတ်သင်တန်း
ရှားစောင်းလက်ပတ်အချိုရည်အဆီကျမျော့ရည်မစ်ရှိတ်မုတင်းဒိန်ချဉ်နှင့်အအေးဆိုင်ဖွင့်နည်းဆောစ်ဝိုင်
1 24.12.14 မှ 30.12.14 | 3 30.12.14 မှ 5.1.15 | ကိတ်ကွတ်ကီး Puffပေါင်မုန့်
2 27.12.14 မှ 2.1.15 | 4 2.1.15 မှ 8.1.15 | Pizzaနှင့်နိုင်ငံခြားမုန့်မျိုးစုံ
ROYAL SUN စားသောက်ကုန်သင်တန်း အမှတ်-26၊သစ်တောလမ်း
အလုံစာတိုက်အနီး၊အလုံမြို့နယ်၊ရန်ကုန်။ 01-212651,09-30309551

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်းရှင်များနှင့် ရောင်း/ဝယ်/ပေါင်နှံလိုသူများ လက်ကိုင်ထားရမည့်
အကျိုးရှိအောင်
အကျိုးဆောင်
ဂျာနယ်ကိုဖတ်လိုက်ပါ .....
City Mart များတွင်လည်း ရရှိနိုင်ပါသည်
Ph : 01-387127, 375537 (အသုံးမလိုဂိုလှုံ့ဝှဥ်။ အဓမ္မကြော်ငြာတ်ထွက်ပါသည်)
ဒီဇင်ဘာ (၂၁) ရက်၊ တနင်္ဂနွေနေ့
■အာဆီယံနိုင်ငံများနှင့်ဆက်စပ်၍ နိုင်ငံအတွင်းရွှင့်ပြမည့် (ယာဉ်+ကုန်) အလေးချိန် အာဆီယံစံနှုန်းသတ်မှတ်ချက်ထုတ်ပြန် ■ရန်ကုန်တိုင်းဒေသကြီး ရှိမြို့နယ်အချို့တွင် (၅)နှစ်အတွင်းဖြစ်ပေါ်ခဲ့သော တိုက်ခန်းဈေးနှုန်းအပြောင်းအလဲ ■၂၀၁၄ ခုနှစ်အတွက် မြန်မာ့ အိမ်၊ ခြံ၊ မြေပြန်လည်သုံးသပ်ချက် ■ပြည်တွင်းမှ သဘော်သားများခေါ်ယူရာတွင် ကိုရီးယားနှင့်ဂျပန်က အများဆုံးဖြစ် ■တတ်သိပညာရှင်ကန်ထရိုက်တာ၊ အင်ဂျင်နီယာများနှင့် တိုက်ဆောက်ချင်ပါသည် ■အရေးပါတဲ့မြို့ကြီးများစွာမှာဖြစ်နေတဲ့ ဂလိုဘယ်လ် အိမ်၊ ခြံ၊ မြေ လမ်းကြောင်း ■အခန်းပေး၊ အခန်းယူစနစ်ဖြင့်ဆောက်လုပ်ရန်နေရာ ရှားပါးသွားသောမြို့ရန်ကုန် ■၂၀၁၄ ခုနှစ်ဟာ အပူဆုံးနှစ်ဖြစ်နိုင်ပြီး ရာသီဥတု ပုံမှန်မဟုတ်သည်ဖြစ်လာနိုင် ■မြို့ကြီးများနှင့် ကွန်ဒိုများ ■မိုးယွန်းကြီးအင်းမှသည် ပလိပ် ရေတိမ်အင်းဆီသို့ . . . အပါအဝင် ပါနေကျကဏ္ဍများစွာဖြင့်
www.ahkyosaungjournal.com Website တွင် တစ်ကမ္ဘာလုံးမှ ဝင်ရောက်ဖတ်ရှုလေ့လာနိုင်ရန် လွှင့်တင်လျက်ရှိပါသည်။
ထွက်ပြီ

SMART
Korea EPS -TOPIK
ကိုရီးယား၊ အလုပ်သမား၊ စာမေးပွဲ
EPS - TOPIK တက်ပြီး
လစာ (၁၅)သိန်း နှင့်
အထက် ရယူကြစို့ ....
- EPS TOPIK ဖြင့် ကိုရီးယားနိုင်ငံသို့ တရားဝင်သွားရောက်အလုပ်လုပ်ရမည့်အခွင့်အရေး
- အသက်(၁၈)မှ(၃၈)နှစ်အထိ
- ပညာအရည်အချင်းရှိရန်မလို။
- စာမေးပွဲForm တင်ခြင်းကို သင်တန်းမှ ဆောင်ရွက်ပေးသည်။
- နယ်မှလာမည့်လူများအဆောင်စီစဉ် ပေးသည်။
သင်တန်းသစ်များကို (24-12-2014) နေ့တွင် တန်းခွဲသစ်မည်။
EPS သင်ကြားနိုင်သူဆရာ/ဆရာမများ အလိုရှိသည်။
ပဟိုလမ်း(ရှမ်းလမ်းဈေး)အနီး၊စမ်းချောင်းမြို့နယ်။
09-5412435,09-252441606,09-799663472

ငါးသိုင်းချောင်းမြို့(အထက)၏ကြွေရတုအထိမ်းအမှတ်
အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ
ငါးသိုင်းချောင်းမြို့(အထက)၏အကြိမ်(၂၀)မြောက် ကြွေရတု အထိမ်းအမှတ် အာစရိယပူဇော်ပွဲနှင့် မျိုးဆက်သစ် ကျောင်းသားလူငယ်များ၊ ကျောင်းသားဟောင်းကြီးများတွေ့ဆုံပွဲကို ဒီဇင်ဘာ(၂၈)ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ၎င်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများနှင့်ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက် ရောက်ကြပါရန်နှင့်အလှူငွေများ လှူဒါန်းလိုပါက ရန်ကုန်မြို့တွင် ဦးအောင်ကြည်(၀၉-၄၉၂၅၃၃၇၇)၊ ဦးသောင်းထွန်း(၀၉-၈၅၈၃၄၆၄)၊ မစူး(၀၉-၇၃၁၀၀၁၃၇)၊ သေခအသင်း(ရန်ကုန်)၀၁-၅၂၃၁၃၅၊ ပုသိမ်မြို့တွင် ဦးစိုးတင့်(၀၉-၅၂၀၃၀၈၅) ဗိုလ်ကြီးစန်းဝင်း(ငြိမ်း)(၀၉-၄၂၂၄၆၅၁၄၄)၊ ဗိုလ်ကြီးမောင်ဝင်း(ငြိမ်း)(၀၉-၅၂၀၁၃၆၄)၊ ငါးသိုင်းချောင်းမြို့တွင် ဦးအောင်ထွန်းကြည် (၀၉-၄၂၂၅၀၉၉၆၂)၊ ကိုရဲနောင်စိုး(၀၉-၄၂၂၄၆၇၇၈၆)တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
(၂၈)ရက်နံနက် ၅နာရီ အသင်းရုံးရှေ့မှ ကားထွက်ပါမည်။

## လယ်ယာလုပ်ငန်းခွင်အတွက် ကျွဲ၊ နွားမရှိသည့် တောင်သူများအား သီပေါ၌ လယ်ယာသုံးကျွဲများ ကူညီ

**သီပေါ၊ ဒီဇင်ဘာ ၂၀**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကူညီထောက်ပံ့သော ရန်ပုံငွေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် နမ့်ယမ်းကျေးရွာအုပ်စုနှင့် ကုန်းသာကျေးရွာအုပ်စုတို့မှ စိုက်ပျိုးရန် လယ်ယာမြေရှိသော်လည်း လယ်လုပ်ကိရိယာ ကျွဲ၊ နွားကိုယ်ပိုင်မရှိသူ တောင်သူခုနစ်ဦးတို့ကို ဒီဇင်ဘာ ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မဲစနစ်ဖြင့်ရွေးချယ်၍ ကျွဲများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အစီအစဉ်အရ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအုန်းအုန်းမြင့်က နိုင်ငံတော်အစိုးရက တောင်သူလယ်သမားများ အပေါ် ထားရှိသော စေတနာ၊ မေတ္တာနှင့် ကူညီထောက်ပံ့မှု အစီအစဉ်များကို ရှင်းလင်းပြောကြားကာ မဲပေါက်သူ တောင်သူလယ်သမားခုနစ်ဦးတို့အားလယ်ယာလုပ်ငန်းခွင်သုံး ကျွဲ ခုနစ်ကောင်ကို ကူညီပေးအပ်ခဲ့သည်။

ပြီးခဲ့သည့် နိုဝင်ဘာလကလည်း ဆင်ပိုင်ကျေးရွာ၌ မိုင်းလင်းနှင့် နောင်အန်ကျေးရွာတို့မှ တောင်သူခြောက်ဦးသို့ကျွဲများပေးအပ်ခဲ့သည်။**စိုင်း(သီပေါ)**



## ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကွန်ကရစ်ရေကျော်ဆောက်လုပ်

**ကျောက်ပန်းတောင်း၊ ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် သစ်တိန်း-မြင်သာ ကျေးရွာချင်းဆက် လမ်းပေါ်တွင်ကွန်ကရစ်ရေကျော်တစ်ခု ဆောက်လုပ်လျက်ရှိရာ ၈၅ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

အဆိုပါ ရေကျော်ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၄၅ သိန်း၊ သစ်တိန်း ကျေးရွာပြည်သူများထည့်ဝင်ငွေ ၁၅ သိန်းအပါအဝင် စုစုပေါင်းငွေကျပ်သိန်း ၆၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းရေကျော်မှာ အလျားပေ ၆၀၊ အနံ ၁၈ ပေ၊ ဒုတစ်ပေခွဲရှိကြောင်း သိရပြီး၊ ဩဂုတ်လမှစတင်၍ လုပ်ငန်းဆောင်ရွက်ခဲ့ရာ ဆောက်လုပ်ရေးဆောင်ရွက်မှုများကို ဒီဇင်ဘာ ၁၅ ရက် ညနေက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်မြင့်ဝင်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးဝင်းမောင်ထွေးတို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် သစ်တိန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးရွာအထောက်အကူပြုကော်မတီဝင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းများ အမြန်ပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရေး ဆွေးနွေးမှာကြားခဲ့သည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## သံကူကွန်ကရစ်တံတား ကိုယ်ထူကိုယ်ထ ဆောက်လုပ်

**ကျောက်ကြီး၊ ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းကျေးရွာအုပ်စု တုံးတောကျေးရွာနှင့် မွေတွင်းကျေးရွာအုပ်စု စဝင်ကျေးရွာကြားရှိ ချောင်းဟောင်းတံတားကြီးအား သံကူကွန်ကရစ် တံတားအဖြစ် ကိုယ်ထူကိုယ်ထဆောက်လုပ်လျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်က ကျောက်ကြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးဦးတင်မျိုးအောင်နှင့်အဖွဲ့ဝင်များ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ကွင်းဆင်းကြည့်ရှုရာတွင် လိုအပ်မှုများအား ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးကပြောကြားခဲ့သည်။

ချောင်းဟောင်းတံတားကြီးအား သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ရန် ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း ၈၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ယင်းတံတားမှာ အကျယ် ၁၇ ပေ၊ အလျားပေ ၄၀၊ အမြင့် ၁၅ ပေ ရှိပြီး တံတားကြီးအား စဝင်ကျောင်းကြီးဆရာတော် ဦးဝိစိတ္တမှ မတည်ငွေ ၃၅ သိန်းဖြင့် ဦးဆောင်ကာ တုံးတောရွာနှင့် စဝင်ကျေးရွာမှ ပြည်သူများ စုပေါင်း၍ ကိုယ်ထူကိုယ်ထစနစ်ဖြင့် နိုဝင်ဘာ ၁၅ ရက်မှ စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ **ပန်းရီသန်းဝင်း(ကျောက်ကြီးမီဒီယာရုံး)**

## ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သပိတ်ကျင်း၊ ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် ဆိပ်ကမ်းရပ်ကွက်တွင် ဒီဇင်ဘာ ၁၇ ရက်က သွေးလွန်တုတ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လူထုပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ယင်းသို့ဆောင်ရွက်ရာ၌ နေအိမ်များတွင် အသုံးပြုနေသည့် ရေတွင်းရေကန်များ၊ သောက်ရေအိုးစင်များမှ ပိုးလောက်လန်းများ ရှာဖွေစစ်ဆေးပြီး သွေးလွန်တုတ်ကွေးရောဂါ မဖြစ်ပွားရေး ကြိုတင်ကာကွယ်မှု ပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ရာ ရပ်ကွက်အတွင်းရှိ လူနေအိမ် ၁၀၀ မှ မိသားစုဝင်များအား ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းနေ့က လူထုပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုလှိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးခင်မောင်ခနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာန ဦးမျိုးမြင့် (ငှက်ဖျား)နှင့်ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်ပပဝင်းနှင့် အသင်းအမှုဆောင်များ၊ မြို့နယ်အမျိုးသမီးရေးရာအမှုဆောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့၊ အရန်သားဖွားသင်တန်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဆယ်အိမ်မှူးများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည်။ **စိုးနိုင်ဝင်း (သပိတ်ကျင်း)**

မြန်မာ့ခရီးသွားဆန္ဒ
# ကလောၤပင်းတယၤအင်းလေး၊တောင်ကြီး အဆင့်မြင့်ခရီးစဉ် (4N5D)
# ရှောင်းသာ အပန်းဖြေခရီး (2N3D) Dec 21,24 Jan 01,09,16
facebook တွင် ခရီးစဉ်တစ်ခုချင်းစီအတွက် (၅၀)% သက်သာခွင့်၊ (၃၀)% သက်သာခွင့် အစီအစဉ်ရှိပါသည်၊ ကံထူးသူများအား fb တွင် ကြေငြာပေးသွားမည် ဖြစ်ပါသည်။ 09-421057076
facebook: Wanderlust Myanmar 09-30224802

"ခင်နဒီ" ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီ
"အကောင်းဆုံးဝန်ဆောင်မှုများကိုခံစားရင်း၊ "ခင်နဒီ"နှင့် ခရီးသွားကြပါစို့၊
သံတောင်ကြီး(တောင်ပေါ်အပန်းဖြေစခန်း)၊ ပသိချောင်း၊ တောင်ငူမြတ်စောညီနောင်ဘုရားနှင့် ဘုရားစုံ။
Dec 24-25 (ခရစ္စမတ်နေ့အထူးခရီးစဉ်။)
Ph: 09-5147771, 09-33492209, 09-33545909.

မင်းယုဝေ စီစဉ်သည် ဇန်နဝါရီလထုတ်
မြတ်မင်္ဂလာ စာစောင်
မင်္ဂလာရောင်ခြည်စာပေ၊ အမှတ်-၂၆၆၊ လမ်း-၄၀(အထက်)၊ ရန်ကုန်။ ဖုန်း-၃၇၄၉၃၂ ထွက်ပြီ

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း
မြန်မာဘရှုဝါရီလီမိတက်
အမှတ်-၄၅၊အမှတ်(၃)လမ်းမကြီး၊ပျဉ်းမပင်စက်မှုဇုန်၊မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်မြို့။
**တင်ဒါခေါ်ယူသည့်လုပ်ငန်းများ။** မြန်မာဘရှုဝါရီလီမိတက်၏ တစ်နိုင်ငံလုံးရှိအရောင်းဆိုင်များအတွက်ကြော်ငြာဆိုင်းဘုတ်များ ( Light Box & Shop Sign ) ထုတ်လုပ်တပ်ဆင်ခြင်း ၊ အရောင်းဆိုင်များကိုBranding ပြုလုပ်ခြင်းလုပ်ငန်းများ။
**အထက်ပါတင်ဒါနှင့်ပတ်သက်၍** အသေးစိတ်အချက်အလက်များနှင့်စည်းကမ်းများကို ၁၆-၁၂-၁၄မှစတင်၍ရုံးချိန်အတွင်း မြန်မာဘရှုဝါရီလီမိတက်ရုံး၌ သက်ဆိုင်ရာကော်မတီနှင့်လာရောက်မေးမြန်းစုံစမ်းပြီး တင်ဒါပုံစံများကိုအခမဲ့ထုတ်ယူနိုင်ပါသည်။ ၎င်းတင်ဒါပုံစံတွင်ဖြည့်စွက်ပြီး အောက်ဖော်ပြပါအစီအစဉ်အတိုင်း ပြန်လည်၍ တင်ဒါတင်သွင်းနိုင်ပါသည်။
**တင်ဒါစတင်လက်ခံမည့်နေ့။** ၂၉-၁၂-၁၄(တနင်္လာနေ့)ရုံးချိန်အတွင်း၊
**တင်ဒါပိတ်မည့်နေ့။** ၀၂-၀၁-၁၅(သောကြာနေ့) ညနေ(၄)နာရီတိတိ၊
တင်ဒါတင်သွင်းရမည့်နေရာ။ မြန်မာဘရှုဝါရီလီမိတက်၊ **အမှတ်-၄၅၊အမှတ်(၃)လမ်းမကြီး၊ပျဉ်းမပင်စက်မှုဇုန်၊မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်မြို့။**
လုပ်ငန်းလိုအပ်ချက် - ၂၀၁၅ ခုနှစ် ၊ တစ်နှစ်ပတ်လုံးအတွက်လုပ်ဆောင်နိုင်သူဖြစ်ရမည်။
ဆက်သွယ်ရန်ဖုန်းနံပါတ်(ရုံးချိန်အတွင်း)။ ၀၉-၄၃၀၅၁၃၇၈၊ ၇၉၉၆၂၅၉၃၉၊၇၃၁၁၃၄၂၀၊ ၇၃၁၁၃၄၁၃၊

# ကြက်သွန်နီစိုက်တောင်သူများ အရှုံးပေါ်၍ ဈေးတက်ရန် မျှော်လင့်

**ရေစကြို၊ ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း ကျွန်းပိုင်းဒေသများတွင် စိုက်ပျိုးထားကြသော ကြက်သွန်နီများလှိုင်လှိုင်ပေါ်ချိန်တွင် ကြက်သွန်နီဈေးများကျဆင်းနေသောကြောင့် တောင်သူများ အရှုံးပေါ်နေကြောင်း သိရသည်။

"ကျွန်တော်တို့ကျွန်းပိုင်းမှာစိုက်ခဲ့တဲ့ ကြက်သွန်နီတွေက နတ်တော်လဆန်းကတည်းက ပေါ်နေတာပါ။ ဒါပေမဲ့ ဈေးကမကောင်းတော့ မရောင်းရဘူး။ ကြက်သွန်တွေကို မဖော်ဘဲ အခင်းထဲမှာ အကြာကြီးထားလို့လည်းမဖြစ်ဘူး။ ဘာလို့လဲဆိုတော့ ရာသီအမီ နောက်တစ်သီးစိုက်ကြရအုံးမှာဆိုတော့ မြန်မြန်ဖော်ကြရတယ်။ ဒါကြောင့် အခုအချိန်မှာ ကြက်သွန်နီတွေ လှိုင်လှိုင်ပေါ်တဲ့အချိန်ဖြစ်ပါတယ်။

ပေါ်ကာစကတော့ တစ်ပိဿာ ၁၅၀၊ ၂၀၀ ကျပ်ဈေးရောင်းရတော့အရင်းမရဘဲ စရိတ်တောင်ရှုံးသေးတယ်ဗျ။ ဒါပေမဲ့ အခုရက်မှာတော့ မြင်းခြံ၊ ပခုက္ကူ၊ ရေစကြိုပွဲရုံတွေမှာ တစ်ပိဿာ ၄၀၀ ကျပ်ဈေးပေးဝယ်နေတယ်။ ထိပ်စတစ်ပိဿာ ၄၀၀ ကျပ်ဈေးဆိုပေမယ့် တောင်သူတွေအနေနဲ့ အကျိုးအမြတ်မရှိသေးဘူး။ ဒါကြောင့် တက်ဈေးကိုပဲ မျှော်နေရတယ်" ဟု ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။

ယခုအခါ ရေစကြိုမြို့ ကြက်သွန်ပွဲရုံများတွင် ထိပ်စတစ်ပိဿာ ကျပ် ၄၀၀ ဈေးပေး၍ ဝယ်ယူလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ပွဲရုံက ကြက်သွန်နီပေါ်စ တစ်ပိဿာ ၁၅၀၊ ၂၀၀ ကျပ်ဈေးနဲ့ဝယ်ပါတယ်။ ခုရက်မှာတော့ မြင်းခြံ၊ ပခုက္ကူဈေးကွက်မှာ တစ်ပိဿာ ၄၀၀ ကျပ်ဈေးပေးဝယ်နေလို့ ကျွန်တော်တို့လည်း တစ်ပိဿာ ၄၀၀ ကျပ်ဈေး ပေးဝယ်နေပါတယ်။ ဒီနှစ်မှာ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ တရုတ်၊ အိန္ဒိယနိုင်ငံတွေ က ဝယ်လိုအားရှိနေတယ်။ ဒါပေမဲ့ ဈေးနှုန်းကတော့ မတက်ဘဲ ကျနေတယ်ဗျ။ ဒါကြောင့် ကျွန်တော်တို့ ပွဲရုံတွေကလည်း ဈေးနှုန်းနဲ့ဈေးကွက်ကို ချိန်ဆပြီးဝယ်နေရပါတယ်။ လက်ရှိကျွန်တော်တို့ဝယ်နေတဲ့ ထိပ်စတစ်ပိဿာ ၄၀၀ ကျပ်ဆိုပေမယ့် ကြက်သွန်စိုက်တောင်သူတွေအနေနဲ့-တော့ အကျိုးအမြတ်မရှိသေးဘူး။ တစ်ပိဿာ ၅၀၀၊ ၆၀၀ ကျပ်လောက်ဆိုရင်တော့ တောင်သူတွေ အကျိုးအမြတ်ခံစားရမှာဖြစ်ပါတယ်" ဟု ကြက်သွန်ပွဲစားကြီး ဦးစန်းယုက ပြောသည်။

မြန်မာနိုင်ငံတွင်စိုက်ပျိုးသော ကြက်သွန်နီများကို အိမ်နီးချင်းနိုင်ငံဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိရန် ကြက်သွန်စိုက်တောင်သူများကို မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးပေးနိုင်ရန်လိုအပ်ကြောင်း သို့မှသာ အရည်အသွေးကောင်းမွန်သော ကြက်သွန်နီများ ထွက်ရှိပြီး အိမ်နီးချင်းနိုင်ငံများနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်ကာ ဈေးကောင်းရ၍ ကြက်သွန်စိုက်တောင်သူများ အကျိုးအမြတ်ရရှိမည်ဖြစ်ကြောင်း ဦးစန်းယုက အကြံပြုပြောသည်။

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် ကြက်သွန်စိုက်ပျိုးခြင်းကို နှစ်စဉ် တော်သလင်း၊ သီတင်းကျွတ်လတို့တွင် တစ်ကြိမ်၊ တန်ဆောင်မုန်း၊ နတ်တော်လတို့တွင်တစ်ကြိမ် တစ်နှစ်နှစ်ကြိမ်စိုက်ပျိုးကြပြီး ယခုအခါ ချင်းတွင်းမြစ်ရိုးတစ်လျှောက် သဲသောင်များတွင် ကြက်သွန်စိုက်ဧက ရာပေါင်းများစွာ စိုက်ပျိုးထားကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



# ဖီးကုန်းတွင်ဝက်သက်နှင့်ဂျိုက်သိုးကာကွယ်ဆေးထိုးရန် ရှင်းလင်း

**ဖီးကုန်း၊ ဒီဇင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဖီးကုန်းမြို့နယ်ပြည်သူ့ဆေးရုံတွင် ဝက်သက်နှင့်ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုး ပညာပေးရှင်းလင်းပွဲကို မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် ဒီဇင်ဘာ ၁၆ ရက်နံနက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်စိုးက ဝက်သက်နှင့်ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးရခြင်းအကြောင်းရင်းကိုပြောကြားပြီး မြို့နယ်ကျန်းမာရေးမှူးအဆင့် (၁) ဦးတင်အေးက ကာကွယ်ဆေးထိုးခြင်းကို အသက်အပိုင်းအခြားနှင့်ထိုးမည့်အကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ Cold Chain တာဝန်ခံ ဦးစိန်မြတ်ဦးက ကာကွယ်ဆေးများ ထိန်းသိမ်းခြင်းနှင့် ဖြန့်ဖြူးမည့်အကြောင်းအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းယုမြင့်နှင့် အဖွဲ့ဝင်များ၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

**သိန်းတိုး(ဖီးကုန်း)**

# ဒီပဲယင်းမြို့နယ်တွင် ယခင်နှစ်ထက်စပါးပိုမိုထွက်ရှိ

**ဒီပဲယင်း၊ ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်၌ ၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ၁၂၅၃၇၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် စပါးခင်းများအတွင်း ပိုးမွှားကျရောက်မှုကင်းစင်ခဲ့၍ တစ်ဧကတင်း ၉၀ ထွက်ရှိခဲ့ကြောင်း သိရသည်။

ဒီပဲယင်းမြို့နယ်သည် သဖန်းဆိပ်ဆည်ရေသောက်ဖြစ်ပြီး နှစ်စဉ် နွေစပါးဧကခြောက်သောင်းကျော်နှင့် မိုးစပါးဧကတစ်သိန်းနှစ်သောင်းကျော် စိုက်ပျိုးနိုင်သည့်မြို့နယ်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ နွေစပါးစိုက်ပျိုးရာသီတွင်လည်း ၂၈၅၀၀ ဧက စိုက်ပျိုးရန်လျာထားခဲ့သည်။

ယခင်နှစ် ၂၀၁၃-၂၀၁၄ မိုးစပါးရာသီတွင် ၁၂၄၃၈၉ ဧကစိုက်ပျိုးနိုင်ခဲ့သော်လည်း စပါးခင်းများအတွင်း ပိုးမွှားအန္တရာယ်များကျရောက်ခဲ့၍ စပါးအထွက်နှုန်း လျော့နည်းခဲ့သည်။

**သိန်းထွန်း(ပြန်/ဆက်)**

# ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းဖွင့်

**ညောင်ဦး၊ ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေး (နည်းပြ) ဆင့်ပွားသင်တန်းကို ဒီဇင်ဘာ ၁၅ ရက် နံနက်က ညောင်ဦးခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနခန်းမ၌ ကျင်းပခဲ့ရာ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ခရိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးတို့က အမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် ရှစ်ရပ်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ခရိုင်နှင့် မြို့နယ်ဦးစီးဌာနများ ပေါင်းစပ်ညှိနှိုင်းလျက် လမ်းတံတား၊ ရေပေးရေး၊ မီးလင်းရေး၊ ကျန်းမာသန့်ရှင်းရေး၊ ပညာရေးနှင့် သားငါးကဏ္ဍ စားနပ်ရိက္ခာဖူလုံရေး၊ အစားအစာ ဘေးကင်းလုံခြုံမှုရှိစေရေး၊ ကျေးလက်ဒေသ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျေးလက်လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်အဖြစ် ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဖွင့်လှစ်သင်ကြားပို့ချရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ညောင်ဦးခရိုင်၊ မြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်ရှိ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သင်တန်းသား ၂၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈/၃)တွင် မြေ(၁)ကွက်လျှင် အကျယ်အဝန်း ပေ(၄၀×၆၀)စီရှိသော မြေကွက်အမှတ်(၆၅) မြေအမည်ပေါက်ဒေါ်တင်မာထွန်း(C/RGN-၀၀၇၃၄၇)မှ သားဖြစ်သူဦးသက်ဦး[၁၂/ဥကတ(နိုင်)၀၀၀၃၅၂] ထံသို့ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ချုပ်ဆို၍လည်းကောင်း၊ မြေကွက်အမှတ်(၆၆)၊ မြေအမည်ပေါက် ဦးသန်းလှိုင်[DNU ၀၁၅၈၈၁]မှ သားဖြစ်သူ ဦးသက်ဦး[၁၂/ဥကတ(နိုင်)၀၀၀၃၅၂]ထံသို့ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ချုပ်ဆို၍လည်းကောင်း ပေးအပ်ခဲ့ကြပြီး ပိုင်ဆိုင်မှုအတွက် ဦးသက်ဦးမှ မြေကွက်အမှတ်(၆၅)၊ (၆၆)မြေကွက်(၂)ကွက်အား မြေကွက်(၁)ကွက်ချင်းအလိုက် ၎င်း၏အမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ မြေချ ပါမစ်များထုတ်ပေးပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာ သည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/အနော်မာ)၊ မြေကွက်အမှတ်(၂၆၁/ခ)၊ မြေကွက်တည်နေရာအမှတ်(၂၆၁/ခ)၊ အနော်မာ(၆)လမ်းအရှေ့၊ ၁ ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်မြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မြင့်(မိခင်)နှင့်ဦးမာမက်(ဖခင်)တို့ကွယ်လွန်သဖြင့် သားများဖြစ်သော ၁။ဦးခင်မောင်ဦး(တီကေအေ-၀၀၁၉၇၁)၊ ၂။မာမက်အီဆွတ် (ခ)ဦးခင်မောင်အုန်း(တီကေအေ-၀၄၈၁၄၅)၊ ၃။ မာမက်ယူနွတ်(ခ)ဦးခင်မောင်စိုး(တီကေအေ-၀၅၅၄၃၉)တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၅၀၆၅/၁၄)ရသူ ဦးအောင်သိန်း[၁၂/သကတ(နိုင်)၁၁၇၇၇၆] မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉K²)၊ မြေကွက်အမှတ်(II ၁၉)၊ မြေကွက်တည်နေရာအမှတ်(၁၃၉၊ ၁၄၁)၊ ၅၇လမ်း၊ ၂ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ မောင်စိန်ဝင်းနှင့် ဒေါ်အေး အမည်ပေါက် နှစ်(၉၀)ဂရန်သက်ကုန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အေး (မိခင်)၊ ဦးအဗ္ဗူရာမန် (ခ) အဒူရာမန်(ဖခင်)တို့ကွယ်လွန်သဖြင့် သားများဖြစ်သော ဦးစန်းဝင်း[၁၂/ပဇတ(နိုင်)၀၁၈၁၉၄]နှင့် ဦးတင်မောင်ထွေး[၁၂/ပဇတ(နိုင်)၀၀၆၂၅၀]တို့ထံမှ GPအမှတ် ၂၄၀၄၂/၂၀၁၁(၂၂-၁၂-၂၀၁၁)ဖြင့်ရသူ ဦးတင်နိုင်[၁၂/ပဇတ(နိုင်)၀၁၄၇၈၈]မှ ကတိသစ္စာပြုလွှာ၊ သေစာရင်းတင်ပြ၍ ဒေါ်အေး၏အစုကို ပိုင်ဆိုင်ကြောင်းစာချုပ်ရန် ပူးတွဲအမည်ပေါက် ဦးစိန်ဝင်း[၁၄/ဟသတ(နိုင်)၀၄၃၀၃၆]နှင့်အတူ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၉၃၄)၊ မြေကွက်တည်နေရာအမှတ်(၉၃၄)၊ ပိတောက်လမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြောက်ပိုင်းမြို့နယ်ရှိ ဦးချစ်မောင် (ISN-၂၇၅၆၅၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးချစ်မောင် ကွယ်လွန်၍ ဒေါ်တင်ဝင်း[၁၂/မရက(နိုင်)၀၁၉၇၄၂]မှ တရားဝင် တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာတင်ပြပြီး ၎င်းထံမှ GPNo-၂၈၆၅၂၂၂-၁၀-၁၄ ဖြင့်ရရှိသူ ဒေါ်အယ်လ်ဆိုင်းခေါန်[၁/မညန(နိုင်)၀၇၆၂၁၅]မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်-၂၂၆၊ မြေကွက်တည်နေရာအမှတ်-၂၂၆၊ သုမိတ္တာ(၇)လမ်း၊ ဒေါ်ကျင်မြ (ISN ၁၈၁၇၄၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် မိခင် ဒေါ်ကျင်မြ၊ ဖခင် ဦးထွန်းစိန် ကွယ်လွန်သဖြင့် ဒေါ်စန်းလှိုင်[၁၂/ဥကမ(နိုင်)၁၂၁၉၄၅]ကတစ်ဦး တည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရန်ကုန်သစ်)၊ မြေကွက်အမှတ် (၇၈၄)၊ မြေကွက်တည်နေရာအမှတ်(၂)၊ ဘုရင့်နောင်(၁)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သင်္ဃန်းကျွန်း ဦးလှမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှမြင့် ကွယ်လွန်သဖြင့် ဒေါ်တင်ထွန်း (၁၂/သဃက(နိုင်)၀၈၉၅၀၉)က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(၈၃)၊ မြေကွက်တည်နေရာအမှတ်(၈၃)၊ နတ်သျှင်နောင်လမ်း၊ (ဒေါ်လက်ချိမ်း)(ခ)ပါပါသီ(MMO-၂၇၄၁၃၁) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆင်ဆင့်ဖြင့် ရရှိသူ ဦးဝင်းမြင့်[၉/မထလ(နိုင်)၀၁၁၅၆၇]က ပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/နွယ်အေး)၊ မြေကွက်အမှတ်(၆၉)၊ မြေကွက်တည်နေရာအမှတ်(၁၂၁)၊ သီတာနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးမိုက်ကယ်[၁၂/မဂတ(နိုင်)၀၇၃၁၄၁] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဒေါပုံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၂/၂၀၁၄)၊ တရားလို ဒေါ်တင်ကြည်က တရားပြိုင် ဦးကျော်လှနှင့် ဦးမိုက်ကယ်တို့အပေါ် မြေကွက်နှင့်အိမ် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုစွဲဆိုရာ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် ချမှတ် သည့် ၂၆-၈-၂၀၁၄ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီတရားမဇာရီမှုအမှတ်(၁၅/၂၀၁၄) အမိန့်တို့ တင်ပြ လျက် တရားရုံး (ဦးကျော်လှ နှင့် ဦးမိုက်ကယ်)တို့ကိုယ်စား တရားရုံးဘီလစ်ဦးဆောင်းလွင်ဦးမှ အရောင်း အဝယ်စာချုပ်ချုပ်ဆိုပေးရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ




中國建築股份有限公司
CHINA STATE CONSTRUCTION ENGRG.CORP.LTD

ယနေ့

## မာတိကာ


လွတ်လပ်ရေးနှင့် ဗိုလ်ရှုသဘင်

စာမျက်နှာ - ၂

လပြာသိကြား သဘင်မြင်းခင်း

စာမျက်နှာ - ၆

သာစည်မြို့နယ် ကွမ်းခြံတောကျေးရွာတွင် ကလေးသုံ့မြွာပူးမွေးဖွား

စာမျက်နှာ - ၁၁

ဆန်းချက်မှာ အာဆင်နယ်၏ ဆွာရတ်ဇ်ဟု ဝင်းဂါးထုတ်ဖော်ချီးကျူး

စာမျက်နှာ - ၁၃





မလေးရှားနိုင်ငံမြို့တော်ကွာလာလမ်ပူ၌ မြို့ပတ်ပြေးဆွဲပေးနေသော KTM လျှပ်စစ်ရထားကို တွေ့ရစဉ်။

# ရန်ကုန်မြို့ကမ်းနားလမ်းပိုင်းရှိ ကားရထားပြေးဆွဲသောနေရာ၌ လျှပ်စစ်ရထား ပြေးဆွဲမည်

*သတင်းနှင့်ဓာတ်ပုံ (စိုးဝင်း-MLA)*

ရန်ကုန် ဒီဇင်ဘာ ၂၀

**ရန်ကုန်မြို့တွင်းရှိ အများပြည်သူများ ခေတ်မီအဆင့်မြင့်စွာ ရထားစီးနိုင်စေရေးအတွက် လျှပ်စစ်ရထားပြေးဆွဲခြင်းအစီအစဉ်ကို ရန်ကုန်မြို့ ကမ်းနားလမ်းပိုင်း၌ စတင်ပြေးဆွဲပေးသွားရန် စီစဉ်ထားကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန (မြန်မာ့မီးရထား)မှ သိရသည်။**

လျှပ်စစ်ရထားပြေးဆွဲခြင်းအတွက် ကမ်းနားလမ်းပိုင်းရှိ လက်ရှိပြေးဆွဲပေးနေသော RBE ကားရထား နှစ်စင်းနေရာတွင် စတင်ပြေးဆွဲသွားမည်ဖြစ်ပြီး လျှပ်စစ်ရထားပြေးဆွဲပေးနိုင်ရေးအတွက် ပဏာမတိုင်းတာမှုနှင့် တွက်ချက်မှုများ စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည့် အင်းစိန်မီးရထားခုံးကျော်တံတားသစ်တည်ဆောက်ရန် ပန္နက်တင်မင်္ဂလာနှင့် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကျင်းပအပြီးတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက မီဒီယာများအား ပြောကြားခဲ့သည်။

အင်းစိန်ခုံးကျော်တံတားအနီးလျှပ်စစ်ရထားပြေးဆွဲမည့်အကြောင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက "လက်ရှိ မြို့ပတ်ရထားလမ်းကြောင်းပေါ်မှာ လျှပ်စစ်ရထားပြေးဆွဲလုပ်ဆောင်ဖို့ ရည်ရွယ်ချက်ရှိပါတယ်။ အင်းစိန်ခုံးကျော်တံတားဟောင်းကလည်း အမြင့် ၁၅ ပေဆိုတော့ အဲဒီအပေါ်မှာ လျှပ်စစ်တိုင်ထောင်လို့ မရပါဘူး။ ဒါကြောင့် လက်ရှိတည်ဆောက်မယ့် တံတားအသစ်ကို ကင်းလွတ်အမြင့်ပေ ၁၉ ပေ ၄ လက်မ လုပ်ဆောင်ထားတယ်ဆိုတာ လျှပ်စစ်ရထားပြေးဆွဲမယ်ဆို ပြေးဆွဲနိုင်အောင်လို့ပါ။

စာမျက်နှာ ၉ ကော်လံ ၅ သို့ ✳

# (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲနှင့် မြန်မာအားကစားအဖွဲ့၏ မျှော်လင့်ချက်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

အရှေ့တောင် အာရှဒေသတွင်း၏ အကောင်းဆုံး အားကစားပြိုင်ပွဲဖြစ်သည့် ဆီးဂိမ်းပြိုင်ပွဲကို (၂၈)ကြိမ်မြောက်အဖြစ် စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ် ဇွန်လအတွင်း ကျင်းပသွားမည်ဖြစ်သည်။

စင်ကာပူ ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၃၆ မျိုးထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အားကစားနည်း ၂၃ မျိုးခန့်ဖြင့် ယှဉ်ပြိုင်ရန် စီစဉ်ထားသည်။ အားကစားနည်း အချို့ကိုလည်း ထပ်တိုးဖွယ်ရှိကြောင်း အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ မြန်မာအားကစားအဖွဲ့ချုပ်အနေဖြင့် အိမ်ရှင်အဖြစ် လက်ခံ ကျင်းပခဲ့သော (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ် ၈၀ ကျော် ဆွတ်ခူးရရှိပြီး နိုင်ငံအလိုက် ဆုရရှိမှုတွင် ဒုတိယနေရာရရှိခဲ့သည်။ မြန်မာအားကစားအဖွဲ့အားသာသည့် ရိုးရာလှေ၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ ဝူရှူး၊ ဂျူဒိုစသည့် အားကစားနည်းများကို ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သော်လည်း ရွှေတံဆိပ်များစွာ ရယူနိုင်ခဲ့သည့် ဗိုဗီနမ်၊ ကမ်ပို၊

စာမျက်နှာ ၉ ကော်လံ ၅ သို့ ●

# မြန်မာ့ရုပ်ရှင်သမိုင်းနှင့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု

*မေး/ရေး၊ ဓာတ်ပုံ - ရီရီမြင့်၊ ဥမ္မာသန့်*

၂၀၁၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၇ ရက်တွင် ရန်ကုန်မြို့ရှိ Myanmar Event Park ၌ ကျင်းပတော့မည်ဖြစ်သည်။ ယခုနှစ် ရုပ်ရှင်ထူးချွန်ဆုကို မည်သူက မည်သည့်ရုပ်ရှင်ဇာတ်ကားဖြင့် ရရှိကြမလဲဟု အမျိုးမျိုးခန့်မှန်းပြီး ရင်ခုန်နေကြပြီဖြစ်သည်။

မြန်မာ့ရုပ်ရှင်သမိုင်းတွင် မြန်မာ့ရုပ်ရှင်ဖခင်ကြီး ဦးအုန်းမောင်က ဦးဆောင်၍ ဇာတ်ညွှန်းဆရာ ပီမိုးနင်း ရေးသားပြီး ဘားမားဖလင်က ရိုက်ကူးသော "မေတ္တာနှင့်သူရာ" ဇာတ်ကားကို ၁၉၂၀ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင်ရွှိင်ရယ်စီးနီးမား ဒိပဲရစ်ရုံ၌ ပထမဦးဆုံးပြသခဲ့သည်။ မင်းသား ဦးညီပုနှင့် မင်းသမီး မအေးကြည်တို့ သရုပ်ဆောင်ခဲ့ကြသည်။ မြန်မာ့ပထမဦးဆုံး ဇာတ်လမ်းရုပ်ရှင်အဖြစ် အောင်ပွဲဆင်ခဲ့ကြောင်း မြန်မာ့ရုပ်ရှင်သမိုင်းအထောက်အထားများအရ သိရသည်။

ရုပ်ရှင်သည် ပြည်သူ့အတွက်ဆိုသည့်အတိုင်း တိုင်းတစ်ပါးလက်အောက်ခံ ကျွန်ဘဝနှင့် ၁၉၂၀ ခုနှစ်မှ စတင်ပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ နိုင်ငံလွတ်မြောက်ရေးနှင့် ဖက်ဆစ်တော်လှန်ရေး စသည့် မြန်မာ့သမိုင်းစဉ်များတွင်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪




ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်။ မြန်မာ့ရတနာ ဆေးဖက်ဝင် သနပ်ခါးကို ရရန် အနည်းဆုံး (၇) နှစ်ကြာပါသည်။



ဒေါ်တင်စန္ဒာဝင်း

ကျွန်မက ဘိုကလေးပညာရေးကောလိပ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ဆရာမတစ်ယောက်ဖြစ်ပါတယ်။ ကျွန်မနေ့စဉ်ကျောင်းသို့ သွားတဲ့အခါ နေကအရမ်းပူပြီး ကျောင်းအချိန်မီအောင်သွားရတဲ့အတွက် ထီးဆောင်းဖို့ကို မေ့-မေ့နေပါတယ်။ နေလောင်ဒဏ်ကြောင့် ကျွန်မ မျက်နှာမှာ နေလောင်ကွက်နဲ့ မှဲ့ခြောက်တွေထွက်လာပါတယ်။ နေလောင်ခံ Cream တွေဘယ်လောက်သုံးသုံး မျက်နှာမှာ သနပ်ခါးမတင်ပါဘူး။ အဆီတွေပြန်လာပြီး ကိုယ့်ကိုကိုယ်လည်း ယုံကြည်မှုမရှိသလို ခံစားရပါတယ်။ ကျွန်မ မေမေက **ရွှေပြည်နန်းရှင်မတောင်သနပ်ခါး** ဘူးလေး ဝယ်လာလို့ လိမ်းကြည့်လိုက်တော့ ရနံ့လေးက သင်းပြီး စိတ်ရောကိုယ်ပါ လန်းဆန်းသွားပါတယ်။ ကြာကြာသုံးစွဲကြည့်လိုက်တော့ မျက်နှာမှာ နေလောင်ကွက်တွေနဲ့ မှဲ့ခြောက်တွေမရှိတော့ဘဲ ဖြူပြီးဖွေးလာကာ အဆီမပြန်တော့ဘဲ သနပ်ခါးလည်းတင်လာတာကြောင့် ကိုယ့်ကိုကိုယ်လည်း ယုံကြည်မှုရှိလာခဲ့ပါတယ်။ ရွှေပြည်နန်းကုမ္ပဏီကို ကျေးဇူးအများကြီးတင်ရှိပါတယ်။

ဒေါ်တင်စန္ဒာဝင်း (မူလတန်းပြ) လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ဒေါ်တင်တင်မြင့်(အလယ်တန်းပြ) အမှတ်(၃) စိန်ပန်းလမ်း၊ (၄)ရပ်ကွက်၊ ဘိုကလေးမြို့။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

# မြကြာဖြူ ချည်ချောလုံချည် ကုန်အမှတ်တံဆိပ်ကို တုပသုံးစွဲမိခဲ့ခြင်းအတွက် ကုန်အမှတ်တံဆိပ်ပိုင်ရှင်နှင့် အများပြည်သူတို့အား ဝန်ချတောင်းပန်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ယုဇနပလာဇာအနောက်ဘက်တန်း၊ စံပယ်လမ်း၊ တိုက်အမှတ်(၈)၊ အခန်း(၇)နှင့် ရန်ကုန်မြို့၊ အဆင့်မြင့်မင်္ဂလာဈေး၊ မြေညီထပ်၊ အမှတ်(၆၁-၆၂)တို့တွင် ဖွင့်လှစ်ထားရှိသော ယဉ်ယဉ်အထည်ဆိုင်ပိုင်ရှင်ဖြစ်သူ ဒေါ်ရင်ပို့(ခ)ဒေါ်ယဉ်ပို့[၁၂/လမတ(နိုင်)၀၁၀၉၃၅]က ရန်ကုန်မြို့တော်စာချုပ်စာတမ်းများ မှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်ကြေညာစာတမ်းစာချုပ်အမှတ်(၅၅၇၆/၂၀၀၂)ဖြင့် မှတ်ပုံတင်သွင်းကြေညာ၍ တစ်ဦးတည်းမူပိုင်သုံးစွဲလျက်ရှိသော မြကြာဖြူ ချည်ချောလုံချည် ကုန်အမှတ်တံဆိပ်ကို (ဘ)ဦးမာမက်ဟူဆောန်၏သား ကျွန်တော် ဦးကျော်ဝင်း(MDW ၂၄၉၀၈၀)က အတိအလင်းတုပ၍ အရည်အသွေးညံ့ဖျင်းသည့် အခြားသောလုံချည်များပေါ်တွင် ကပ်နှိပ်ပြီး မြကြာဖြူ ချည်ချောလုံချည်အစစ်အဖြစ် ဖြန့်ချိရောင်းချမိခဲ့ပါသည်။ ထိုသို့ မြကြာဖြူ ချည်ချောလုံချည် ကုန်အမှတ်တံဆိပ်ကို တုပ၍ အရည်အသွေးညံ့ဖျင်းသည့် အခြားသောလုံချည်များပေါ်တွင် ကပ်နှိပ်ပြီး မြကြာဖြူ ချည်ချောလုံချည်အစစ်အဖြစ် ဖြန့်ချိရောင်းချမိခဲ့ခြင်းကို မြကြာဖြူ ချည်ချောလုံချည် ကုန်အမှတ်တံဆိပ်၏ အစစ်အမှန်ပိုင်ရှင်ဖြစ်သော ဒေါ်ရင်ပို့(ခ)ဒေါ်ယဉ်ပို့နှင့် ဝယ်ယူသုံးစွဲမိသူ အများပြည်သူတို့အား ဝန်ချတောင်းပန်ပါကြောင်းနှင့် နောင်တွင် မြကြာဖြူချည်ချောလုံချည် အမှတ်တံဆိပ်ကို အတိအလင်းတုပခြင်း၊ ဆင်တူယိုးမှားတုပခြင်း အပါအဝင် ဒေါ်ရင်ပို့(ခ)ဒေါ်ယဉ်ပို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေသည့် မည်သည့်ပြုမူဆောင်ရွက်ချက်ကိုမျှ မပြုလုပ်၊ မဆောင်ရွက်တော့ပါကြောင်း အလေးအနက် ဝန်ခံကတိပြု ဝန်ချတောင်းပန်အပ်ပါသည်။

**ဦးကျော်ဝင်း(ဘ)ဦးမာမက်ဟူဆောန်**
**(MDW-၂၄၉၀၈၀)**
**အမှတ်(၂၂)၊ ၂၃လမ်း၊ ၈၁×၈၂လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊**
**မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်/ကောလိပ်များ၏
## (၁၁)ကြိမ်မြောက် B.E/B.Arch/B.Tech ဘွဲ့အတွက်
## ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်/ကောလိပ်များ၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်/ကောလိပ်များ၏ ဘွဲ့နှင်းသဘင်ခန်းမများတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အကြိုလေ့ကျင့်ခြင်း - ၁၄-၂-၂၀၁၅ ရက် (စနေနေ့) နံနက် ၉း၀၀ နာရီ**
**ဘွဲ့နှင်းသဘင်ကျင်းပခြင်း - ၁၅-၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီ**

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲ အောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်-

စက်မှုနှင့် သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်/ကောလိပ်များတွင် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော B.E/B.Arch နှင့် B.Tech စာမေးပွဲအောင်မြင်ပြီးသူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-
(က) တက်ရောက်ဘွဲ့ - B.E/B.Arch/ B.Tech ဘွဲ့အတွက် -၁၅၀၀ိ/- (ကျပ်တစ်ထောင့်ငါးရာတိတိ)
(ခ) အဝေးရောက်ဘွဲ့ - B.E/B.Arch/ B.Tech ဘွဲ့အတွက် -၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ ×နှစ်လက်မ) အရွယ်ဓာတ်ပုံငါးပုံ(ဓာတ်ပုံ၏ အောက်တွင်မှတ်ပုံတင်နံပါတ်ထည့်သွင်းရိုက်ကူးခြင်းမပြုရန်) နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ၅-၁-၂၀၁၅ရက်နေ့မှစ၍ မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်/ကောလိပ်များရှိ ကျောင်းသားရေးရာဌာနများမှ ဝယ်ယူ၍ ပြည့်စုံစွာ ဖြည့်စွက်ပြီး ၁၆-၁-၂၀၁၅ရက် (သောကြာနေ့) နောက်ဆုံးထားပြီး လျှောက်ထားရမည်။

၆။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်း အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား) ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။ (အဆိုပါ အကြို လေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင် ကျင်းပခြင်းအခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည် မဟုတ်ပါ။)

၇။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင် တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန်ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည် မဟုတ်ပါ။

မှတ်ချက်။ ။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်/ကောလိပ်များ ရှိ ကျောင်းသားရေးရာဌာနများတွင်စုံစမ်းနိုင်ပါသည်။

**စက်မှုနှင့် သက်မွေးပညာဦးစီးဌာန**

---

## တိုက်ခန်းအမြန်ရောင်းမည်

ရွှေဘုံသာလမ်းမ၊ တိုက်သစ်၊ 28' x 60'၊ ၆ လွှာ၊ အကျိုးဆောင် မလိုပါ။

**သိန်း(၂၉၀၀)**

**Ph:0973090978, 09258117724**

---

## တိုက်ခန်းရောင်းမည်

- သယ်္ဃန်းကျွန်း၊ ငမိုးရိပ်(၃)၊ (၄)လမ်း၊ ပေ(၁၂. ၅×၅၀)၊ ကြွေပြား/ပါကေးခင်း၊ ပထမထပ်၊ သိန်း(၃၈၀) ညှိနှိုင်း၊
- သယ်္ဃန်းကျွန်း၊ မွန်တန်းလျားလမ်း ပေ(၁၃ × ၅၀)မြေညီထပ်

**(၂၇၅)သိန်း ညှိနှိုင်း**

**ဖုန်း-၀၉-၄၅၀၀၄၇၅၆၉**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
### B.Tech မှ B.E ပေါင်းကူးဝင်ခွင့်စာမေးပွဲ ကျင်းပမည့် အစီအစဉ်ကြော်ငြာခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော B.Tech သင်တန်းများ၏ အတန်းတင်စာမေးပွဲများတွင် အောင်မြင်ခဲ့ပြီး တစ်ဆင့်မြင့်သင်တန်းများသို့ ဆက်လက်တက်ရောက်ခွင့်မရခဲ့သော ကျောင်းသား၊ ကျောင်းသူအားလုံးအား ပေါင်းကူးဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။

၂။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုခွင့် လျှောက်လွှာများနှင့် မိမိတို့ဖြေဆိုရမည့် ဘာသာရပ်အလိုက် Scope များကို မိမိတို့ B.Tech သင်တန်းအောင်မြင်ခဲ့သည့် နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် ၁၂-၁-၂၀၁၅ရက်မှ စတင် ရယူနိုင်ပြီး လိုအပ်သည်များ ဖြည့်စွက်၍ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၂၉-၅-၂၀၁၅ရက် နောက်ဆုံးထားပြီး လျှောက်ထားရမည်ဖြစ်သည်-

(က) B.Tech ဘွဲ့လက်မှတ်မူရင်း (သို့မဟုတ်) အောင်မြင်ကြောင်းထောက်ခံစာ။
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကိုယ်တိုင်ဝန်ခံချက်နှင့် မိဘအုပ်ထိန်းသူများ၏ ဝန်ခံချက်။
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၄)ပုံ။

၃။ ပေါင်းကူးဝင်ခွင့်သတ်မှတ်ချက်များအတိုင်း လျှောက်လွှာတင်ထားသည့် စာမေးပွဲဖြေဆိုမည့်သူများသည် မိမိတို့လျှောက်လွှာတင်ထားသည့် နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံများတွင် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဖြေဆိုရမည်-

| စဉ် | ဖြေဆိုမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| ၁ | အင်္ဂလိပ်စာ | ၂၇-၆-၂၀၁၅ (စနေနေ့) | နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီထိ |
| ၂ | သက်ဆိုင်ရာဘာသာရပ် | ၂၈-၆-၂၀၁၅ (တနင်္ဂနွေနေ့) | နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီထိ |

၄။ အခြားသိလိုသည်များရှိပါက ကျောင်းသားရေးရာဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန(ရုံးချုပ်)နေပြည်တော် ဖုန်း-၀၆၇-၄၀၄၁၈၂နှင့် သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

---

## ကျန်းမာရေးဦးစီးဌာန
## တနင်္သာရီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန လက်အောက်ရှိ ခရိုင်/မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၈-၁၂-၂၀၁၄ ရက်
တင်ဒါပုံစံပိတ်ရက်နှင့်အချိန် - ၁၈-၁-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် ဆေးဝါးအချက်အလက်များကို သိရှိလိုပါက တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၃၅၈၃၊ ၀၅၉-၂၃၅၈၄ တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးဝါးတင်ဒါခေါ်ယူရေးကော်မတီ**

---

## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးသိပ္ပံပညာဦးစီးဌာန
## ဆေးတက္ကသိုလ်-မန္တလေး
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆေးတက္ကသိုလ်-မန္တလေးတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် eGovernment System အတွက် အသုံးပြုရန် လိုအပ်သော ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက် - ၁၉-၁၂-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၀-၁၂-၂၀၁၄ ရက် - ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ဆေးတက္ကသိုလ်-မန္တလေး၊ ဖုန်း-၀၂-၃၆၆၃၇ နှင့် ၀၂-၃၉၀၃၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဆေးတက္ကသိုလ်-မန္တလေး**

---

## တင်ဒါပိတ်ရက် ပြင်ဆင်သတ်မှတ်ခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးရှိ (က)ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရွှေလီလမ်းနှင့်ပုဏ္ဏမီလမ်းအကြား၊ (ခ)ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရွှေလီလမ်းနှင့် ကမ်းနားလမ်းအကြား၊ (ဂ)ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၂)ရပ်ကွက် Town Centre အပိုင်း(၃)နှင့် (ဃ) သယ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ တောင်ထိပ်ပန်းလမ်းအနီးတို့တွင် အကျိုးတူအိမ်ရာစီမံကိန်း ဆောင်ရွက်ရန်အတွက် ၂၉-၁၁-၂၀၁၄ ရက်စွဲပါ ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာများတွင် ကြော်ငြာထည့်သွင်းခဲ့သော အိတ်ဖွင့် တင်ဒါခေါ်ယူခြင်းနှင့်ပတ်သက်၍ တင်ဒါပိတ်ရက်အား ၁၆-၁-၂၀၁၅ ရက်သို့ ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

**အသေးစိတ်သိရှိလိုပါက စုံစမ်းရန်**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၅၂၇**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဂျပန်နိုင်ငံ၏ အကူအညီချေးငွေဖြစ်သော JICA ODA LOAN ဖြင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဖြစ်သည့် အောက်ဖော်ပြပါ လမ်းလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းအား တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

| စဉ် | လမ်းအမည် | လုပ်ငန်းအမျိုးအစား |
|---|---|---|
| ၁။ | သရက်-မင်းလှလမ်း(၁၃)မိုင်(မကွေးတိုင်းဒေသကြီး) | ကတ္တရာလမ်း |
| ၂။ | ဒိုက်ဦး-စစ်တောင်းလမ်း(၂၁မိုင် ၂ဖာလုံ)(ပဲခူးတိုင်းဒေသကြီး) | ကတ္တရာလမ်း |
| ၃။ | မုံရွာ-အရာတော်-ရွှေဘိုလမ်း(၇)မိုင်(စစ်ကိုင်းတိုင်းဒေသကြီး) | ကတ္တရာလမ်း |
| ၄။ | မန္တလေး-မိုးကုတ်လမ်း(ဖော့တော-မိုးကုတ်အပိုင်း)(၈)မိုင် (မန္တလေးတိုင်းဒေသကြီး) | ကတ္တရာလမ်း |
| ၅။ | ရန်ကုန်-ကျောက်ဖြူလမ်း(တောင်ကုတ်-ကျောက်ဖြူအပိုင်း) (၁၉မိုင် ၄ဖာလုံ+တံတား၆စင်း)(ရခိုင်ပြည်နယ်) | ကတ္တရာလမ်း |

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၂-၁၂-၂၀၁၄ရက်မှ ၂၉-၁၂-၂၀၁၄ ရက်
၃။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် - ၂၂-၁-၂၀၁၅ရက် မွန်းတည့် ၁၂း၀၀နာရီ
၄။ တင်ဒါဖွင့်မည့်ရက် - ၁၀-၂-၂၀၁၅ရက် မွန်းလွဲ ၁း၀၀နာရီ
၅။ တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ်ငါးသောင်းနှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**လမ်းဦးစီး၊ ရုံးအမှတ် ၁၁၊ နေပြည်တော်**
**ဖုန်း ၀၆၇-၄၀၇၄၆၈၊ ၄၀၇၅၇၈၊ ၄၀၇၆၀၃၊ ၄၀၇၅၈၃၊ ၄၀၇၃၈၀**

---

( ၁၄ -၁၂ -၂၀၁၄ )ကြေးမုံသတင်းစာပါ ဦးအောင်ကျော်စိုး၏တရားလွှတ်တော်ရှေ့နေ ဦးမောင်မောင်(ဘဏ်) နှင့် အထက်တန်းရှေ့နေ ဒေါ်ခင်နှင်းရည် B.A,RL တို့၏ ကြော်ငြာအား ကန့်ကွက်ပါကြောင်း/နှင့်

၂၀၁၄-ခုနှစ်၊ ဒီဇင်ဘာလ၊ (၁၄)ရက်၊ရက်စွဲဖြင့် ကြေးမုံသတင်းစာ၊ စာမျက်နှာ- ၆ တွင်ပါရှိသော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၂/J၊ လူနေရပ်ကွက်အမှတ် - S - ၁၈၊ မြေကွက်အမှတ် - V - ၁၁၃၊ အကျယ်အဝန်း(၂၅' x ၄၆'/၄၄'.၆")၊ ဧရိယာ (၀.၀၂၆)ဧကရှိ ဒေါ်လှမြိုင်(၁၂/မဂတ(နိုင်)၀၄၇၀၃၈) အမည်ပေါက်နှစ်(၉၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ ပိန္နဲကုန်းလမ်း၊ အမှတ်(၈)ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရောင်းအဝယ်ပြုလုပ်ခြင်းကို အဆိုပါမြေကွက်၏ အမည်ပေါက်ပိုင်ရှင်ဒေါ်လှမြိုင် (၁၂/မဂတ(နိုင်)၀၄၇၀၃၈)မှ လုံးဝကန့်ကွက်ပါကြောင်းကြေငြာအပ်ပါသည်။

အဆိုပါမြေကွက်၏ အမည်ပေါက်ပိုင်ရှင်ဒေါ်လှမြိုင်သည်''ကန်ထရိုက်တိုက်(၆-ထပ်R.CC)ဆောက်လုပ်ရန်လုပ်ငန်းအပ်နှံခြင်းကတိစာချုပ်ချုပ်ဆို၍ ကန်ထရိုက်တာ ဦးကျော်စိန်(ဘ) ဦးမောင်ကြီး၊ မှတ်ပုံတင်အမှတ် - AKB - ၂၁၅၆၅၀၊ ၁၂/ကတတ(နိုင်) ၀၀၃၈၇၁ ၊ လိုင်စင်အမှတ် - ၂၅၁ နှင့် ဒေါ်စန်းစန်းဦး(ဘ)ဦးစိန်၊ မှတ်ပုံတင်အမှတ် - EME - ၁၃၇၇၇၄၊ ကိုင်ဆောင်သူတို့အား အထက်ပါ မြေနှင့်နေအိမ်အဟောင်းတို့အား သော့ခတ်လက်ရောက်ပေးအပ်ခဲ့ပြီး၊ ဒေါ်လှမြိုင်အမည်ပေါက်နှစ်(၉၀)မြေငှားဂရန်စာချုပ်မူရင်းကိုလည်း ယင်းကိစ္စအဝဝဆောင်ရွက်ရာတွင် လွယ်ကူစေရန်အတွက်သာ အဆိုပါ ကန်ထရိုက်တာများထံသို့ လုပ်ငန်းသဘောအရ သက်သေများရှေ့မှောက်တွင် ပေးအပ်ထားခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေမှ အထက်ပါမြေကွက်အား ယနေ့တိုင် မည်သူ့ကိုမျှ အမှန်တကယ် ရောင်းချခဲ့ခြင်းမရှိခဲ့ပါ။

သို့ဖြစ်ပါ၍အဆိုပါမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်လှမြိုင် မှတပါး အခြားမည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်းမှအစ မည်သည့်အကြောင်းအရာမျှ ပြုလုပ်ပိုင်ခွင့်မရှိပါကြောင်းနှင့် ထိုကဲ့သို့ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

**မြေအမည်ပေါက်ပိုင်ရှင် ဒေါ်လှမြိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေများ | |
|---|---|---|
| ဦးသန်းညွန့်(စဉ်-၃၅၅၀) | ဒေါ်နန်းထက်ထက်ဖော် (စဉ်-၃၃၅၂၆) | ဒေါ်လိုင်ယဉ်မွန် (စဉ်-၄၀၆၄၈) |
| LL.B,C.P.T,C.J.T | LL.B,D.B.L,D.I.L | LL.B |

**Ph : 01 - 551197, 09 - 730 65656**

---

## တိုက်ခန်းရောင်းမည်

ရန်ကင်း၊ နေရာကောင်း၊ 1MB,2SB၊ ပြင်ဆင်ပြီး။

**ဖုန်း-၀၉-၅၀၄၄၉၂၆**

---

## ရောင်းမည်

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ ကမ်းနားလမ်း(လမ်းမပေါ်)၊ မြန်မာ့စီးပွားရေးဘဏ်အနီး ပေ(၁၀၀×၁၀၀) ပတ်လည် အဆောက်အအုံပါ ရောင်းမည်။

**Ph:09250642213, 09-976408665**

---

## ခွေးရောင်းမည်

**Rottweiller - ၂လ**
**Golden - ၂လ**
**Shih Tzu - ၃လ**

**Ph:09-420267148**

---

## ဂရန်မူရင်းအား ပယ်ဖျက်ပြီးကြောင်း အသိပေးကြေညာခြင်း

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀ဂျေ၊ မြေကွက်အမှတ်-၃၆၊ မြေကွက်တည်နေရာအမှတ်(၁၇/၁၉)၊ ဗိုလ်တထောင်လမ်းသွယ်(၃)၊ ၄-ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ဒေါက်တာဦးတင်နှင့် ဒေါက်တာမခင်ရီ အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် ဖခင် ဒေါက်တာဦးတင်နှင့် မိခင် ဒေါက်တာမခင်ရီ ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၂၆၇၄/၂၀၀၁(၁၂-၉-၂၀၀၁)ဖြင့် ပိုင်ဆိုင်သူ သမီးဖြစ်သူ ဒေါ်တင်မေလွင်(ခ)ဘာဘရာတင် [၁၂/ဗတထ(နိုင်)၀၁၃၀၀၂]မှ ဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ရာ ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်ပါ၍ မူလထုတ်ပေးထားသည့် ဒေါက်တာဦးတင်နှင့် ဒေါက်တာမခင်ရီ အမည်ပေါက် နှစ်(၉၀)မြေငှားစာချုပ် ဂရန်မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

